
www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

၈၉၅.၈၃
ဝိဇ္ဇာ
စတန်မင်းသမီး/ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၅၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - - ဦးအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် - - အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး - - အောင်မြင်စာပေ၊ ပထမအကြိမ် - ၂၀၁၄ ခုနှစ်၊
(ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)။






www.burmeseclassic.com

www.burmeseclassic.com







(၁)

**တိမ်**စိုင်တို့သည် ကောင်းကင်ပြာပြာကြီးပေါ်မှာ ရန်ကုန်ကားလမ်းမတွေပေါ်မှကားတွေလို အလုအယက် တိုးဝှေ့သွားလာနေကြသည်။

အနောက်ဘက် ဟိုးခပ်ဝေးဝေးမှ သက်တံ့ကြီး တစ်ခုကို လှမ်းမြင်နေရသည်။ သက်တံ့၏ ကွေးညွတ်မှုကြောင့် ကောင်းကင်ကြီးကိုပါ တိုင် ကွေးညွတ်နေသလို မြင်ရသည်။

အေးမြသော လေပြည်ကြောင့် လောကကြီး ငြိမ်းချမ်းသွားသ



www.burmeseclassic.com

www.burmeseclassic.com



လို ခံစားနေရ၏။ ကမ္ဘာကြီးလုံးနေ၍ ကမ္ဘာမြေသည် လုံးဝန်းသောပုံ သဏ္ဍာန်ရှိနေ၏။

သို့ဆိုလျှင် မောင်ချမ်းသာဟူသော အမည်ကြောင့် မောင်ချမ်းသာ ဘာကြောင့်မချမ်းသာရတာလဲ။ အဖေနာမည်က ဦးရွှေတိုး အမေနာမည်က ဒေါ်ငွေကြွယ် သားဖြစ်သူက မောင်ချမ်းသာ။ နေသည့်လမ်းနာမည်က သုခချမ်းသာ။

ဦးရွှေတိုးက ရပ်ကွက်ထဲမှာ ဆိုက္ကားနင်းသည်။








ဒေါ်ငွေကြွယ်က အိမ်မှာပင်မင်းလုပ်ငန်းလေး လုပ်ကိုင်နေသည်။ မောင်ချမ်းသာက စားသောက်ဆိုင်တစ်ခုမှာ အချိန်ပိုင်း ဝိတ်တာလုပ်ရင်း တစ်ခါတစ်ရံ အဖေ့ဆိုက္ကားယူပြီး ညဘက်နင်းသည်။

မြန်မာနိုင်ငံက မြန်မာစာဘွဲ့လေး ရထားပေမယ့် ထိုဘွဲ့လက်မှတ်လေး တစ်စောင်က ခုလို တိုးတက်နေသော IT ခေတ်ကြီးမှာ လူရာမဝင်လောက်အောင်ပင် ချောင်ကောင်းကောင်းမှာ ထိုင်ငိုချင်စရာ။

ချမ်းသာအတွက် ဒီဘွဲ့လေးတစ်ခုဟာ ဘာမှသိပ်ပြီး အသုံးမတည့်လောက်အောင် အားငယ်စရာကောင်းနေသလောက် ဦးရွှေတိုးနှင့် ဒေါ်ငွေကြွယ်မှာတော့ သူတို့သားလူချော ဘွဲ့ရပညာတတ်လေးဆိုပြီး ရပ်ကွက်ထဲမှာ မော့တော့မော့တော့. . ။

စကားပြောရင်း ITခေတ်အကြောင်းမပါမပြီး ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်းကို ငါးပိရည်နှင့်တို့စရာ တွဲစားသလိုကို မြိန်ရေရှက်ရေနှင့် ပြောကြသည်။

သိလို့လားဆိုတော့ သူတို့အသိဉာဏ်နှင့်သူတို့ သိတာမဟုတ်စာတွေဖတ်သင့်သလောက်ဖတ်ထားသော ချမ်းသာ ပြောပြထားခြင်းကြောင့်ဖြစ်သည်။

ယုတ်ဆွအဆုံး အိမ်မှာလင်းနေသည့်မီးက ဘယ်လိုပေါ်ပေါက်လာသလဲ မေးလျှင်တောင် 'အီးပီစီရုံးကလူတွေ လွှတ်ပေးလို့ ပေါ်လာတာပေါ့ ငနွားရဲ'ဟု ချမ်းသာကို လူတတ်ကြီးဟန်နှင့် ခပ်ငေါက်ငေါက်ပြောသောအဖေ့ကို ချမ်းသာ အရမ်းသနားသည်. . အားလဲအားနာရသည်။

သနားသည်ဆိုတာက လျှပ်စစ်မီးကို စတင်တီထွင်ပေးသည့် သိပ္ပံပညာရှင် သောမတ်အက်ဒီဆင် ဆိုတာကို အဖေမသိလို့ သနားတာဖြစ်ပြီး၊ အားနာတာက သူတို့ကိုယ်တိုင် ပညာတတ်မဟုတ်ပဲ ပညာ



www.burmeseclassic.com

www.burmeseclassic.com





တန်ဖိုးကိုသိပြီး. . ချမ်းသာဆိုသော နာမည်ကိုပေးပြီး ပညာတတ်တစ်ယောက်ဖြစ်အောင် ရုန်းကန်ကြိုးစားပြီး ပညာသင်ပေးခဲ့သောကြောင့် အားနာတာဖြစ်သည်။

ဒီတော့ ချမ်းသာ ကျေးဇူးဆပ်ချင်သည်။ ထိုသို့ ကျေးဇူးဆပ်ဖို့ ငွေရှိမှဖြစ်မည်။ ချမ်းသာဟူသော အမည်နှင့် လူက ဆင်းရဲနေတာကတော့ ဘယ်လိုမှသဘာဝမကျဟု ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်မိသည်။

ချမ်းသာတို့လမ်းထိပ်မှာနေသော ချမ်းသာသူငယ်ချင်းဆိုလျှင်





သူ့နာမည်က 'ကံနက်' ဖြစ်သည်။ ထို့သို့နာမည်မျိုး တစ်ရာမှာ တစ်ယောက်တောင် မမှည့်ဘူးတဲ့ နာမည်ဖြစ်ပေမယ့် သူသည် နာမည်နှင့်ဆန့်ကျင်စွာ ကံကောင်းပြီး ချမ်းသာသောဘဝကို ပိုင်ဆိုင်သူဖြစ်သည်။

ကံနက်အဖေနာမည်က ဦးခွေးညို အမေနာမည်က ဒေါ်သေးမျှင်(တွတ်ပီမိန်းမ သေးမျှင်ကို ပြောတာမဟုတ်. . ) လုပ်တဲ့အလုပ်ဟာ ဦးခွေးညိုက ကားဝယ်ရောင်းလုပ်ပြီး တစ်ဘက်က ကားဝပ်ရှော့ထောင်ထားသည်။ ဒေါ်သေးမျှင်က (၁၀)ဈေးထဲမှာ ကြက်ရောင်းသည်။

ကြက်သားရောင်းတာ ပါချီပါချက်မဟုတ် နာမည်ကြီးဒံပေါက်ဆိုင်တွေကို နေ့စဉ်အချိန်သုံးလေးငါးရာ သွင်းနေသည့် ကြက်ဒိုင် အကြီးစားမျိုး။

ကံနက်ကတော့ ဆယ်တန်းကို ခုနစ်ခါတိတိကျပြီး ရှက်လို့ထပ်မဖြေတော့သူ၊ ကားတစ်စီးနှင့် လတ်လျားလတ်လျား လျှောက်သွားကာ ကောင်မလေးတွေကို သူ့ရုပ်မည်းမည်းကြီးကိုမှအားမနာ လိုက်ကြိုင်နေသူ ဖြစ်သည်။

သို့သော်. . မင်းကုသကတောင် စီနီယာခေါ် ရမည့် ကံနက်ကို ငွေကြောင့် ကောင်မလေးတွေ မျက်နှာသာပေးကြသည်။

ကဲ. . ကြည့်. . သူတို့ဘာလို့ သူတို့နာမည်တွေနဲ့ ဆန့်ကျင်ခြားနားတဲ့ ဘဝအကျိုးပေးတွေနဲ့ လောကကြီးမှာ တင့်တင့်တယ်တယ်ရှင်သန်နေကြရသလဲ။

'လောကကြီးက ဘာအဓိပ္ပာယ်လဲဗျာ. . 'ဟု ချမ်းသာ ခပ်ငေါက်ငေါက်မေးလိုက်ချင်ပါသည်။ လူတွေကို 'ကလူ၏သို့မြူ၏သို့' လုပ်နေတာလား၊ 'ပညတ်သွားရာ ဓါတ်သက်ပါ'ဆိုတဲ့ စကားပုံကရော ချမ်းသာ့ရဲ့လောကထဲမှာ ဝင်မပါပဲ ဘယ်ချောင်မှာ တခါခါနဲ့ အိပ်နေကြသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကံနက် ချမ်းသာတာ လူတွေ အံ့ဩစရာ ကောင်းချင်မှကောင်း နေလိမ့်မည်။ ချမ်းသာ ကုန်းကောက်စရာ မရှိတာကိုတော့ လူတွေ မျက်နှာမဲ့ပြီး 'ဟယ်. . နာမည်နဲ့လူနဲ့ တခြားစီနော်'ဆိုတဲ့ ဝေဖန်မှုတွေ ကိုသာ ချမ်းသာဘဝမှာ အထပ်ထပ် ပုံထားခဲ့မယ်ဆိုရင် ခုလောက်ဆို တိမ်တွေနဲ့တောင် ဘော်ဒါဖြစ်နေလောက်ပြီ။

ဒီတော့ ချမ်းသာ ခပ်ရွှတ်ရွှတ်ပဲ တွေးတော့မည်။ လောကကြီး က ကံ,ကံ၏ အကျိုးပေးဆိုတဲ့ လောကနိယာမကြီးကို ခေါင်းစဉ်တပ် ပြီး လူတွေကို ကျားကွက်ရွှေ့နေသလို လိုက်ရွှေ့နေမှတော့ ချမ်းသာ ဘက်ကလည်း တစ်နည်းပဲ ရှိတော့သည်။

ချမ်းသာ နာမည်ပြောင်းတော့မည်။

မောင်ကံနက်တောင် နာမည်ကသာကံနက် သူ့ကံကြမ္မာက ဖြူနေလျှင် ချမ်းသာကရော ချမ်းသာဆိုတဲ့ နာမည်ကို အပြောင်းအလဲ လုပ်ပြီး မောင်ကံနက်လို ဘဝမျိုး နည်းတူနေရအောင် မကြိုးစားသင့် ဘူးလား။

ဘဝမှာ ရိုးရိုးသားသား နေထိုင်နေပါလျက်နှင့် သုခမျိုးစုံနှင့် ကင်းဝေးနေတာကတော့ သိပ်ပြီး သဘာဝမကျတော့ဘူးဟု လောက ကြီးကို စောဒကတက် ပစ်ချင်နေတာပါ။

ဒါကြောင့်. . . ချမ်းသာဆိုတဲ့နာမည်နဲ့ ဆန့်ကျင်ဘက်ကက် ကင်း ရိုက်လိုက်လျှင် ချမ်းသာဘဝ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေ မလား။

ကဲ. . . ချမ်းသာ ကြိုးစားကြည့်တာပေါ့။







## (၂)

“ချမ်းသာ. . ချမ်းသာရေ. . ”

ခနော်ခနဲ့ တဲအိမ်လေးပေါ် တက်လာရင်း. . ခေါ်လိုက်သော အမေ့ခေါ်သံကြောင့် ထမင်းပွဲပြင်နေသော ချမ်းသာ တိုးလိုးတန်းလန်း နှင့် အိမ်ပေါက်ဝကို ငုံ့ကြည့်၏။

“ဒီကောင်လေး ဘာလုပ်နေတာလဲ”

“ရှိတယ် အမေ. . ထမင်းပွဲပြင်နေတယ်”

“အမလေး လိမ္မာလိုက်တဲ့ ငါ့သားလေး ရှေ့လျှောက် ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

ချမ်းသာဦးမယ်ဆို၍ နောက်တစ်ကြိမ် ထပ်တွန့်သွားသည်။

"တော်ပါ အမေရယ် နာမည်ပဲချမ်းသာပြီး လူက မချမ်းသာတဲ့ ငမွဲဘဝမှာ နောက်ထပ် ချမ်းသာဆိုတဲ့ နာမည်ကို ထပ်မသုံးပါနဲ့တော့ ရင်နာလွန်းလို့"

အမေက ဘဝကိုကြံ့ကြံ့ခံနိုင်သော အပြုံးဖြင့်ပြုံးပြီး နှစ်သိမ့်၏။

"ကလင်. . . ကလင်. . . ကလင်. . ."

"ဟော. . မင်းအဖေတောင် ပြန်လာပြီ"

အမေ့ စကားဆုံးသည်နှင့် အဖေအိမ်ပေါ်တက်လာတာ ကွက်တိပင်. . .။

"ဒီသားအမိ ထမင်းစားနေကြပြီလား"

"မစားသေးပါဘူး. . တော် ထမင်းပြန်စားမယ်ဆိုလို့ စောင့်နေတာ"

"အေး. . ဒါဆို စားမယ်ကွာ ဗိုက်ဆာနေပြီ၊ နေကလည်း ပြင်းပါ့ လူတစ်ကိုယ်လုံး ကြွပ်ရွမတတ်ပဲ"

ဦးရွှေတိုး ခပ်ညည်းညည်းပြောရင်း အသင့်ပြင်ထားသော ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်သည် ဒေါ်ငွေကြွယ် ဦးရွှေတိုးရှေ့ကို ထမင်းပန်းကန် ချပေးလိုက်သည် ။

ဦးရွှေတိုး တို့စရာပန်းကန်ထဲမှ သခွားသီးစိတ်ကို အရင်ဆုံး နှိုက်ယူကာ ငါးပိပန်းကန်ထဲ နှစ်ပြီး ဂွမ်းခနဲနေအောင် အားရပါးရ ကိုက်ဝါးလိုက်သည်။

အဖေ့ပုံစံက နေပူထဲမှလာရ၍ နွမ်းနေပုံပေါက်နေသော်လည်း မိသားစုစုံစုံလင်လင် ထမင်းစားရ၍. . မျက်နှာမှာ ကြည်နေသည့်ပုံ အနည်းငယ်ပေါက်နေတာတော့ သိသာသည်။





ဘာပဲဖြစ်ဖြစ် အဖေ့ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်မိသွားသည်။ ပင်မင်းလာအပ်သော အဝတ်တွေကို မနားတမ်းလျှော်ဖွပ် မီးပူတိုက်နေရသော အမေ့ကိုလည်း သနားသည်။

အမေ့လက်တွေသည် အလုပ်လုပ်ရလွန်း၍ လက်ပန်းကုံးလေးတွေပင်တုံးကာ ပဲကြီးရေ အမြဲတွန့်နေတတ်သည်။

အဖေနှင့်အမေတို့၏ ရုန်းကန်နေရသော ရပ်တည်မှုတွေကို ကြည့်ပြီး ချမ်းသာ နည်းနည်းလေးမှ ရင်ထဲမှာမကောင်း။ ဆင်းရဲတွင်း ကလွတ်ပြီး ချမ်းသာခြင်းတွေဆီသို့ ဆွဲခေါ်လိုသည်။

လောက၏ အခွင့်အရေးကောင်း တွေအားလုံး မိဘတွေကို ပိုင်ဆိုင်ခံစား စေချင်သည်။ ကိုယ့်ကိုယ်တိုင်ကလည်း ဒီဆင်းရဲတွင်းမှာ ချောင်ပိတ်မိနေ၍ အသက်ပင် ဘယ်ကထွက်မလဲပဲ စောင့်ကြည့်နေရ၏။

"အဖေ"

အတွေးနှင့်အတူ အဖေ့ကို ခေါ်မိလျက်သား ဖြစ်သွားသည်။

အဖေသည် ပါးစပ်ထဲ ထမင်းလုတ်ထည့် ပလုတ်ပလောင်းဝါး ပြီး တို့စရာပန်းကန်ထဲမှ ခရမ်းကြွပ်သီး တစ်လုံးကိုယူ၍ ဂွတ်ခနဲ ကိုက်ပြီး ချမ်းသာကို ငဲ့ကြည့်သည်။

"ဘာတုန်းကွ"

ပလုတ်ပလောင်း ဝါးနေသော အသံဖြင့် ပြန်ထူးသည်။

"ကျွန်တော် နာမည် ပြောင်းချင်တယ်"

မဆီမဆိုင် စကားကြောင့် အဖေ မျက်လုံးပြူးကာ ကြည့်သည်။ အမေက ထမင်းအုပ်ပန်းကန်ကို စားပွဲပေါ် လှမ်းချရင်း ဘာအရူးထ တာလဲ ဟူသောအကြည့်ဖြင့် ခပ်ငေါ့ငေါ့ လှမ်းကြည့်သည်။

"တကယ်ပြောတာ. . သားနာမည် ပြောင်းချင်တယ်"

အတည်ပေါက်နှင့်ပြောလိုက်သဖြင့် အဖေ မေးဆတ်ပြကာ. .



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာနာမည် ပြောင်းချင်လို့လဲ"

"နာမည်ကတော့ ချမ်းသာ. . လူကတော့ ဝတ်စရာ ပုဆိုးသုံးထည်တောင် မရှိချင်လောက်အောင် ဆင်းရဲနေလို့"

"ဟေ မင်းစကားက ထူးဆန်းသလိုလိုတော့ရှိတယ်၊ ပြောပါဦး ဘယ်လိုနာမည်မျိုး ပြောင်းမလဲ ဗေဒင်ဆရာက ပြောင်းခိုင်းလို့လား"

"ဟာ. . မဟုတ်ပါဘူး၊ သား ဘယ်ဗေဒင်မှ မမေးဘူး ဒီနာမည်နဲ့ဆန့်ကျင့်တဲ့ ဘဝမျိုးကြီးနဲ့ ရှင်သန်နေရတဲ့ ကိုယ့်ဘဝကို ကိုယ်လုံးဝ မကျေနပ်ဘူး"

အဖေရော အမေရော ငြိမ်သွားသည်။ ဒါဟာ ချမ်းသာစကားကို လက်ခံသည့်သဘောမို့ ပြောလက်စ,စကားကို ဆက်ပြောလိုက်သည်။

"သားသူငယ်ချင်း ကံနက်ကျတော့လည်း နာမည်က ကံနက် ဒါပေမယ့် သူ့ကံက ပိန်းပိတ်အောင် မှောင်မနေဘူး ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနဲ့ ရှင်သန်ခွင့်ရတယ်"

ချမ်းသာ ဘာကိုဆိုလိုတာလဲဆိုတာ သဘောပေါက်သွားပုံဖြင့် အဖေ ခေါင်းတစ်ချက်ဆတ်ပြီး လက်ထဲမှထမင်းလုတ်ကို ဆက်စားလိုက်သည်။ ထမင်းဝါးနေရင်းမှ. . .

"လောကမှာ ကံ,ကံ၏ အကျိုးပေးကြောင့် အကြောင်းအကျိုးဆိုတာဖြစ်တယ်၊ အကြောင်းကြောင့် အကျိုးဖြစ်သလို အကျိုးကြောင့် အကြောင်းတွေ ဖြစ်ရတယ်၊ ဒါဟာ သံသရာပဲ ကြားဖူးတယ် မဟုတ်လား"

အမေကတော့ ထမင်းစားရင်း သားအဖနှစ်ယောက် စကားဝိုင်းကို ဘေးမှ နားထောင်ရုံသက်သက်. . .

"အင်း ကြားဖူးပါတယ် အဖေ"





"အေး ဒါပဲကွ၊ မင်းတို့ ငါတို့ ဒီဘဝမှာ သွေးသားတော်စပ်ပြီး ဆင်းရဲတွင်းထဲမှာ လာဆုံရတယ်ဆိုတာ အတိတ်ကချခဲ့တဲ့ ဒါနမျိုးစေ့ နည်းပုံခြင်း ညီမျှခဲ့ကြလို့ပဲ၊ ဒါကြောင့်. . ဒီဘဝမှာ ဆင်းရဲခြင်းတွေနဲ့ နှုတ်သိပ်နေကြရတာပေါ့၊ ကံချမ်းသာတယ်ဆိုတာက အတိတ်က ဒါနမျိုးစေ့ချခဲ့လို့ ဒီဘဝမှာ ကံတွေကောင်းပြီး အရာအားလုံး မဟုတ်တာတောင် တော်တော်များများတော့ ပြည့်ပြည့်စုံစုံ နေကြရတယ်၊

မောင်ကံနက်က မင်းနာမည်နဲ့ ဆန့်ကျင်ဘက်ဖြစ်ပေမယ့် သူ ချမ်းသာတယ်၊ ဒါဟာ. . သူ့အရင်ဘဝက တည်ဆောက်ခဲ့တဲ့ ကံကြောင့်ပေါ့"

အဖေပြောတာ သဘာဝကျပေမယ့် ချမ်းသာအဖို့တော့ ဆင်းရဲဘာတို့ ကံအကြောင်းတရားကြောင့်ဟု လွှဲမချချင်။

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် နာမည်ပြောင်းကို ပြောင်းရမယ်"

"ဒါဆို ဘာနာမည် ပြောင်းမှာလဲ"

"မောင်ဆင်းရဲလို့"

"ဘာ. . ဘယ်လို"

ဒီတစ်ခါ ထမေးတဲ့သူက အမေပင်ဖြစ်သည်။

"သွားပြီ. . တော့်သားရူးသွားပြီ၊ ရူးတာမှ ပိုးစိုးပက်စက်ကို ရူးသွားတာ"

အမေ့ရဲ့ ပစ်ပစ်နှစ်နှစ် ဝေဖန်ချက်ကြောင့် ချမ်းသာ စိတ်ပျက်ဟန်ဖြင့် ကျွတ်ခနဲ စုတ်သတ်လိုက်သည်။

ထမင်းဝိုင်းသည် တစ်ခဏတော့ တိတ်ဆိတ်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com





(၃)

"ဟဲ့. . ချမ်းသာ၊ ဒါဘယ်တုန်း ငါ့အိမ်ရှေ့က ဖြတ်သွားတာများ ဝင်ဖော်တောင်မရဘူး"

ကျောင်းနေဖက် သူငယ်ချင်း ဖြစ်ခဲ့သည့် ဒိုးမောင်မောင် ယခု အခြောက် ဂျော်တကီး ဒိုးဒိုး။ ရပ်ကွက်ထဲကသိကြသော နတ်ကတော် ဒိုးဒိုး သူ့ခြံထဲမှ ကန့်ကလန့် ထွက်လာသည်။

"ဪ. . ကံနက်အိမ် ခဏသွားမလို့"

"ဟယ်. . နောက်မှသွား၊ ခုအိမ်ပေါ်တက်ဦး စကားလေးဘာ





လေး ပြောရအောင်"

"နောက်မှပဲပြောမယ်ဟာ"

"ဟော့အေး မရဘူး၊ ခုဆိုခုပဲ. . လာ ဟိုရက်ကတောင် နင့်ကို ငါသတိတွေရနေတာ အိပ်မက်တွေဘာတွေတောင် မက်လို့. . ခစ်ခစ်"

"နင်က ငါ့ကို ဘာအိပ်မက်တွေ မက်လို့လဲ"

"ပြောပြဘူး. . သတ်ရင်သတ်ပလိုက်"

အရေးထဲ ညုနေသော ဒိုးဒိုးကို ရှုံ့မဲ့စွာကြည့်ပြီး. . ချမ်းသာ ဆက်မမေးတော့ သူဆွဲခေါ်ရာ ယက်ကန်ယက်ကန် ပါလာရသည်။

နတ်ရုပ်တွေ အများကြီးရှိနေသောအခန်းထဲ ဝင်လိုက်သည်နှင့် အမွှေးတိုင်နံ့တွေ ပန်းနံ့တွေက လှိုင်ခနဲ ချမ်းသာနှာခေါင်းထဲ တိုးဝင်လာသည်။

ဂါတ်ခန်းထဲတွင် (၃၇)မင်း နတ်ရုပ်တွေတင်မဟုတ် ဒိုးဒိုးလို နတ်ကတော်ဟု ယူဆရသော အခြောက်မတွေ. . သုံးလေးငါးယောက် ရှိနေကြသည်။ ချမ်းသာ ခြေလှမ်းတွေ တွန့်သွားသည်။

"ဟဲ့. . ဧည့်သည်တွေနဲ့ပါလား"

"အို. . အဲဒါ ငါ့ဘော်ဘော် ပါတနာတွေ၊ ဘာမှ ရှော့မရှိဘူးဟာ. . ."

"ဟယ်. . ဆော်ကြည်ရုပ်လေးပါလား ဒိုး. . ၊ နင်က လျှိုထားတယ်ပေါ့လေ၊ မရပါဘူးနော် နင်တစ်ယောက်ထဲ မိတ်လိုက်. . အဲ. . မိတ်ကြိုက်လို့ ရမလား၊ ငါတို့နဲ့ မိတ်မိတ်လုပ်ပေးဦး"

ချမ်းသာကို မြင်သည်နှင့် အခြောက်မတွေ ရှုပိုးထလာကြကာ ပေါက်ကရစကားတွေနှင့် ငမ်းကြောထတော့၏။

သူတို့၏လက်တွေက ချမ်းသာကို ဟိုတို့ဒီထိနှင့် ချမ်းသာခမျာ ဒီအခြောက်မတွေကြောင့် ယားကျလိ,ယားကျလိနှင့်တောင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

“ဟယ် သူတွန့်သွားပြီ”

“ဟဲ့. . ရှင်တို့ကလည်း တော်ပါတော့၊ ကျုပ်သူငယ်ချင်း ထလာဦးမယ်. . ဒေါသတွေ. . ဒေါသတွေ”

“ဒါဆိုရင်. . အဲဒီဒေါသတွေ ပျော့ပြီး ပြန်ဝင်သွားအောင် လုပ်ပေးမယ်၊ ဂျူးဂျူးနော်. . ခေသူ မဟုတ်ဘူး၊ အနှိပ်မှာတော့ ဆရာကျသလားမမေးနဲ့ ခန္ဓာကိုယ်ပေါ်က အကြောတွေအားလုံး အလန်းလွန်ပြီး. . ထကသွားကြမယ်. . ခစ်. . ခစ်. . ခစ်. . ”

“ငဒိုး နင့်ကောင်မတွေ ပြောဦး. . ဇောင်းထနေကြပြီဟ”

ဒိုးဒိုးကို ကပ်ပြောလိုက်သော ချမ်းသာ စကားကြောင့် ဒိုးဒိုး၏ မိတ်ကပ်တွေ ပြာဟောက်နေသောမျက်နှာမှာ မဲ့လိုက်ပြီး. . .

“အဲ ကောင်မတွေက လင်ငမ်းမတွေလေ၊ ဒါနဲ့ နင် အခုဘာလုပ်နေလဲ အရင်လို ဝိတ်တာပဲလား”

ဒိုးဒိုး အမေးကို စိတ်မသက်သာဟန်နှင့် ခေါင်းညိတ်ပြလိုက်သည်။ ဘွဲ့ရတစ်ယောက်၏ သိမ်ငယ်စရာအလုပ်မို့ ဘယ်သူက ခေါင်းမော့ရင်ကော့ပြီး ဖြေချင်မှာတဲ့လဲ။

“ဟယ်. . ဘွဲ့ရပြီး အဲလိုအလုပ် လုပ်ရလား၊ တခြားအလုပ်ပြောင်းပါလားဟယ် ဒါမှမဟုတ် တို့ဆိုင်မှာ မန်နေဂျာ လာလုပ်ပါလားလစာကောင်းကောင်း ပေးမယ်၊

ဒါမှမဟုတ် ကံဇာတာတွေ မြင့်လာအောင် တို့ကြည့်ပေးရမလား. . တချို့ တော်တော်လေး ဆင်းရဲပြီး ရိုးရာပျောက်နေတဲ့ သူတွေကို မယ်တော်တွေ အစ်ကိုတော်တွေကို ပင့်လျှောက်ပေးလိုက်တာ သူတို့ကျေးဇူးကြောင့်. . အခု ထောင်ကုန်ကြပြီလေ. . အဟင်း. . ဟင်း”

“ဘာထောင်တာလဲ”





အခြောက်မတွေနှင့် စကားပြောရတာ အတော်လေးကို လက်ပေါက်ကပ်လွန်းသည်။

“ဩော်. . စီးပွားတွေ တစ်ရှိန်ထိုး ထောင်တက်သွားတာကို ပြောတာပါလို့”

ဒါဟာ မရေရာသော ဖြတ်လမ်းနည်းဟု ဆိုနိုင်သော အယူလွဲ[illegible]တွေ ဖြစ်ပေမယ့်. . ချမ်းသာအဖို့ အခြောက်မစကားကို နားယောင်[illegible]သလိုလို ဖြစ်သွားသည်။

“ခင်ဗျာတို့နတ်တွေက ဆင်းရဲတွင်းကလွတ်အောင် လုပ်ပေး[illegible]င်လို့လား ”

ဒီတစ်ခါ ဝင်ထောက်ခံသူက ဒိုးဒိုး. . .

“ဒါပေါ့ ချမ်းသာရဲ့၊ ငါတို့ရဲ့နတ်တွေက သူတို့ကိုသာ ယုံယုံ[illegible]ကြည်ကြည်နဲ့ဦးတိုက် အဲဒီသူကို လာဘ်လာဘတွေ ဝင်လာမစဲ တသဲသဲ[illegible]အောင်ကို လုပ်ပေးတာ၊ မယုံမရှိနဲ့. . ဒေါ်သေးမှုင်ကြီးကိုပဲ ကြည့်[illegible]ကြက်သားဒိုင်ကကြက်တွေ ဘယ်လောက် ရောင်းကောင်းလိုက်သ[illegible]”

“ဟမ်. . အဲလိုရောင်းကောင်းပြီး သူဌေးဖြစ်အောင် နင်လုပ်[illegible]နေတာလား”

“ဒါပေါ့. . သူတို့က အမိဘက်ဆိုင်တဲ့ ရိုးရာတွေရော အဖ[illegible]ဆိုင်တဲ့ ရိုးရာတွေကိုရော အမြဲမပြတ် ပသနေတဲ့သူတွေ ဆိုတော့[illegible] နတ်တွေက သူတို့ကို ရင်ဝယ်သားလို စောင့်ရှောက်တာပေါ့။ [illegible]တို့လုပ်ငန်းတွေ အောင်မြင်နေတာ နတ်တွေမစလို့”

ဒိုးဒိုး၏ စကားတွေကြောင့်. . ချမ်းသာ ခပ်တွေတွေ စဉ်းစား[illegible]ပြီး အကြံတစ်ခု လျှပ်ခနဲ ဝင်လာသည်။ ဟုတ်သော်ရှိ မဟုတ်သော်[illegible]ခေါ်တော့စမ်းကြည့်ရမှာပင်. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ငါ့ကို ဒီထက်ကောင်းတဲ့ အလုပ်အကိုင်ရပြီး အဆင်ပြေပြေနေနိုင်အောင် နင်တို့နတ်တွေ ကူညီနိုင်မလား၊ အဲ. . ဒီတစ်လအတွင်းပေါ့၊ ထူးခြားမှုရှိရင် ထိုက်ထိုက်တန်တန် ပူဇော်ပသမယ်"

မဖြစ်နိုင်သည့် တောင်းဆိုမှုကို ဒိုးဒိုးဆီမှာ တောင်းလိုက်သည်၊ ဒိုးဒိုး မခက်ခဲသောပုံစံဖြင့် သူ့ပါးစပ်ပြဲကြီးဖြင့် ဖြဲခနဲ ရယ်လိုက်ပြီး. .

"စိန်လိုက်လေ. . နင် စီးပွားရေးတင်မကဘူး စုတ်ရောလာဘ်ရော ပွင့်ထွက်သွားအောင် မယ်တော်တွေကို ငါ တိုင်တည်ပေးမယ် နင့်သာ ငါခိုင်းတဲ့အတိုင်းလိုက်လုပ်"

"ဒါပဲနော် အဆင်ပြေရင် များတို့ကို မေ့မသွားရဘူး"

ကျန်တဲ့အခြောက်မတွေကပါ အပေးအယူ လုပ်လာ၍ ချမ်းသာ ကတိကို လွှယ်လွှယ်ပေးလိုက်သည်။







(၄)

"ဟမ်. . . အဖေရော အမေရော ရိပ်သာဝင်ကြမလို့. . တ်လား"

"ဟုတ်တယ် ချမ်းသာ၊ အဖေဆို အသက်ငါးဆယ့်ငါးနှစ်ရှိပြီ ချိန်ထိ ရိပ်သာသွားဖို့ ဆန္ဒရှိပေမယ့် အခြေအနေ မပေးသေးလို့ မသွားခဲ့ရဘူး၊ ခုတောင် မနှစ်ထဲက ကြံပြီးစာရင်းပေးခဲ့ရတာ"

"ဟုတ်တယ် သားရယ် အမေတို့အတွက် အချိန်တွေက အများ

www.burmeseclassic.com



ကြီး မကျန်တော့ဘူး မှတ်လား၊ ဘဝကူးကောင်းအောင် လုပ်သင့်လုပ်ထိုက်တာလေးတွေ လုပ်ထားမှ၊ ဘာမှမသိဘဲ သေသွားခဲ့ရင်. . နောင်ဘဝ ဒီထက်ဆင်းရဲတွင်း ပိုနက်သွားလိမ့်မယ်"

တရားအားထုတ်ဖို့ စိတ်အားထက်သန်နေကြသော အဖေနှင့်အမေကို ကြည့်ပြီး ချမ်းသာ အူကြောင်ကြောင် ဖြစ်နေတာတော့ အမှန်ပင် စိတ်ထဲမှာလည်း အထင်ကြီးသလိုလိုတောင် ဖြစ်သွားမိသည်။

"အင်းလေ တရားရှာဖို့ သွားတာဆိုတော့လည်း. . သား တားမနေတော့ပါဘူး၊ ဟိုလေ ဆိုက္ကားကို ဘယ်လိုလုပ်မလဲ၊ အမေကရောပင်မင်းအလုပ် လာအပ်တဲ့ အပ်ထည်ကိစ္စတွေ ရှင်းသွားလား"

"အေး. . အားလုံးရှင်းသွားတယ် အမေ ရိပ်သာဝင်နေတဲ့အခိုက် လာအပ်ရင်လည်း နိုင်တဲ့ဝန်ဆိုရင် သားလုပ်ပေးလိုက်၊ မနိုင်ရင်တော့ လက်မခံနဲ့ပေါ့၊ ဆိုက္ကားကို သောင်းကျော်ကို နေ့နင်းဖို့ ပြောထားပြီးသွားပြီ. . ညဘက်ကို မင်းနင်းလိုက်"

"ဒါဆို ကျွန်တော်က စားသောက်ဆိုင်ကို သွားမလုပ်ရဘူးလား"

"နေ့ဘက်ပဲ သွားလုပ်ပေါ့၊ ဒါမှမဟုတ် တစ်လခွင့်ယူရင်လည်း ယူထားပေါ့"

"ဆိုက္ကားကို ပြန်အပ်ခဲ့တာ မဟုတ်ဘူး အဖေရာ"

"ဟ ဖော့ကောင်ရ၊ ပြန်အပ်ရင် အုံနာက တခြားတစ်ယောက်ကို ပေးနင်းမှာပေါ့၊ ငါတရားစခန်းက ပြန်လာရင် ဘယ်ဆိုက္ကား သွားနင်းမလဲ၊ ဘယ်အုံနာမှ ဆိုက္ကားကို ငါပြန်လာတဲ့အထိစောင့်ပြီး ဘယ်သူမှ ပေးမနင်းပဲ နေမှာမဟုတ်ဘူး"

"ဒါလည်း ဟုတ်တာပဲ"

"အေး အဲလိုသိရင် မိဘတရားသွားအားထုတ်မယ့် လမ်းခရီး





မှာ ဖြောင့်ဖြောင့်သွားရဖို့ မင်းလိမ်လိမ်မာမာနေခဲ့၊ အပေါင်းအသင်းတွေနဲ့ ဟိုလိုလို ဒီလိုလို လျှောက်သွားမနေနဲ့၊ အုံနာကြေးနဲ့ အိမ်စရိတ်ရအောင် အလုပ်ကိုကြိုးကြိုးစားစားလုပ်"

မှာတမ်းတွေ အဆက်မပြတ် ချွေနေသော အဖေ့ကို ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်ပေမယ့် အမြတ်မခွဲပဲ နေလာသည့် အဖေနှင့်အမေကို တစ်လလောက် ခွဲရမည်ဆိုတော့ ချမ်းသာရင်ထဲ ဟာတာတာ. . .

"စိတ်ချပါ အဖေရာ အဖေတို့သာ တရားစခန်းသွားပြီး တရားများများရှာလာခဲ့၊ သားလဲ အဖေတို့ ပြန်လာရင်. . သူဌေးကြီးတစ်ယောက် ဖြစ်အောင် ကြိုးစားထားမယ် ဟုတ်ပြီလား. . ဟဲ့ ဟဲ့ ဟဲ"

နတ်ကတော် ဒိုးဒိုးပြောသလို တစ်လအတွင်း သူဌေးဖြစ်ရမယ်ဟူသော စကားအားကိုးနှင့် အဖေ့အား ရွှတ်နောက်နောက် ပြောလိုက်သည်။

အဖေ့အကြည့်တွေက လေလုံးကြွား ပြန်ပြီဆိုသော အကြည့်တွေဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အဖေနှင့်အမေကို ခုလိုတရားအားထုတ်ဖို့ သတိရကြသည့်အတွက် လေးစားမိသည်။

ငွေကြေးဆင်းရဲ ချို့တဲ့ကြပေမယ့် အသိမချို့တဲ့ ကြသည့်အတွက် နောင်ဘဝဆိုလျှင်တော့ အဖေရောအမေရော ဆင်းရဲကြမှာမဟုတ်တော့ဘူးဟု စိတ်ထဲမှာတွေးမိပြီး ရင်ထဲမှာ ငြိမ်းအေးသွားသလိုလို. . .။



www.burmeseclassic.com

www.burmeseclassic.com





# (၅)

“အဟင့် . . ဟင့် . . ဟင့် . . ဒယ်ဒီ အရမ်းရက်စက်တယ် မာမီလဲ အတူတူပဲ သူတို့ အိန်လေးကို မမွေးချင်တာနဲ့ ခုလိုမျိုးလုပ်တာ မတရားဘူး . . လုံးဝမတရားဘူး”

အပြစ်တွေတင် ငိုလည်းငိုနှင့် နှာရည်တရွှဲရွှဲ ဖြစ်နေသော မေမင်းကြည်ဖြူသည် ငိုရလွန်း၍ မျက်လုံးတွေပင် အစ်မို့၍နေ၏။

“မေမင်းလေးရယ် ခုလို ငိုနေတော့ရော ဒယ်ဒီက သနားပြီး အိန်လေးကို ပြန်ပြီခေါ်ပေးလာမှာမှ မဟုတ်တာ ကံကုန်လို့ ခွဲရတယ်





ဒီလိုပဲ သဘောထားလိုက်ပါတော့၊ ရွှေ့အပတ်ထဲဆိုရင်ပဲ နိုင်ငံခြားကို ပညာတော်သင် သွားရတော့မယ့်ဟာ အဲဒီကျရင်လည်း အိန်လေးကို လေယာဥ်ပေါ်တင်ပြီး ခေါ်သွားလို့ရတာမှမဟုတ်တာ”

“အို . . မသွားဘူး မေမင်း လုံးဝမသွားဘူး၊ ဒီနိုင်ငံက ဘွဲ့ရပြီး နေပြီပဲ နောက်ထပ်ဘွဲ့တစ်ခုထပ်ယူဖို့ မသွားနိုင်ဘူး၊ ပြီးရင် . . ဟိုက မစ္စတာကရိန်းယူး(စ်)နဲ့ နီးစပ်အောင်လည်း နေရဦးမယ်၊ လုံးဝပဲ အဲဒီ သူရဲ့ နီစပ်စပ်မျက်နှာကြီးကို ရွံလွန်းလို့၊ ဟိုရောက်ရင် သူ့အိမ်မှာနေပြီး ကျောင်းတက်ရမယ်ဆိုရင်တော့ သွားပြီ၊ တစ်ခါတည်းပဲ ဒီကနေ လက်ထပ်စာချုပ်မှာ လက်မှတ်တစ်ခြမ်း ထိုးသွားပေးလိုက်မယ် . . ဟွန်း”

ရွှဲပြောနေသော မေမင်းစကားကြောင့် သက်ငြိမ်မျက်လုံး ပိတ်တောတ် ရယ်လိုက်သည်။

“မေမင်းရယ် မစ္စတာကရိန်းယူး(စ်)က မြန်မာသွေး ပါ,ပါတယ်၊ သူက မြန်မာတွေကိုချစ်တယ် အထူးသဖြင့် မြန်မာမလေးဖြစ်တဲ့ မေမင်း ကို ပိုပြီးနှစ်သက်လို့ . . လေးလေးနဲ့အန်တီက လူငယ်ချင်းပိုပြီး နီးစပ် အောင် စီစဥ်လိုက်တာပါ”

“အို . . ဘယ်လောက်ပဲ သဘောတူပါစေ မေမင်း နှလုံးသား က အဲဒီမျိုးမစစ်ကောင်ကို ဘယ်လိုမှ လက်ခံလို့မရဘူး၊ ဟွန်း . . သူ့နှာ ခေါင်းကိုကြည့်ရတာ ဝင်းမှည့်နေတဲ့ ခရမ်းချဥ်သီးကြီးကို ကြည့်ရသလို ပဲ တစ်ခါမှ ရည်းစားမထားဖူးသေးတဲ့ မေမင်းနှလုံးသားက ကိုယ့်နိုင်ငံ သားမစစ်တဲ့ ဒီလို အနောက်တိုင်းသွေးပါတဲ့ သူကို လက်ထပ်ရမယ်တဲ့ အား ဝေးပါသေးတယ်”

အိန်လေးကြောင့် ပူဆွေးနေရာကနေ ဘယ်နှယ့် ဒင်းဘက်ကို ရောက်သွားရသလဲမသိတော့။

“ကဲပါ . . သက်ငြိမ်ရယ်၊ မနက်က ဒယ်ဒီနဲ့ သက်ငြိမ် အိန်လေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်မှာထားခဲ့ကြလဲ ပြောပါ။ မပြောရင် သက်ငြိမ်နဲ့မေမင်း သေခန်း ပြတ်ပဲနော်"

"ဘာလုပ်မလို့လဲ မေမင်းရယ်၊ သိတော့ရော ဘာလုပ်လို့ရမှာ လဲ၊ ခုလောက်ဆို . . ချစ်စရာကောင်းတဲ့ အိန်လေးကို တစ်ယောက် ယောက်က မွေးစားဖို့ ခေါ်သွားလောက်ပြီပေါ့"

ထိုသို့ပြောမှ မေမင်း ပို၍စိတ်ပူသွားသည်

"ဟင် . . အိန်လေးက အရမ်းဆိုးတယ်၊ ဒယ်ဒီနဲ့ မာမီတောင် အိန်လေးဒဏ်ကို မခံနိုင်တာ . . ခုမှတွေ့တဲ့ လူစိမ်းတွေကရော အိန် လေးဒဏ်ကို ခံနိုင်ပါ့မလား၊ တော်ကြာ သတ်စားလိုက်မှဖြင့် . . ."

စိုးရိမ်ပူပန် သောကတွေက မေမင်းကို အလွန်အမင်း နေမထိ ထိုင်မထိ ဖြစ်စေ၏။

ထိုအချိန် . . . မာမီဒေါ်ခင်ခင်ခန့် အခန်းထဲဝင်လာ၏။

"သမီးမေ စိတ်ကိုဖြေပါကွယ် . . ၊ မာမီတို့လည်း အိန်လေးကို ချစ်ပါတယ်၊ ဒါပေမဲ့ သမီးဒယ်ဒီအကြောင်းလည်း သိသားနဲ့ . . သူ့စာ ကြည့်ခန်းထဲမှာ မွထနေအောင် အီးတွေပါ သေးတွေပေါက်တာတောင် ခွင့်လွှတ်ခဲ့ပါတယ်၊ ခုဟာက ထမင်းစားပွဲပေါ် မှာပါတက်ပြီး မစင်စွန် တာကတော့ လွန်သွားပြီလေ၊ ဒီလိုသတ္တဝါမျိုး အိမ်မှာ ဆက်ထားရင် အိမ်သားတွေရဲ့ ကျန်းမာရေးအတွက် ဆိုးကျိုးတွေဖြစ်လာမှာ . . ."

မေမင်းနားတွင်ဝင်ထိုင်ကာ လေပြည်နှင့် ချွေးသိပ်နေသော မာမီ့စကားကြောင့် မေမင်း ပါးပြင်မှ မျက်ရည်အချို့ကို ဆွဲသုတ်လိုက် ပြီး . . .

"တိရစ္ဆာ ရယ်၊ ဒါကို အပြစ်ကြီးတစ်ခုလို စာဖွဲ့နေရ တော့ . . လူသားတွေ ဘာတရား ခေါင်းပါးကြတာနဲ့ လောကကြီး ထဲမှာ တိရစ္ဆာန်တွေ ငင် မဟုတ်တော့ဘူး"





စကားနာထိုးနေသော မေမင်းကို ကြည့်ပြီး ဒေါ်ခင်ခင်ခန့် သက်ပြင်းတစ်ချက် ဟင်းခနဲချကာ တူမဖြစ်သူ သက်ငြိမ်ကို မဲ့ပြလိုက် သည်။

"ကဲ . . သမီးမေ မာမီ ဘာမှထပ်မပြောချင်တော့ဘူး လူတွေ ကို လုံးဝအကျိုးမပြုတဲ့ အဲဒီကြောင်ကို သမီး ဒယ်ဒီတင်မဟုတ်ဘူး . . မာမီပါ အလိုမရှိလို့ သွားစွန့်ပစ်လိုက်တာ၊ ကဲ . . ရှင်းပြီလား"

ဒေါ်ခင်ခင်ခန့် ထိုသို့ခပ်မာမာပြောပြီး မေမင်းနားမှထကာ အခန်းအပြင်သို့ ပြန်ထွက်သွားသည်။

ကိုယ့်ခံစားချက်ကို လုံးဝနားမလည်ပေးသော မာမီ့ကျောပြင် ကိုကြည့်ပြီး မေမင်း လှိုက်ခနဲ ဝမ်းနည်းလာပြန်၍ . . .

"အီး . . ယီး . . အိန်လေးရဲ့ . . ဟီး . . "

အိန်လေးကိုတကာ အဟီးဟီးဖြင့် ငိုချလိုက်ပြန်သည်။

သက်ငြိမ်လည်း စိတ်ပျက်လက်ပျက် ခေါင်းခါရုံကလွဲပြီး မချော့ တတ်တော့ . . ။ ငယ်စဉ်ကတည်းက အတူတူ ကြီးပြင်းလာခဲ့ကြသည့် ညီအစ်မဝမ်းကွဲတွေဆိုပေမယ့် သက်ငြိမ်အဖို့ မေမင်းကိုဆုံးမဖို့ အစ်မ တစ်ယောက်အနေနဲ့ ပြောရေးဆိုခွင့် ရှိခဲ့တာမဟုတ်။

သူငယ်ချင်းပေါင်းပေါင်းပြီး ကြီးပြင်းလာလေတော့ မေမင်းဆိုး သမျှနဲ့သမျှကို သက်ငြိမ်ပဲ ခံခဲ့ရတာဖြစ်သည်။

ခုလည်း အိန်ဂျယ်လေးကို ဦးလေးနှင့်အတူ သွားပစ်သည့် ကိစ္စမှာ ဂျစ်တိုက်ခံနေရသူက သက်ငြိမ် . . ။

သို့သော် သက်ငြိမ် ကျေနပ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com





(၆)

ည. . . ။

ညသည် ညတစ်ညပီသစွာဖြင့် အမှောင်ဇာပဝါကို လုံခြုံစွာ လွှမ်းခြုံထား၏။ လမ်းဘေးမီးတိုင် တစ်တိုင်စ နှစ်တိုင်စသာ လင်းသော လမ်းမပေါ်မှာ ချမ်းသာ၏ ဆိုက္ကားတစ်စီးနှင့် ပုစဉ်းရင်ကွဲတွေ၏ စူးစူးရှရှအော်သံကလွဲ၍ အနီးအနားပတ်ဝန်းကျင် တစ်ခွင်လုံး တိတ်ဆိတ်နေသည်။

ဒိုးဒိုးပြောသည့်အတိုင်း ရပ်ကွက်နှင့် သိပ်မနီးသော ရွှေစေတီ





လေးရှိရာသို့ ဆိုက္ကားကို ခပ်သွက်သွက် နင်းလာလိုက်၏။

စေတီဆီကိုရောက်လျှင် အမိဌာန်ပုတီး စိတ်ရမည်။ ပြီးလျှင် နတ်ကွန်းတွေမှာ အမွှေးတိုင် ဆီမီးထွန်းပြီး လိုရာဆုတောင်းရမည်။

လိုရာဆန္ဒပြည့်လျှင် နတ်ကွန်းတွေမှာ ပွဲပေးရမည်ဟု ဒိုးဒိုး ပြောသည်မို့ အမိဌာန်အောင်လျှင် ချမ်းသာ ဘာလို့ ပွဲလာမပေးနိုင်ရမှာလဲ။

အတွေးတွေကို သယ်ဆောင်ပြီး ဆိုက္ကားကို ဘုရားလေးရှေ့မှာ ရပ်လိုက်သည်။ ဘုရားလေးရှေ့တွင် တံခွန်ကုက္ကားရောင်းသည့် ဆိုင်လေးရှိ၍ ဆိုက္ကားကို စိတ်ချလက်ချ ရပ်ထားရဲသည်။

ဘုရားရင်ပြင်တော်ပေါ် ရောက်သည်နှင့် အရင်ဆုံး ဘုရားကို အမွှေးတိုင် ဆီမီးပူဇော်လိုက်ပြီး ငါးပါးသီလခံကာ ပုတီးစိပ်လိုက်သည်။

ညလေပြည် တဖြူးဖြူးအောက်မှာ ပုတီးစိပ်ရတာ အလွန်ဈာန်ဝင်သည်ဟုပင် ပြောရမလိုပင်။ စိတ်ထဲမှာ တဖြည်းဖြည်း စိတ်ချမ်းမြေ့သလို ခံစားလာရသည်။

ပုတီးစိပ်ပြီးသည်နှင့် နတ်ကွန်းစင်တွေရှိရာဘက်သို့ လျှောက်သွားလိုက်သည်။

"ညောင်. . ညောင်. ."

"ဟင်. . ကြောင်လေးပါလား. ."

ဖြူဖွေးစွတ်နေသည့် ကြောင်လေးတစ်ကောင် ကြိမ်ခြင်းပက်လက်ထဲတွင်ထိုင်ကာ နတ်ကွန်းစင်ရှေ့မှာ ဆီမီးထွန်းရန် ရပ်လိုက်သော ချမ်းသာကို တညောင်ညောင်နှင့် အသံလုမ်းပေးသည်။

"ညောင်. . ညောင်. . ညောင်. ."

ကြောင်အော်သံမှာ ကယ်ပါယူပါ အော်နေသလိုမျိုး အနားရောက်သွားသည်မို့ နတ်ကွန်းစင်အောက်တွင် ရောက်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ဖြူလေးကို ကောက်ယူချီလိုက်သည်။

"ပုံစံကြည့်ရတာ သခင်တွေက မင်းကို အလိုမရှိလို့ လာပစ်သွားတာထင်တယ်"

"ညောင်"

"ညော်. . ဟုတ်တယ်တဲ့လား"

"ညောင်. . ညောင်. . "

ကြောင်ဖြူလေးမှာ ချမ်းသာပြောသမျှ နားလည်ဟန်ဖြင့် တညောင်ညောင်နှင့် ခေါ်ထောက်ပြန်ခံသည်။

"ဟင်. . လည်. . လည်ပတ်. . လည်ပတ်ကလေးနဲ့ ဟား. . ရွှေ. . ရွှေအစစ်နဲ့ လုပ်ထားတဲ့ လည်ပတ်ကလေးပဲ. . ဟား. . ဟား ဟား. . "

ချမ်းသာမျက်နှာပေါ်မှာ လောဘအရောင် လက်လက်ထသွားသည်။ စတွေ့ကတည်းက ဒီကြောင်လေးဟာ အဆင့်အတန်းမြင့်မြင့်ထဲက ကြောင်ဆိုတာကိုတော့ ရိပ်မိလိုက်သည်။

ကြောင်ကို မချစ်တတ်ပေမယ့် လည်ပင်းမှာ ပတ်ထားသည့် လည်ပတ်ပြားကိုတော့ ရမ္မက်ထမိသည်။

ဘယ်သူ့မှ မမြင်ခင် ကိုယ်စမြင်သည်ကိုက ကိုယ်နှင့်ထိုက် ဟု ချမ်းသာမှတ်ယူလိုက်သည်။

ထို့ကြောင့် နတ်ကွန်းစင်တွေမှာ ဖယောင်းတိုင် အမွှေးတိုင် ထွန်းဖို့ပင် သတိမရတော့၊ ကိုယ်နှင့်ထိုက်လို့ ကိုယ်ရတာမို့ ကြောင်ဖြူလေးကို ကြိမ်ခြင်းထဲ ပြန်ထည့်ကာ. . .

ခြင်းအတိုင်းမပြီး ဘုရားရင်ပြင်တော်ပေါ်မှ ခပ်သုတ်သုတ် ပြန်ဆင်းလာလိုက်သည်။

ပျာတိပျာယာဖြင့်ဆင်းလာသော ချမ်းသာကို ဘုရားထီး တံခွ





ဆောင်းသည့်ဆိုင်မှ မိန်းမကြီး လှမ်းကြည့်နေ၏။

ကြောင်ကို မြင်သွားမည်ဆိုး၍ ကိုယ်နှင့် ကွယ်ယူကာ ဆိုက္ကားရှေ့ခုံပေါ် တင်လိုက်သည်။

ခိုးယူတာ မဟုတ်ပါပဲနှင့် ချမ်းသာ စိတ်တွေလှုပ်ရှားနေသည်။

ကြောင်ဖြူလေး လည်ပင်းက လည်ပတ်ဟာ ရွှေအစစ်သာဆိုလျှင် အနည်းလေး တစ်ကျပ်သားလောက်ရှိမည်။ ဒါဆိုလျှင် ချမ်းသာ ထို့ မိသားစုသုံးယောက် အသက်ရှူပေါက်လေး နည်းနည်းတော့ ချောင်သွားနိုင်သည်။

စိတ်ထဲမှာ ပီတိလား ဘာလား ဝေခွဲမရသော လောဘတစ်ခု ဘာ အိမ်ကိုအမြန်ရောက်ချင်ဇောကြီးနေ၏။

အိမ်ပြန်ရောက်သည်နှင့် ခြံထဲကို ဆိုက္ကားနင်းဝင်လိုက်ပြီး. . ဆိုက္ကားပေါ်မှဆင်းကာ အိမ်တံခါးသော့ကို အမြန်ပြေးဖွင့်လိုက်သည်။

"ညောင်. . ညောင်. . ညောင်. . "

အိန်ဂျယ်(လ်)သည် ပတ်ဝန်းကျင်သစ်မို့ထင်သည် ညအမှောင်ထဲရှိ အိမ်ကလေးကိုကြည့်ပြီး တညောင်ညောင်နှင့် အော်နေ၏။

"ဟော့ကောင် တိုးတိုးအော်ကွ. . ဘေးအိမ်တွေ အိပ်နေပြီ"

ချမ်းသာစကားကို နားလည်သည်ထင်သည် အိန်ဂျယ်(လ်)မှာ ဆက်မအော်တော့ပဲ ချမ်းသာခေါ်ရာ အိမ်ပေါ်သို့ ခပ်ငြိမ်ငြိမ် လိုက်လာခဲ့လိုက်သည်။

ခပ်မှိန်မှိန် မီးရောင်ကို အိန်ဂျယ် သိပ်နှစ်မြို့ပုံမပေါ်။

ဒါကို ချမ်းသာ ဂရုမထားမိ. . ။ သူ စိတ်လောနေတာက အိန်ဂျယ်(လ်)လည်ပတ်ကို ဖြုတ်ကြည့်ဖို့ပင် ။ကြိမ်ခြင်းထဲမှ အိန်ဂျယ်(လ်)ကို လှမ်းခေါ်လိုက်သည်။

"ဟင်. . ခြင်းထဲမှာ ဘာတွေထည့်ပေးလိုက်ပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



အိန်ဂျယ်(လ်)၏အောက်တွင် စည်သွတ်ဘူးပြားတွေနှင့် စာအိတ်တစ်ခု. . .

စိတ်ဝင်စားစရာ ကောင်းပြီးရင်း ကောင်းလာပြီမို့ ချမ်းသာ စာအိတ်ကို ဖွင့်လိုက်သည်။

“ဝါး. . တစ်သောင်းတန် ငါးရွက်နဲ့ စာတစ်စောင်၊ ဟား. . ဟား. . ဟား. . ပွတာပဲ၊ ခုချိန်မှာ ကြောင်ကငါ့ထက်တောင် တန်ဖိုးရှိနေပါလား၊ ဒီလောက်ချမ်းသာနေကြရဲ့သားနဲ့ ကြောင်လေးတစ်ကောင်တောင် မမွေးနိုင်ကြဘူးလား. . ဟီးဟီး. . ငါ့အတွက်တော့ နှစ်လုံးထိပေါက်တာထက်တောင် တွက်ခြေကိုက်သေး၊ ကျေးဇူးပဲ ကြောင်လေးရေ. . . ”

တစ်သောင်းတန်ငါးရွက်ကို စာအိတ်ထဲပြန်ထည့်ပြီး စာခေါက်ကို ဖွင့်၍ဖတ်လိုက်သည်။

ထိုကြောင်လေး အမည်သည် အိန်ဂျယ်(လ်) ဖြစ်သည်။ သူ့ကို ဂရုစိုက်မွေးမြူပေးပါရန် အထူးမေတ္တာရပ်ခံပါသည်။

“အလို့. . နာမည်က အိန်ဂျယ်(လ်)ဆိုပါလား အိန်ဂျယ်(လ်)ဆိုတော့ နတ်သမီးပေါ့၊ မဆိုးပါဘူး အတိတ်နိမိတ်ကတော့ ကောင်းပါတယ်၊ ကြောင်ဆိုတာကတနင်္လာနံ၊ ငွေနံ၊ ခုပဲငွေငါးသောင်း အသာတင်ရတယ်”

စာကိုဖတ်ပြီး တစ်ယောက်တည်း စကားပြောနေသော. . . ချမ်းသာကို အိန်ဂျယ်(လ်) မော့ကြည့်ပြီး တညောင်ညောင် လုပ်နေ၏။

“အိန်ဂျယ်(လ်) မှန်းစမ်း နင့်လည်ပင်းကကြိုးကို ငါကြည့်မယ်၊ ရွှေအစစ်ဆိုရင်တော့ ငါယူမယ်နော်၊ နင့်ကို ထိန်းသိမ်း စောင့်ရှောက်ခအဖြစ်ပေါ့”

ကြောင်လည်ပင်းမှာ ချည်ထားသော လည်ပတ်ကြိုးကို ချမ်း





သာ ဖြုတ်လိုက်သည်။ ရွှေဆိုတာ သေချာသလောက် ရှိသည်မို့ ပေဟာကြောင့် ပျော်သွားသည်။

“ဝါး. . ဒီရွှေကို သွားရောင်းစားမယ်၊ ပြီးရင် လုပ်ငန်းတစ်ခုခု လုပ်မယ်၊ ရပ်ကွက်ထဲက ဒေါ်ချက်မလို ငွေတိုးချစားရင် ကောင်းမလား၊ ဒါမှမဟုတ် ဆိုင်ကယ်လေးဝယ်ပြီး ကယ်ရီဆွဲစားရင် ကောင်းမလား”

အတွေးထဲမှာတင် လုပ်ငန်းတွေအများကြီးလုပ်ကာ အကြံကြီးနေသလောက် အိန်ဂျယ်(လ်)ကတော့ ချမ်းသာ ဘာတွေတွေးနေလဲဆိုတာ သူ့အလုပ်မဟုတ်၊ သူ့အလုပ်က ချမ်းသာ၏အိမ်ထဲ လှည့်ပတ်ကြည့်ရှုပြီး စားစရာရှာဖို့ပင်. . .။

အိန်ဂျယ်(လ်) ဗိုက်ဆာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com





## (၇)

**"ဟာ**. . ကုန်ပြီ. . ကုန်ပြီ၊ ကြောင်စုတ်. . ကြောင်နာ. . ကြောင်ပဲ့. . အင့်. . ဟာ. ."

ထမင်းစားပွဲပေါ်တက်ကာ ဟင်းပန်းကန်ထဲမှ ဟင်းတွေကို ကောင်းကောင်း မြိန်ရေရှက်ရေစားနေသော အိန်ဂျယ်လ်ကို တွေ့တော့ ချမ်းသာ ဒေါသထွက်ကာ ဆွဲယူပြီး မီးဖိုခန်းထောင့်ကို လွှင့်ပစ်လိုက်သည်။





"ညောင်. . ညောင်. . ညောင်. ."

ဆန်ဖိုးထောင့်တွင်ခွေခွေလေးပစ်ကျသွားသော အိန်ဂျယ်(လ်)မှာ နာကျင်သွားဟန်ဖြင့် ချမ်းသာကို တညောင်ညောင်နှင့် ပြန်လုပ်သည်။

"ပြန်မပြောနဲ့ နင့်ကိုငါ သပ်သပ်ကျွေးထားတယ်လေ၊ ဘာလို့ ကိုယ့်စားခွက်ကဟာ ကိုယ်မစားပဲ ငါ့စားခွက်ထဲက. . အဲ. . အဲလေ ငါ့ဟင်းပန်းကန်ထဲကဟင်းတွေ လာစားရတာလဲ. . ဟွန်း. . ဟွန်း. . အိန်ဂျယ်(လ်)မနေ့က နင့်ဆီကပါလာတဲ့ ငွေလေးနဲ့ ငါပုံးမှန်နေလို့ အဲဒီ ကျေးဇူးတရားကို ထောက်ပြီး ကောင်းကောင်းမွန်မွန် ကျွေးနေတာသိလား"

လူစကား နားမလည်သော အိန်ဂျယ်(လ်)လေးကို မကျေမနပ်ပြောပြီး ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည်။

"ချမ်းသာ ချမ်းသာရေ"

"ဝေး. . . ဘယ်သူလဲ"

ဘယ်သူလဲဆိုတာ ထွက်မကြည့်ပဲ အသံလှမ်းပေးကာ ထူးလိုက်သည်။

"မင်းကို ဆိုင်မန်နေဂျာ ကိုသန်းအောင်မေးခိုင်းလို့"

ပြောလည်းပြော အိမ်ပေါ်လည်း တက်လာသူက ချမ်းသာနှင့် ထုပ်ဖော်ကိုင်ဖက် စာပွဲထိုး ကျော်ဆန်းဝင်း ဖြစ်သည်။

"ဘာမေးခိုင်း လိုက်လို့လဲ"

"မင်း အလုပ်မဆင်းလို့"

"ဆင်းမှာပေါ့. . ငါ့မှာ တခြားကိစ္စလေးတွေရှိလို့ မဆင်းသေးတာ"

ကျော်ဆန်းဝင်း ထမင်းစားပွဲဘေးဝင်ထိုင်ပြီး စားပွဲပေါ်မှ ဟင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကိုကြည့်ပြီး သူ့ဗိုက်ကို သူပွတ်လိုက်သည်။

"ဟင်းတွေက ရှယ်ပဲ၊ မင်း ဘာတွေဂွင်တည့်နေလဲဟေ့ကောင်၊ ကြုံတုန်း ငါပါဝင်ဆွဲလိုက်တော့မယ်"

မသထာပေမယ့်လည်း မကျေနိုင်ဘူးဟု ပြော၍မကောင်းသဖြင့် စိတ်ထဲမှ အောင့်သီးအောင့်သက်ဖြင့် ငြိမ်နေလိုက်ရ၏။

"အဲဒါ ဆိုင်က ဝယ်စားတာဟေ့. . ငါချက်တာ မဟုတ်ဘူး စားချင်ရင် ပန်းကန်သွားယူ"

အမိန့်ကျသည်နှင့် ကျော်ဆန်းဝင်း ဝေါက်ခနဲထကာ ပန်းကန်စင်မှ ပန်းကန်တစ်ချပ်ဆွဲကာ ထမင်းစားပွဲ ဝင်ထိုင်လိုက်သည်။

"ညောင်. . ညောင်. . ညောင်. . "

ကျော်ဆန်းဝင်း ထမင်းစားပွဲမှာဝင်ထိုင်သည်နှင့် အိန်ဂျယ်(လ်) တညောင်ညောင်လုပ်ကာ ကျော်ဆန်းဝင်း နားကပ်ပြန်သည်။

"ဟာ. . ကြောင်လေးက ချစ်စရာလေး၊ ဖွေးဆွတ်နေတာပဲ မင်း မွေးထားတာလား"

ချမ်းသာ ထမင်းငုံ့စားရင်း ခေါင်းညိတ်ပြလိုက်သည်။

ဘယ်အချိန်ကတည်းက ဝေ်လာသည် မသိသော ကျော်ဆန်းဝင်းမှာ ပန်းကန်ထဲ ထမင်းတွေဟင်းတွေ ထည့်ပြီး ခေါင်းမဖော်တမ်းစားတော့၏။

အိန်ဂျယ်(လ်) ကျော်ဆန်းဝင်းပေါင်ကို ခေါင်းနှင့်ပွတ်ပြီး အစာတောင်း၏။

"သနားပါတယ် ဗိုက်ဆာနေပြီ ထင်တယ်ကွ"

စားနေရင်းမှ အိန်ဂျယ်(လ်)ကိုသနားနေသော ကျော်ဆန်းဝင်းကို ချမ်းသာ ခပ်ကဲကဲ ကြည့်လိုက်ပြီး. . .

"ဟေ့ကောင် သနားမနေနဲ့ သူ့ကိုငါတို့က သနားရမှာမဟုတ်





ဘူး၊ အခု မင်းနဲ့ငါစားနေတာ သူ့ငါ့ကို သနားပြီး အကုန်မစားလို့ ကျန်တဲ့ဟင်းတွေ နားလည်လား"

"ဟမ်"

ထမင်းကို ပလုတ်ပလောင်း ဝါးနေသော ကျော်ဆန်းဝင်းမှာ လည်ချောင်းထဲမှ ထမင်းတွေ ပြန်အန်ထွက်မတတ် နင်သွားရသည်။

"မင်းကလည်း စောစောစီးစီး ပြောရောပေါ့၊ အဲလိုမှန်းသိရင် ငါမစားပါဘူး ရွံစရာကြီး "

"အံမယ်. . ငါ့ကြောင်က သန့်တယ် ဟေ့ကောင်၊ အနုပ်စုတ်ကုပ်စုတ် ကလေကဝ ကြောင်တွေက ပေါက်ဖွားထားတာ မဟုတ်ဘူး၊ မြင့်မြင့်မြတ်ခြားသွေးပါတဲ့ကြောင်နဲ့ မျိုးစပ်ထားလို့ တခြားကြောင်နဲ့ မတူဘူး အဆင့်အတန်းမြင့်မြင့် ကြီးပြင်းလာတဲ့ကြောင်ကွ"

"မင်းကြောင် အဆင့်အတန်းမြင့်တယ် ဟုတ်လား မင်းဘယ်ကရလာတာလဲ၊ ဘယ်သူ့ဌေးအိမ်က မွေးစားဖို့ တောင်းလာတာလဲ"

"ကောက်ရလာတာ"

"ဘာ. . အဟီး. . ဖွီး. . ဖွီး"

ကျော်ဆန်းဝင်း ထမင်းဝါးနေရင်းမှ တံတွေးနှင့် ထမင်းရောသီးအောင် ရယ်လိုက်သည်။

"လမ်းဘေးက ကောက်ရတယ်လဲ ပြောသေးတယ် ဘယ်လိုလုပ် အဆင့်အတန်းမြင့်တဲ့ကြောင် ဖြစ်သွားရတာလဲ"

"ပုံစံကြည့်သိတယ်ကွာ သူ့သခင်တွေဆီ သူပျောက်သွားလို့ ဘယ်လောက် ရင်ကျိုးရမလဲ၊ သူဘယ်မှာနေလဲ မေးမရလို့ နို့မှုံ့ဆိုင်တိုင်ရာရောက် ပြန်ပို့ပေးတယ်၊ ကံကောင်းရင် သူ့သခင်မ ချော ချောလေးနဲ့တောင် အိစီကလီ လုပ်ခွင့်ရရင် ရအုံးမှာ"

"အလဲ့. . . တယ်လဲ အကြံကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . ဒိုးဒိုးကပြောပြီးသား ငါ့ကို စုတ်ရေလာဘ် ဆော ဝင်မယ်တဲ့"

ချမ်းသာ စကားကြောင့် ကျော်ဆန်းဝင်း ခပ်လျှောင်လျှောင် ရယ်လိုက်သည်။ ဘဝတူချင်းမို့ ဆင်းရဲတာချင်း အတူတူ သူငယ်ချင်းသာ တကယ်ချမ်းသာသွားကြည့် မုဒိတာ ပွားပေးနိုင်သည်။

ခုဟာက နတ်ကတော်ဒိုးဒိုးက ပြောလိုက်သည်ဆိုတော့ ပို၍ ပင် ရယ်ချင်သွားသည်။

နတ်ကတော် ဒိုးဒိုးဆိုတာ ချမ်းသာကို ကြိုက်လိုက်တာမှ တစ်ပိုင်းကို သေနေတဲ့သူလေ။







(၈)

"ဟယ်. . . ချမ်းသာ၊ ခုတစ်လော. . ပျောက်ချက်သား ကောင်းနေပါလားလို့၊ ဘယ်လိုလဲ ငါပေးတဲ့အစီအရင်တွေကို လုပ်ဖြစ်သေးလား"

ဆိုက္ကားရှေ့မှ ကို့ရိုးကားရား ကလန်ကလား အရပ်ကြီးဖြင့် ထိုင်၍မေးလာသော ဒိုးဒိုးကို ဝင်မတိုက်မိစေရန် ကွေ့ရှောင်ပြီး ရပ်လိုက်သည်။

"ခုတလော အလုပ်တွေရှုပ်နေလို့ မလုပ်ဖြစ်သေးပါဘူးဟာ"

www.burmeseclassic.com



"ဟယ် နင်ကလည်းလေ ပေါ့တီးပေါ့ဆ နိုင်လိုက်တာ၊ အလုပ်တွေရှုပ်နေရအောင် ဘာတွေများ အရှုပ်တွေ လုပ်နေရလို့လဲ"

မေးရပ်ထားသော ဆိုက္ကားပေါ် တက်ထိုင်လိုက်ပြီး ဒိုးဒိုး အပြစ်တင် စကားပြော၏။

"ဘာအရှုပ်မှ မလုပ်ဘူး၊ ငါ့အဖေရိပ်သာ ဝင်နေလို့ ဆိုက္ကားထွက်နင်းနေရတာ နင်မတွေ့ဘူးလား"

"ဟယ်. . ဟုတ်လား၊ အမလေး ချမ်းလေးရယ် ဒိုးသနားလိုက်တာ. . နေကပြင်းမှပြင်းနဲ့ အသားတွေ နေလောင်တော့မှာပဲ"

ဆိုက္ကားလက်ကိုင်ကို ကိုင်ထားသော ချမ်းသာလက်ကို မထိတထိ ပွတ်သပ်ကာ အီစီကလီလုပ်နေသော ဒိုးဒိုးကြောင့် စိတ်မလုံမလဲဖြစ်ကာ ဘေးဘီကို ဝေ့ကြည့်လိုက်သည်။

လမ်းသွားလမ်းလာအချို့ သူ့အာရုံနှင့်သူမို့ ချမ်းသာနှင့် ဒိုးဒိုးကို ဘယ်သူမှကြည့်မနေကြ။

"မဖြစ်ဘူး. . မဖြစ်ဘူး. . နင်ဒီလို ပင်ပင်ပန်းပန်း လုပ်နေရတာကို ငါဒီအတိုင်း ထိုင်ကြည့်မနေနိုင်ဘူး"

"အဟုတ် နင်ကထိုင်မကြည့်ချင်ဘူးဆိုတော့ ဖင်ဘူးတောင်းထောင်ကြည့်မလို့လား "

"အေး. . ဟုတ်တယ် ဖင်ထောင်ကြည့်မှာ၊ ဒီတော့ နင်ငါ့အိမ်ကိုလာခဲ့"

"ဟမ် ဘာလုပ်ဖို့လည်း"

"ဖင်ထောင်ကြည့်မလို့လေ"

ဒိုးဒိုးစကားကြောင့် ဆိုက္ကားနင်းရင်း ဖင်ကြောရှုံ့သွားသည်။

"အဲ. . ဟာ. . ဟဲ့. . နင်တော့နော် အလကား ပါးစပ်အရသာခံမနေနဲ့ အခြောက်မ"





ချမ်းသာ မကျေမနပ်ပြောပြီး ဆိုက္ကားကို ခပ်ဆောင့်ဆောင့်နင်းလိုက်သည် ဒိုးဒိုးအရသာတွေ့သွားသူလို မျက်လုံးလေး ပေကလတ်ပေကလတ်နှင့် ပြုံးစိစိလုပ်နေပြီ။

"တကယ်ပြောတာပါ ချမ်းသာရယ်၊ နင် ငါ့အိမ်မှာလာနား. . ဒီဆိုက္ကားကို အိမ်မှာရပ်ခဲ့ နင့်ကိုငါ တစ်နေ့ငါးထောင်ပေးမယ်၊ ထမင်းကျွေးမယ်၊ သက်တောင့်သက်သာ အနားယူလို့ရအောင် မာဆတ်လဲနှိပ်ပေးမယ်၊ နင် ပူအိုက်ရင်တောင် ငါက မှုတ်ပေးမယ်၊ နင်ဆာလာရင် ငါကျွေးမယ်၊ အာဘွားတွေလဲ ပေးမယ်"

"ဟာ. . ဒိုးဒိုး နင်ဘာတွေ ပြောနေတာလဲ မကြားဝံ့မနာသာ၊ ဟာ. . တော်. . တော်. . ငါ နှစ်ပင်လိမ်ကောင်မဟုတ်ဘူး၊ ငါ့ကို လာစွယ်နဲ့. . ဆင်း ဆိုက္ကားပေါ်က"

ဒီထက်ဆက်ပြီး အလိုက်အထိုက်နေနေလျှင် ကုပ်ပေါ်တက်ခွတော့မည် အခြောက်မမို့ ဆိုက္ကားပေါ်မှ အမြန်ဆင်းခိုင်းလိုက်သည်။

"ဟယ်. . လိုက်မပို့တော့ဘူးလားလို့၊ ကြည့်. . သူနော် သူ့ဟာကြီးပဲ. . . ဒီက စေတနာနဲ့ဟာကို"

"တော်ပါဟာ. . . နင့်စေတနာက ငါ့ရင်ဘတ်မှာ အေအိုင်ဒီအက်(စ်) ဆိုင်းဘုတ်လာချိတ်နေသလိုပဲ၊ ကဲ. . ပြော. . ငါဘယ်ကိုပို့ရမှာလဲ"

"အတန်းကို"

"ဘာ"

"ဩော်. . ကြည့်. . တကယ့်ဇွတ်ပဲ၊ အတန်းဆိုတာ ဈေးထဲက ကုန်စျော်သီးတန်းကိုပြောတာ. . ကဲ. . ရှင်းပြီလား"

"အေး. . အဲလိုရှင်းအောင်ပြော၊ ငါက အတန်းဆိုရင် ကျောင်းတန်းကို ပို့ပစ်လိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



“ဟယ်. . လူဆိုး၊ နင်ပို့ရက်ရင် ပို့ပေါ့. . ခစ်. ခစ်. ခစ်. ခစ်”

“ဟာ. . ချမ်းသာ၊ ဒါက ဘယ်လိုဖြစ်ပြန်ပြီလဲ စားသောက်ဆိုင်မှာ မလုပ်တော့ဘူးလား ”

ပါဂျဲရိုးကားပေါ်က လှမ်းမေးလိုက်သော ကံနက်အမေးကြောင့် ချမ်းသာစိတ်ထဲမှာ မနာလိုစိတ်မဟုတ်သည့် သိမ်ငယ် အားငယ်စိတ် ဖျဉ်းခနဲ ခံစားလိုက်ရသည်။

“လုပ်တယ် ဒါ ငါ့အဖေ့အစား ခဏဝင်နင်းတာ၊ ဒါနဲ့ မင်းကို ငါမေးစရာရှိလို့”

“မေးလေ ဘာမေးမှာလဲ ဒါမှမဟုတ် ညနေ အိမ်လာခဲ့လေ”

“မင်းရှိမှာလား”

“ရှိတယ် ညနေ ငါဘယ်မှမသွားဘူး”

“ဒါဆို ဆိုက္ကားစောစောသိမ်းပြီး လာခဲ့မယ်ကွာ”

ပိုက်ဆံရှိပေမယ့် ချမ်းသာအပေါ် မပြောင်းလဲသည့် ဆက်ဆံရေးကြောင့် ကံနက်ချမ်းသာတာကို မနာလိုမရှိ။

“ဒါဆို. . ငါလစ်ပြီ ချမ်းသာ”

ကံနက်နှုတ်ဆက်ပြီး ကားလေးကို ငြိမ့်ခနဲမောင်းထွက်သွားသည်။

“ဟွန်း. . ကားနဲ့ရုပ်နဲ့တောင် မလိုက်ဖက်လိုက်တာဟယ်”

ဆိုက္ကားပေါ်မှာ ကိုင်နေသော ဗိုးဗိုး၏ ကံနက်အပေါ် ဝေဖန်သောစကားကြောင့် ချမ်းသာ သက်ပြင်းခပ်မျှဉ်းမျှဉ်းချလိုက်သည်။ ချမ်းသာဘဝကရော နာမည်နှင့် ဖြတ်သန်းရသောဘဝ လိုက်ဖက်လို့လား







(၄)

“ဒါများ ပြောစရာလိုသေးလို့လား ချမ်းသာရာ၊ ငါ့အဖေကို ငါပြောပေးမှာပေါ့၊ သူများလို စပေါ်သုံးသိန်းမတင်နိုင်လဲ ရှိသလောက်ပေါ်တင်. . ရတယ် ကိစ္စမရှိဘူး”

“အေးကွာ အဲဒါဆိုရင်တော့ အဆင်ပြေတယ်၊ ငါ့မှာက လောလောဆယ် တစ်သိန်းလောက်ပဲ စုမိထားတာဆိုတော့ မင်းအဖေသာပေါ် တစ်သိန်းနဲ့ ငါ့ကိုလက်ခံရင် ငါစားသောက်ဆိုင်က ဝိတ်တာဘဝ လွှတ်ပြီ”



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကတည်းက အတူတူကြီးပြင်းလာသော သူငယ်ချင်းမို
ချမ်းသာ ဆင်းရဲခြားတဲ့နေသောအဖြစ်ကို ကြည့်ပြီး. . ကံနက် စိတ်မ
ကောင်း ဖြစ်မိသည်။

ကူညီချင်ပေမယ့် ဒီကောင်က မာနခပ်ကြီးကြီးမို့ ကူညီခွင့်
မရ. . ခုလို စပေါ်တစ်သိန်းလောက်နဲ့ တက္ကစီမောင်းဖို့ လာပြောတော့
ကံနက်အဖို့ အဆင်ပြေအောင် လုပ်ပေးရမှာပင်။

"စိတ်ချသူငယ်ချင်း ငါ့အဖေကို ငါမရ,ရအောင်ပြောမယ်
ငါ့အဖေကလည်း လက်ခံမှာပါကွာ၊ မင်းက ငါ့သူငယ်ချင်း အရင်းကြီး
ပဲဟာ"

"ရင်းတာက ရင်းတာပဲလေကွာ မင်းအဖေက ငွေရေးကြေးရေး
နဲ့ပတ်သက်ရင် ဆွေမျိုးအရင်းကြီးတောင် အလျှော့ပေးတာ မဟုတ်
တော့ ငါစိုးရိမ်တာပေါ့"

တစ်ရပ်ကွက်ထဲ သားချင်းမို့ ဦးခွေးညို အကြောင်းကို ချမ်းသာ
သိသည်။

"ကျွတ်. . သူငယ်ချင်းရာ မင်းကလည်း တွေးပြီး ပူနေပြန်ပြီ
ကုန်ကုန်ပြောမယ်ကွာ နောက်ဆုံးမရရင် ငါ့ပိုက်ဆံနှစ်သိန်းဖြည့်ပြီး
တင်ပေးမယ်ကွာ ရှင်းလား"

ယတိပြတ် ကတိစွေပေးနေသော ကံနက်စကားကြောင့် စိတ်
ထဲအေးသလိုလိုတော့ ရှိသွားသည်။

"မင်း အိမ်မှာ ဘယ်သူမှ မရှိဘူးဆို"

"အေး. . မင်းကို ဘယ်သူပြောလဲ"

"အခြောက်မဒိုးဒိုး ပြောတာ"

"ဒါဆိုရင် ညကျရင် ငါနဲ့ ကလပ်ကိုလိုက်ခဲ့ပါလား"

ကံနက် သူ့အိမ်သားတွေ မကြားအောင် ခပ်တိုးတိုး ကပ်ခေါ်





သည်။ ကလပ်ဆိုတာ ကြားနေကျနေရာဖြစ်ပေမယ့် ချမ်းသာ တစ်ခါမှ
သွားဖူး. . . သွားဖို့လည်း စိတ်မကူး။

"ငါ မလိုက်အားပါဘူးကွာ"

"ဟင်. . တခြားကိစ္စ ရှိလို့လား"

"ဟုတ်တယ် ငါဒီနားက ဆုတောင်းပြည့် ဘုရားလေးကို သွား
ဦးမယ် မင်းနဲ့နောက်နေ့မှလိုက်မယ်"

အားနာသဖြင့် စကားလှအောင် ဆင်ခြေပေးလိုက်သည်။

"ဟွန်း. . မင်းကဘာလဲ ငယ်ငယ်ရွယ်ရွယ်နဲ့ တောထွက်တော့
မလို့လား၊ လူ့ဘဝဆိုတာ ရခဲတယ်ကွ၊ ဒီလို ပျော်ရွှင်မှုမျိုးတွေဆိုတာ
လူ့ဘုံမှာကလွဲပြီး ဘယ်ဘုံမှာမှ မရှိဘူး"

"အေးပါ. . ငါလည်း သိပါတယ် ဒီတစ်ညတော့ ငါတကယ်
ကိစ္စရှိလို့ပါ နောက်ရက်ကျရင် လိုက်မယ်ကွာ"

"တကယ်နော်"

"တကယ်ကွာ၊ ကဲ. . ငါလစ်ပြီ. . ည ခုနစ်နာရီတီတီ ဘုရား
ရောက်မှ ဖြစ်မှာကွ"

"အေး. . . ပြီးရော နောက်နေ့တော့ လိုက်ရမယ်နော်"

"အေးပါ"

ကံနက်ကို နှုတ်ဆက်ပြီး အိမ်ထဲမှ ထွက်ခဲ့လိုက်သည်။

တက္ကစီ အရမ်းမောင်းချင်သော ချမ်းသာဆန္ဒတွေ အမှန်ပင်
ပြည့်တော့မည်မို့. . .

စိတ်လက်ပေါ့ပါးစွာဖြင့် ညဉ့်ဦးလေပြည်ကို ရှူရှိုက်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com





(၁၀)

"သက်ငြိမ် . . ဘုရားရှေ့က ဈေးသည်အဒေါ်ကြီးပြောတာ . . . ဒီဆိုက္ကားသမား ထင်တယ်"

"အေး . . . ဟုတ်လောက်တယ်၊ အဒေါ်ကြီးပြောတာတော့ ရုပ်ကခပ်ဖြောင့်ဖြောင့်လို့ပြောတယ်၊ ဆိုက္ကားရပ်ပြီး ဘုရားပေါ်တက်လာကတည်းက ထင်တော့ထင်သား"

ညီအစ်မနှစ်ယောက် တနလ်ာထောင့်တွင် ပုတီးထိုင်စိပ်နေ





သော ချမ်းသာကိုကြည့်ပြီး တီးတိုးပြောနေကြသည်။ ချမ်းသာကတော့ ကြားပုံမရ၊ ပုတီးကိုသာ စိတ်အာရုံစူးစိုက်စွာဖြင့် ဂုဏ်တော်ပွားရင်း စိပ်နေ၏။

"ပုံစံကြည့်ရတာတော့ စိတ်ကောင်းရှိပုံပဲ မေမင်းရဲ့"

"ဩော် . . သက်ငြိမ်ကလည်း စိတ်ကောင်းရှိလို့ ဘုရားရှေ့မှာ ပုတီးစိပ်နေတာပေါ့၊ စိတ်ယုတ်မာတဲ့သူမျိုးဆိုရင် ဒီအရွယ်နဲ့ ဒီအရွယ် ဘီယာဆိုင်တို့ ကလပ်တို့ကို ရောက်နေမှာပေါ့"

မေမင်း အကဲခတ်တာလည်း မှန်နေ၍ သက်ငြိမ် ခေါင်းတညိတ်ညိတ်လုပ်ကာ တည်တည်ငြိမ်ငြိမ် ပုတီးစိပ်နေသော ချမ်းသာကို ငေးကြည့်နေ၏။

ဘုရားဆင်းတုတော်ရှေ့မှ လျှပ်စစ်မီးရောင် ခပ်မှိန်မှိန်အောက်မှာတောင် ဖြူဝင်းကြည်သန့်နေသော ရုပ်ရည်ပိုင်ရှင် ချမ်းသာကို စိတ်ကောင်းရှိသောလူတစ်ယောက်ဟု မှတ်ယူလိုက်မိတာဟာ မေမင်းကြည်ဖြူ မမှားနိုင်။

သူ့လက်ထဲမှာ အိန်ဂျယ်(လ်)လေးသာ ရှိနေလျှင် . . . အိန်ဂျယ်(လ်)လေး ကောင်းကောင်းမွန်မွန် ရှင်သန်နိုင်မှာ သေချာ၏။

"အိန်ဂျယ်လေးကို တွေ့ရအောင် ဘယ်လိုလုပ်မလဲ"

"ပေါ်တင်မေးပြီး လိုက်တွေ့တာပေါ့ သက်ငြိမ်ရယ်၊ အိမ်လဲ ပြန်ခေါ်လို့ မရမှတော့ သူ့ဆီမှာပဲ ဆက်ထားရတော့မှာပေါ့"

နှစ်ယောက်သား ဘိုးမင်းခေါင်အဆောင်လေး ဘေးကွယ် ရပ်ကာ တီးတိုးပြောနေကြစဉ်မှာ . . ချမ်းသာ ပုတီးစိပ်၍ ပြီးသွားပြီမို့ ထိုင်ရာမှထလိုက်သည်။

ချမ်းသာ ခြေလှမ်းတွေက နတ်ကွန်းစင်တွေ ရှိရာသို့ လျှောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မေမင်းနှင့် သက်ငြိမ်လည်း တောက်ပြားခြေလှမ်းလို ခပ်ဖွဖွနင်းပြီး ချမ်းသာနောက်မှ မသိမသာ ကပ်ပြီးလိုက်လာကြ၏။

ချမ်းသာ ခုချိန်ထိ သတိမထားမိသေး။

နတ်ကွန်းရှေ့မှာ အမွှေးတိုင်း ဖယောင်းတိုင်ထွန်းပြီး (၃၇)မင်းနတ်တွေနှင့် အပေးအယူလုပ်ရန် နတ်ကွန်းရှေ့မှာ ရပ်လိုက်သည်။

အမွှေးတိုင် ဆီမီးထွန်းညှိပြီးနောက် ဒိုးဒိုး ပြောခိုင်းသည့်အတိုင်း အဖေကြီး မြင်းဖြူရှင် နတ်နန်းစင်ရှေ့တွင် လိုရာဆုတောင်းလိုက်သည်။

"အဖေကြီး မြင်းဖြူရှင်နှင့်တကွ အခြားသော အတွင်းသုံးဆယ့်ခုနစ်မင်း၊ အပြင်သုံးဆယ့်ခုနစ်မင်း၊ အမိဘက်ဆိုင်သောရိုးရာ၊ အဖဘက်ဆိုင်သောရိုးရာရှင်များကို ရိုသေသမှုနှင့် ထိုအလင်းတိုင် အမွှေးနံ့သာတိုင်များကို ပူဇော်ပါသည်၊

မသိလို့ မိုးလင်း၊ မသိလို့ မိုးချုပ်ရခြင်းမို့ နတ်များအပေါ်တွင် တာဝန်မကျေခဲ့သည်ရှိသော် ခွင့်လွှတ်ပေးကြပါ၊ ကျွန်ုပ်ကိုလည်း ခုလို ဆင်းရဲတွင်းမှ ရုန်းမထွက်နိုင်တဲ့ဘဝက လွတ်မြောက်အောင် ကယ်တင်စောင်မတော်မူပါ၊

အဖေကြီး မြင်းဖြူရှင်ကလည်း မကောင်းသော ဂြိုဟ်စီးကြမ္မာစီးများကို ခွာများဖြင့် ခပ်ထုတ်ရှင်းလင်း ဖယ်ရှားပေးပြီး၊ စီးပွားလာဘ်လာဘများကို ဝင်လာမစဲတသဲသဲဖြစ်အောင် ခွာများဖြင့် ယက်သွင်းပေးတော်မူပါ၊ လုပ်သမျှကိုင်သမျှ ကြံသမျှစည်သမျှတွေ အားလုံးပြီးမြောက်ရပါစေ"

ဖွဲနွဲ့ကာ တိုင်တည်နေသော ချမ်းသာကိုကြည့်ပြီး သက်ငြိမ်နှမြောသလိုလို ဖြစ်သွားသည်။ မေမင်းကတော့ တခစ်ခစ်ဖြင့် ခပ်တိုးတိုး ရယ်နေသည်။








"ဟယ်. . စိတ်ပျက်လိုက်တာ ယောက်ျားရင့်မကြီး ဖြစ်လျက်နဲ့ ခုလို အယူလွဲရတယ်လို့၊ ကြည့်ပါဦး တိုင်တည်နေလိုက်တာ နတ်ကတော်တောင် ထိုင်ငိုရမယ်"

"နတ်ကတော်လားမှ မသိတာဟဲ့"

မေမင်း ထင်ကြေးကို သက်ငြိမ် ခေါင်းခါပြီး ငြင်းလိုက်ပြီး. .

"နတ်ကတော်က ဆိုက္ကားသမား လုပ်စားမလားဟဲ့၊ ခေါ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာထိုင်ပြီး နတ်ကိုးကွယ် ယုံကြည်တဲ့သူတွေဆီက ငွေကို လွယ်လွယ်နဲ့ ထိုင်ယူနေတော့မှာပဲ ”

“အဟင်း. . ခစ်. ခစ်. ခစ်. . ငါကတော့ သူပြောနေတာကို ကြားပြီး ရယ်ချင်တယ်၊ ရုပ်ကလေးက ချောချောလေးနဲ့ သူ့လုပ်ရပ်က မတင့်တယ်လိုက်တာ၊ ဒီလူ့ကို ကြည့်ပြီး ငါနောက်ချင်လိုက်တာ ခုနေ သူ့ရှေ့ အဖိုးတန်ပစ္စည်းတစ်ခု ဘွားခနဲပေါ်လာရင်. . သူ့ကံကြောင့် ကောက်ရတယ်လို့ ထင်မှာမဟုတ်ပဲ နတ်တွေက ‘မစ’တယ်လို့ ထင်မှာ သေချာတယ်”

“မေမင်းနော် ပေါက်ကရလုပ်ဖို့တော့ စိတ်မကူးနဲ့ နင့်ဒယ်ဒီ အကြောင်း နင်သိတယ် မဟုတ်လား”

“နင်ကလည်း ဘာဖြစ်မှာမို့ အဲလောက် ကျွတ်နေရတာလဲ. . ဒယ်ဒီ ဘာမှသိစရာ အကြောင်းမရှိဘူး နင်မပြောရင်ပေါ့”

ပြောပြောဆိုဆို. . လက်ထဲမှဝတ်ထားသော ရွှေလက်စွပ်ကလေးကို ချွတ်လိုက်သည်။ ချမ်းသာ လှည့်ထွက်မည့်လမ်းမှာ ခပ်မြန်မြန်ချလိုက်ပြီး ဘိုးတော်စင် အကွယ်နားသို့ လှစ်ခနဲ ပြန်ပြေးလာလိုက်သည်။ သက်ပြင်းမ်ပင် တားဖို့အချိန် မမီအောင် သူ၏လုပ်ကွက်က မြန်သွားသည်။ မေမင်း လက်စွပ်ကို သွားပြန်ပြေးကောက်ဖို့လည်း အချိန်မမှီတော့။

ချမ်းသာ လက်စွပ်ချထားရာ လမ်းကလေးအတိုင်း ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်လာ၏။

“ဟာ. . . လက်. . လက်စွပ်တစ်ကွင်း ”

မျက်လုံးထဲ လက်ခနဲ ဖြစ်သွားသော အရာလေးကို သေချာစေရန် ပြန်ကြည့်လိုက်သော ချမ်းသာမျက်နှာပေါ်တွင် အံ့ဩရိပ်တို့ ထင်သွားသည်။





ထိုအံ့ဩခြင်းတွေနှင့်အတူ ဘေးဘီဝဲယာကို မျက်လုံးကစားလိုက်သည်။ ဘယ်သူမှ ကြည့်မနေ၊ ဂြိုဟ်တိုင်ရှေ့တွင် ရေသပ္ပါယ်နေသော အဒေါ်ကြီးကလည်း သူ့အာရုံနှင့်သူ၊ ကုံကော်ပင်ကြီးအောက်တွင် ထိုင်နေသောစုံတွဲကလည်း ကမ္ဘာသစ်တစ်ခုထဲ ရောက်နေသလားမှတ်ရအောင် သူတို့အာရုံနှင့်သူတို့. . .။

ခပ်လှမ်းလှမ်းမှ လျှောက်လာသည့် အဘိုးကြီးကို ကြည့်လိုက်သည်။ ချမ်းသာ နားကနေဖြတ်မှာ မလွဲမသွေ။ ကိုယ်မှ လက်ဦးအောင်အရင်မကောက်လျှင် ထိုအဘိုးကြီး မြင်သွားနိုင်သည်မို့ လက်စွပ်ကလေးကို ဖြတ်ခနဲ ကောက်ယူလိုက်သည်။

ကိုယ့်လက်ထဲရောက်ပြီမို့ ရွှေစစ်မစစ် သေချာကြည့်လိုက်သည်။

ဝါး. . ရွှေ. . ရွှေမှရွှေအစစ်၊ ဟား. . ဟား. . ငါ. . ဒီဘုရားကိုလာတိုင်း တစ်ခုမဟုတ်တစ်ခု ကောက်ရနေပါလား။ ဗိုးဗိုးပြောသလိုနတ်တွေပဲ မစနေတာလား။ ဘုရားတန်ခိုးကြောင့်လား။ ဒါမှမဟုတ် အတိတ်က ပဋ္ဌာန်းဆက် ရှိခဲ့ဖူးတဲ့ ဥစ္စာစောင့်တွေကများ ပေးနေတာလား။

ဇဝေဇဝါအတွေးကို အသံထွက် ခပ်တိုးတိုးပြောရင်း လက်စွပ်ကို အင်္ကျီအိပ်ကပ်ထဲထည့်ပြီး ဈောင်တန်းလှေကားမှ ခပ်သွက်သွက်ဆင်းခဲ့လိုက်သည်။

စိတ်ထဲက ပျော်သလိုလိုကြီး ခံစားနေရသည် ချမ်းသာဘဝ တဖြည်းဖြည်း ပြောင်းလဲဖို့ နိဒါန်းပျိုးနေပြီလားဟူသော မျှော်လင့်ချက်ကြောင့် ရှေ့ဆက်မည့်ခရီးလမ်းအတွက် အင်အားတစ်ခု တိုးလာသလိုခံစားရ၏။

ဒါမှမဟုတ် နတ်တွေနှင့်အပေးအယူလုပ်ထားတာ အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



တာများလား။

လက်စွပ်တစ်ကွင်း ကောက်ရ၍ အပျော်လွန်ကာ ဆိုက္ကားကို ခပ်မြန်မြန် နင်းသွားသော ချမ်းသာနောက်သို့ မေမင်းနှင့် သက်ငြိမ်ကားဖြင့် လိုက်လာကြ၏။

ချမ်းသာကတော့ လုံးဝကိုမရိပ်မိ အပျော်တွေ ထွန့်ထွန့်လူး နေသည်။







(၁၁)

"ကဲ. . ဒိုးဒိုး မပြောဘူးလား၊ အဖေကြီးတွေ အမေကြီးတွေ နှင့်ကို စောင့်ရှောက်ပါတယ်ဆို၊ ဒီတော့ နင့်ကတိအတိုင်း ပွဲပေးရ နော် ချမ်းသာ"

"ပေးမှာပေါ့ဟ. . နင်သာ ငါ့ကို ဒီထက်မကတဲ့ လာဘ်လာဘ ထပ်တောင်းပေး ပွဲတစ်ရာဖြစ်ပါစေ ငါပေးမယ်"

နတ်တွေပေးနေသည်ဟု တထစ်ကျယုံကြည်သွားသော ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာသည် ဒိုးဒိုးပြောသမျှကို လိုက်လုပ်ဖို့ ဝန်မလေးတော့၊ ထောင်မြင့်ဖို့ အရေး ရာလောက်စွန့်ရတာ ဘာအရေးလဲ။

နတ်တွေကို ယုံကြည်ကိုးကွယ်မှုသည် နတ်တွေကလည်း ပြန်၍အကျိုးပြုသည် ဆိုသည်မှာ ယခု ချမ်းသာ လက်တွေ့မဟုတ်လား

ယခုဆို ချမ်းသာဘဝ ငွေစငွေနလေးတွေ ရှင်လာပြီ။ ကိုယ် ဘာမှ အားမစိုက်ရပါပဲနှင့် ဝင်လာသော ရွှေငွေတွေက နတ်တွေ နေသည်ဆိုတာ ဘယ်လိုမှ ငြင်း၍မရအောင် အကြောင်းပြချက် ခိုင်လုံ နေပြီ။

ဝိတ်တာဘဝက လွတ်မြောက်ပြီး သင့်တင့်သော စီးပွားရေး လေးတစ်ခု ပိုင်ဆိုင်ရလျှင် ချမ်းသာအဖို့ မျှော်လင့်ရကျိုး နပ်ပါပြီ။

"ချမ်းသာ နင် ဒီထက်အဆင်ပြေရင်တော့ ရိုးရာပြန်ဖော် မယ်နော်၊ နင်က နင့်မိဘတွေရဲ့ ရိုးရာကို ဆက်ပြီးထိန်းရမှာ၊ နှစ်ဘက် ရိုးရာကို မေ့ထားကြလို့ နင့်မိဘတွေ ခုလို ဒုက္ခတွင်းနက်နေတာ"

"ဟင်. . ဟုတ်လား ဒါဆို ငါက ဘယ်လိုရိုးရာ ပြန်ဖော်ရမလဲ"

"အမိဘက်ဆိုင်သောရိုးရာ၊ အဖဘက်ဆိုင်သောရိုးရာတွေကို ပူဇော်တင်မြှောက်ပွဲလေး လုပ်ရမယ်၊ နင်က သူတို့ကို မမေ့ရင် နင့်ကို လည်း သူတို့က အမြဲချစ်ပြီး စောင့်ရှောက်လိမ့်မယ်တဲ့. . သိလား ချမ်း သာရဲ့"

ကိုယ်ကိုယိမ်းထိုးပြီး မျက်လုံးမှိတ်ကာ ဟောချက်တွေ ထုတ် နေသော နတ်ကတော် ဒိုးဒိုးစကားကို မြေဝယ်ကျိုးမတတ် နားထောင် နေသော ချမ်းသာ၏မျက်နှာပေါ်မှာ မျှော်လင့်ချက်အိပ်မက်တွေ ဖိတ် ဖိတ်တောက်နေ၏။

ရွှေ့လျှောက် နတ်တွေကိုသာ ဒီထက်ယုံကြည်ကိုးကွယ်လျှင် နတ်တွေကလည်း ဒီထက်မကသော စီးပွားဥစ္စာ လာဘ်လာဘတွေကို





မည်ဟူသော ယုံကြည်မှုက ချမ်းသာ၏ အတွေးထဲသို့ ခေါက်ရိုးကျိုး သွားသည်။

ထိုစဉ် ဓါတ်ခန်းထဲသို့ ရပ်ကွက်ထဲမှ ဒေါ်ညွှန့် ရေးကြီးသုတ် နှင့် ဝင်လာ၏။

ဒိုးဒိုးနှင့် ချမ်းသာကို မြင်တော့ အနားမှာ စွေ့ခနဲ ခပ်ကျုံ့ကျုံ့ ထိုင်လိုက်ပြီး နတ်ရုပ်တွေကို အရင်ဆုံး ဦးချကန်တော့လိုက်သည်။

ဒိုးဒိုး မှင်သေသေနှင့် သူ့ကိုယ်ပေါ်ကို ပဝါတစ်ခု ခြုံလိုက် သည်။

"မနေ့က မယ်တော်ကြီး ဒွဲချပေးလိုက်တာ ခုနစ်ရက်သားသမီး တွေ မြိုးမြိုးမြက်မြက်လေး ရလိုက်တယ် မဟုတ်လား"

"ရတော့ ရပါတယ်၊ ဒါပေမယ့် ထိုးကြွေးတွေကများတော့. . အိတ်ထဲကတောင် အပိုဆောင်းပြီး ပြန်ပေးလိုက်ရသေးတယ်"

"ဩော်. . ဒါကတော့ ဉာဏ်လေးနဲ့ယှဉ်ပေါ့ကွယ်. . ကဲ. . ကဲ ဘာကိစ္စများတုန်း"

"မနက်ဖြန်အတွက် ဂဏန်းလိုချင်လို့ပါ"

"ဟေ. . တယ်လဲ လောဘများသကိုး၊ အင်းလေ. . အမေက လုံးကို ကယ်တင်နေတာပဲ၊ ဟောဟိုမှာ အမေ့စင်ပေါ်ကိုကြည့် တိုင်က ဘာဂဏန်းပေါ်တုန်း"

ဒိုးဒိုး မေးဆတ်ပြရာသို့ ဒေါ်ညွှန့် လက်အုပ်ကလေးချီကာ ကြည့်လိုက်သည်။

"ဝလုံးပါ"

"အေး ဒါဆိုရင်တော့ ပူးပြီသာမှတ်၊ ဒီလက တော်သလင်းလ တ်လား. . အပူးအထွက် များမယ်၊ ငွေနံ့တွေရှင်တဲ့ကာလမို့ အပူး ဏန်းတွေကို ဦးစားပေးထိုး"



www.burmeseclassic.com

www.burmeseclassic.com






"ဟုတ်ကဲ့ပါ. . နောက်ပြီး. . ဟိုလေ အမေ့ကို မေးစရာလေ ရှိလို့ပါ"

"မေး. . မေး. . ဒီနေ့ အမေ့ဓါတ်ခန်း မြူးတဲ့အတွက် အမေ မှန်မှန်ကန်ကန် ဟောပေးမယ်၊ အဲ. . အဲလေ အမေကြည့်ရှုဆောင် မယ်"

"သားကြီးကို ရှေ့လာမယ့် အပတ်မှာ စီရင်ချက်ချမှာပါ၊ အဲဒ တရားသူကြီး စီရင်ချက်ချရင် ပေါ့ပေါ့လျော့လျော့လေးဖြစ်အောင်. . အမေ အစီအရင်လေး ပေးပါဦး"

"သူက ထိုးသားအနေနဲ့ ဆွဲစိခံရတာ ဆိုတော့ အမှုပေါ့ပြီးသာ ပဲ"

နတ်ဝင်သည်တစ်ယောက်၏ ဟန်အပြည့်ဖြင့် ဒိုးဒိုး ဟော





ဆွဲထုတ်နေ၏။ ဒေါ်ညွန့်ကလည်း လက်အုပ်ကလေး ချီကာ တရိုတသေ နားထောင်၏။

ချမ်းသာ ဘေးမှထိုင်ကြည့်နေ၏။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ချုပ်ရက်နဲ့ဘာနဲ့ဆိုရင် ပိုင်းလောက်လေးပဲ နေရအောင် အမေကလုပ်ပေးပါ"

"အိမ်း. . ကောင်းပြီ၊ အဲဒီနေ့ တရားခွင်ကို အမေလာမယ်လေ. . ၊ တရားသူကြီးရဲ့နှုတ်ကို အမေကိုယ်တိုင်ထိန်းပြီး စီရင်ချက်ပေါ့လျော့အောင် ကူညီမယ်၊ အဲ. . မကူညီခင်မှာ အစီအရင် တစ်ခုလုပ်ရမယ်"

"ဟုတ်ကဲ့ ပြောပါအမေ၊ သားလေး အတွက်ဆိုရင် ဘာပဲလုပ်ရလုပ်ရပါပဲ"

သားဇောနှင့်မို့ ဒေါ်ညွန့်၏ယုံကြည်မှုတွေ တစ်ဖက်စွန်းရောက်နေ၏။

"အဲဒီအစီအရင်က နတ်တွေအပြင် အတိတ်ဘဝက တော်စပ်ခဲ့တဲ့ သူ့ရဲ့မိဘဆွေမျိုးဟောင်းတွေအတွက် ဒါနပြုရမယ်၊ ပဋ္ဌာန်းဆက်က ဒီဘဝထိပါလာတော့ သူတို့ကလည်း စောင့်ရှောက်နေတာပဲ၊ တချို့ဆိုရင် မကျွတ်မလွတ် သေးတဲ့ဘုံဘဝမှာပဲ ရှိနေကြသေးတာ မဟုတ်လား၊ ဒါတင်မကဘူး အစ်မတော်ကိုလည်း မေ့ထားတော့ အစ်မတော်ကလည်း နှောင့်ထားသေးတာ"

"အစ်. . . အစ်မတော်ဆိုတာ ဘယ်သူပါလဲ"

"ဩော်. . ဝေးပ့ါ အစ်မတော်ဆိုတာ အစ်မမြနန်းနွယ်ကို ပြောတာပေါ့၊ သူ့ကိုလည်း မမေ့ဘူးဆိုတာ သက်သေပြတဲ့အနေနဲ့. . ပူဇော်သမှုလေး လုပ်ရမယ်၊ ဟောဟိုမှာတွေ့လား အစ်မတော် မြနန်းနွယ်ပုံတော် သူစိတ်ဆိုးနေရင် ပိုအပြစ်ကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ခန်း၏ထောင့်တွင် ပိုတော်ဖြင့် အမွှေးနံ့သာ ပန်းအစုံအလင် ထွန်းညှိထားသော စင်တစ်ခုကို ဒေါ်ညွှန့် လှမ်းကြည့်၏။ ချမ်းသာလဲ ဘာရယ်မဟုတ် လှမ်းကြည့်လိုက်သည်။

"ဟုတ်ကဲ့ စိတ်မဆိုးအောင် ဘာလုပ်ရမလဲ"

"သူက အလှုကြိုက်တယ် မဟုတ်လား၊ မိန်းမ အသုံးအဆောင် ပစ္စည်းလေးဘာလေး ဝယ်ပြီးလှူပေ့ါ"

"ဟို . . ကန် . . ကန်တော့ပွဲပေးရင်ရော"

"အို . . ဓါတ်ခန်းထဲမှာ ကန်တော့ပွဲတွေ ပြည့်နေတာပဲ၊ ပြီးရင် အဲဒီငှက်ပျောသီးတွေ ဘယ်သူမှ မစားဘူး အလကားလေတယ်၊ အဲ . . အဲလေ . . အစ်မတော်က ပွဲမလိုချင်ဘူးတဲ့ ပြည့်စုံနေပြီတဲ့"

"ဒါဆို ဘာဝယ်လှူရမလဲ"

"နေဦး . . မေးပေးမယ် မေးပေးမယ်"

ဒိုးဒိုး အစ်မတော် မြနန်းနွယ် နတ်နန်းရှိရာသို့ မျှော်ကြည့်ပြီး အာရုံခံကာ ပါးစပ်မှလည်း တညံညံနှင့် ဘာတွေရွတ်နေမှန်းမသိ။

ချမ်းသာ မမှိန်မသုန် ကြည့်နေ၏။ ထူးခြားမှုတွေ ဘာတွေများ ရှိလာမလဲလို့ ဖြစ်သည်။

"အင်း . . ဟုတ်ပြီ . . ဟုတ်ပါပြီ အစ်မတော် . . ဟုတ်ပါပြီ မိန့်လိုက်ပါမယ်၊ ဟုတ်ပါပြီ . . မှန်လှပါ အစ်မတော် "

ဒိုးဒိုး အစ်မတော်မြနန်းနွယ်၏အမိန့်ကို တစ်သဝေမတိမ်း နာခံရမည့် သူတစ်ယောက်၏ဟန်ဖြင့် လက်အုပ်တချီချီ ခေါင်းတညိတ်ညိတ် . . .

"ဩော် . . ကဲ . . ဒေါ်ညွှန့်ရေ ကျုပ်တို့အစ်မတော်က နည်းနည်းတောင် ခေတ်မီလာပြီပဲ၊ သူက ကန်တော့ပွဲတွေ မလိုချင်တော့ဘူးတဲ့၊ အခု သူလိုအပ်နေတာ ဒီခေတ် အပျိုမလေးတွေ လိမ်းနေတဲ့





Day Cream နဲ့ Night Cream တဲ့ . . . "

ချမ်းသာ မျက်လုံးအနည်းငယ် ပြူးသွားသည်။ ဒါဟာ အံ့ဩစရာ မကောင်းပေဘူးလား၊ နတ်တွေ ခေတ်မီလာတာလား . . ။

"ဟုတ် . . ဟုတ်ကဲ့ပါ အစ်မတော်က ဘယ်လိုအမျိုးအစားကို ကြိုက်တာပါလဲ၊ ဘယ်လောက် ဈေးကြီးကြီး ဝယ်လှူပါ့မယ်"

"သိပ်ဈေးမကြီးပါဘူး၊ O Lay အမျိုးအစားထဲကပဲ ဝယ်လှူလိုက်ပါ၊ အဲ . . ဒီထက် စေတနာပိုသွားရင်တော့ Lotion လေးပါ ပါရင်ကောင်း . . . "

"ဟုတ် . . ဟုတ်ကဲ့ ဝယ်လှူပါ့မယ်"

"အဲ . . မပြီးသေးဘူး အရင်ဘဝက ဆွေမျိုးတွေအတွက်လဲ လှူရဦးမယ်"

"ဟုတ်ကဲ့ ဘာဝယ်လှူရမလဲ"

"အမေထွား ပဲဆီ တစ်ပိဿာ၊ ဆန်ဆယ်ပြည်၊ သကြား တစ်ပိဿာ၊ နို့ဆီသုံးလုံး၊ ကော်ဖီမစ် တစ်ပါကင်၊ လီလီပန်းက ဆယ်ခိုင်၊ ဖယောင်းတိုင် အတိုင်ကြီး သုံးထုပ်၊ အမွှေးတိုင် သုံးပါကင်၊ အဲ . . အဲဒါတွေလှူပြီးရင်တော့ ဒေါ်ညွှန့်ရဲ့သား ချုပ်ရက်တွေတိုလွန်းလို့ အပြင်ကို အမြန်ဆုံး ပြန်ထွက်လာစေရမယ်"

ထူးဆန်းသောလှူဖွယ်ပစ္စည်းတွေကြောင့် ကာယကံရှင်ဒေါ်ညွှန့်တော့မသိ . . ။ ဘေးမှနားထောင်နေသော ချမ်းသာပင် ရင်ထဲမှာ မှော်သလိုလို ခံစားလိုက်ရ၏။

နတ်တွေက အမေထွားပဲဆီ၊ Day Cream, Night Cream ပဲသိတာပဲလား။ ခုတစ်လော ချမ်းသာ ရင်ဆိုင်ကြုံတွေ့နေရတာတွေဟာ အံ့သြစရာတော့ အလွန်ကောင်းနေ၏။

ဒါဟာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေ၏ အယူသီးမှုတစ်ခုဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို ချမ်းသာ သဘောပေါက်သင့်နေပေမယ့် ကိုယ်ကိုယ်တိုင်ကိုက မြိုးမြိုးမြက်မြက်လေး ရထားတော့ သိပ်ပြီးတော့လည်း မယိုးစွပ်ရဲပြန်။

သို့ဆိုလျှင် ချမ်းသာသည်လည်း. . .။







## (၁၂)

"ဘာ. . . တကယ်. . ၊ စပေါ်ငွေ တစ်ပြားမှတင်စရာမလို . . ဟုတ်လား"

ဝမ်းသာခြင်းတွေက ဘုံဘိုင်ခေါင်းထဲမှ ဖြာထွက်လာသော ရေလို ဖွာလန်ကြဲသွားသည်။ ခုတလော ကံကောင်းခြင်းတွေက ထင် ထားတဲ့ အချိန်တွေမှာ ဝုန်းခနဲ ခုန်ခုန်ဝင်လာကြသဖြင့် ဝမ်းသာ သောအချိန်တွေ များနေကာ ဖတ်ဖတ်မောနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆို. . . သူများဆိုရင်တော့ စပေါ်ယူတယ်တဲ့ မင်းက ငါ့သူငယ်ချင်းဖြစ်နေတာကတစ်ကြောင်း ရိုးသာတာက တစ်ကြောင်းမို့ စပေါ်မတင်နဲ့လို့ ငါ့အဖေကိုယ်တိုင်ကပြောတာ"

"အေး. . အေးပါကွာ၊ ငါက စပေါ်တင်ရမယ်ပဲ စိတ်ထဲမှာ တွက်ထားတာ၊ ခုလို မတင်ရဘူးဆိုတာ ဖြုန်းခနဲ သိရတော့ ပိုဝမ်းသာသွားတာပေါ့၊ ကျေးဇူးတင်တယ် သူငယ်ချင်းရာ. . အဲဒီကျေးဇူးကို ငါ ဘယ်တော့မှ မမေ့ဘူး"

ကံနက်၏ လက်တစ်ဖက်ကို ဆွဲယူပြီး ကျေးဇူးတင်ကြောင်းတွေ အထပ်ထပ်အခါခါ ပြောမိသည်။

"မလိုပါဘူးကွာ မင်းနဲ့ငါနဲ့က ဟိုငယ်ငယ်ကတည်းက လည်ပင်းဖက်ကြီးလာကြတဲ့ သူငယ်ချင်းတွေပဲ၊ မင်းနဲ့ငါ့ကြားမှာ ကျေးဇူးတရားလိုလို့လား"

နွေးထွေးမှုရှိသော ကံနက်စကားကြောင့် ချမ်းသာ ခေါင်းသာ ဆတ်ဆတ်ညိတ်ကာ ကံနက်ဘာကြောင့်ခုလို မပူမပင်နေရသလဲ ဆိုတဲ့ အဖြေကို ချမ်းသာ ရှာတွေ့သွားသည်။

"ရော့. . သူငယ်ချင်း ကားယူသွားတော့"

စားပွဲပေါ် လှမ်းတင်ပေးသော ကားသော့ကို ချမ်းသာ လှမ်းယူလိုက်သည်။

"ကားမမောင်းတာကြာတော့ ကားမောင်းရမှာ စိတ်လှုပ်ရှားသလိုလိုပဲကွာ"

"ရော်. . မင်းကလည်း ဘာကိုစိတ်လှုပ်ရှားတာလဲ မင်းကိုကားမောင်းသင်ပေးခဲ့တာ ငါလေကွာ၊ မင်းလည်းမကြာမကြာ ငါ့ကား တစ်မောင်းနေတာပဲ ကားနဲ့စိမ်းနေတာမှ မဟုတ်တာ၊ ရဲရဲမောင်းစမ်းပါ. . သင်ပေးရတဲ့ဆရာ မျက်နှာပျက်အောင် မလုပ်နဲ့"





ရယ်ကျဲကျဲ ပြောလိုက်သော ကံနက်စကားကြောင့် ချမ်းသာ စိုးရိမ်စိတ်ကို လျှော့ချလိုက်ပြီး. . .

"အေးပါ. . ငါ သတိထားမောင်းရမှာပေါ့"

"ဒီနေ့ကစပြီး မင်းက ဝိတ်တာလည်း မဟုတ်တော့ဘူး၊ ဆိုက္ကားဆရာလည်း မဟုတ်တော့ဘူး၊ TAXI ဆရာဖြစ်သွားပြီ၊ နောက်ဆို. . ကားပိုင်လေးဝယ်နိုင်အောင် ကြိုးစား"

ကံနက် အားပေးစကားက မျှော်လင့်ချက်တွေကို ပို၍ ခိုင်မာတောင့်တင်းလာစေ၏။

ဒါလည်း နတ်တွေမစတာလား၊ ကိုယ့်ကံကိုက ဖြစ်ချိန်တန်လို့ ဖြစ်လာတာလားဆိုတာ ချမ်းသာတစ်ယောက် စေ့စေ့ပင် မတွေးချင်တော့. . .။

ခုလောလောဆယ်မှာ စိတ်တွေကို ပန္တုပွန်တည့်တည့်မှာ နေရင်းပြီး. . . ကြုံသလို ရီးလေးခိုလိုက်တာ ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





(၁၃)

"အန်တီမေ . . အန်တီမေ . . ဒီမှာ . . ဒီမှာ . . စာ . . စာ . . ."

သက်ငြိမ်ပုံစံက တစ်ခုခုကို စိတ်ပူနေသောပုံစံမို့ ဒေါ်ခင်ခင်ခန့် ဘုရားခန်းထဲမှထွက်လာသော ခြေလှမ်းတွေ ရပ်သွားကာ . . .

"ဟဲ့ . . သက်ငြိမ် ဘာလဲ . . ဘာစာလဲ၊ ညည်းကို ဘယ်သူက ရည်းစားစာပေးလိုက်လို့ သွေးရူးသွေးတန်း ဖြစ်လာတာတုန်း"





"မဟုတ်ဘူး မပေးဘူး၊ ဒီ . . ဒီစာက မေမင်းစာ"

"ဘယ်လို မေမင်းစာ ဟုတ်လား"

"ဘယ်သူပေးခိုင်းလိုက်လို့လဲ၊ အဲဒါ အန်တီမေ့ကို လာပြစရာလား မေမင်းကိုပေးလေ"

စကားအကြောင်းအရာက လိုရင်းကို မရောက်၍ သက်ငြိမ် ခေါင်းကို တွင်တွင်ခါကာ . . .

"မဟုတ်ဘူး အန်တီမေ၊ နေ . . နေပါဦး သက်ငြိမ်ပြောတာကို ငြိမ်ငြိမ်လေး အရင်နားထောင်၊ အခု မေမင်း အိမ်ကထွက်သွားပြီ"

"ဘာ"

ဒီတစ်ခါ ခေါင်းမွေးတွေ ထောင်ထမတတ် စိတ်လှုပ်ရှား ထူပူသွားသူက ဒေါ်ခင်ခင်ခန့် . . .

"ဟုတ်တယ် ဒီမှာ စာထားသွားတယ်"

"အမလေး . . ဘုရား . . ဘုရား၊ ဒါဆို ငါ့သမီးက လင်နောက်လိုက်သွားတာလား"

"မဟုတ်ဘူး အန်တီမေ၊ သူ့မှာ ရည်းစားမှမရှိတာ၊ ခုဟာက အန်တီမေတို့က နိုင်ငံခြားမှာ ကျောင်းသွားတက်ရင်း မစ္စတာ ကရိန်းသူး(စ်)နဲ့ ပေးစားမယ်ဆိုတဲ့ အစီအစဉ်ကို သူ မလိုက်နာနိုင်လို့ အိမ်က ထွက်သွားတာတဲ့၊ ရော့ . . ဒီစာထဲမှာ ရေးထားတာ"

တူမဖြစ်သူ သက်ငြိမ်လှမ်းပေးသော စာကိုပင် လှမ်းမယူနိုင်လောက်အောင် ဒေါ်ခင်ခင်ခန့် သမီးဇောဖြင့် ထူပူသွေးပျက်နေ၏။

"ဒုက္ခပါပဲ သမီးလေးတော့ ဘယ်ကိုထွက်သွားတာလဲ"

ငိုသံပါကြီးဖြင့် ဒေါ်ခင်ခင်ခန့် စိတ်တွေလှုပ်ရှားနေ၏။ တစ်ဦးတည်းသောသမီးလေးမို့ ကောင်းစားစေချင်လို့ စီစဉ်ခဲ့ကြတဲ့ မိဘတွေရဲ့ စေတနာကို ဘာကြောင့်နားမလည်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



တရှုံ့ရှုံ့ငိုရင်း ခင်ပွန်းဖြစ်သူ စာကြည့်ခန်းထဲသို့ ရေးကြီးသုတ်ပျာဖြင့် ဝင်လာလိုက်၏။ သက်ငြိမ်လည်း ဘာတွေဖြစ်မလဲဆိုသော ပူပန်စိတ်ဖြင့် ဒေါ်ခင်ခင်ခန့် နောက်မှ ခပ်ကုပ်ကုပ် လိုက်ခဲ့လိုက်သည်။

စာဖတ်နေသော ဦးသက်လွင်မှာ မျက်ရည်လည်ရွဲဖြင့် ဝင်လာသော ဇနီးဖြစ်သူအား မျက်မှန်ကိုပင့်ကာ မော့ကြည့်ရင်း. . .

"ဘာဖြစ်လို့လဲ ခင်"

ဒေါ်ခင်ခင်ခန့် ဝမ်းနည်းပက်လက် ငိုကြွေးသံကြီးဖြင့်. . .

"အဖေကြီး ရှင့်သမီး နိုင်ငံခြားမှာ ကျောင်းမတက်ချင်လို့ ဆိုပြီး အိမ်ကထွက်သွားတယ်"

"ဘာ. . . တောက်. . . ."

ဦးသက်လွင်မျက်မှာမှာ ဒေါသကြောင့် မာထန်သွားကာ တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်ပြီး. . .

"မိဘက မြန်မာပြည်က ဘွဲ့လေးတစ်လုံးလောက်နဲ့ လူရာမဝင်မှာစိုးလို့ နိုင်ငံခြားကကျောင်းကို ထပ်တက်ခိုင်းတာ၊ ဒင်းကို ငရဲပြည်ပို့တယ်များ မှတ်နေလား မသိဘူး"

"သြော်. . . ရှင်က ကျောင်းတက်ခိုင်းရုံတင်မဟုတ်ပဲ ကရိန်းယူး(စ်)နဲ့ပါ ပေးစားမယ်ဆိုတော့ သမီးက ဘယ်ယူချင်မလဲ. . အဟင့်ဟင့်၊ သမီးလေးတော့ သနားပါတယ် ခုလောက်ဆို ဘယ်ရောက်နေလောက်ပြီလဲမသိဘူး၊ အစကတည်းက ကျောင်းသွားတက်ရုံပဲလို့ပြောပြီး ကရိန်းယူး(စ်)နဲ့ ပေးစားမယ့်အစီအစဉ်ကို ကြိုမပြောခဲ့ရင်. . သမီးလေး ခုလို အိမ်ကထွက်သွားမှာမဟုတ်ဘူး"

ဒေါ်ခင်ခင်ခန့် မျက်ရည်တွေကို တွင်တွင်သုတ်ကာ ဦးသက်လွင်ကို အပြစ်တွေပုံချနေ၏။

"ဟ. . ကရိန်းယူး(စ်)ဆိုတာ နာမည်ကသာ နိုင်ငံခြားနာမည်





သူကဗမာလေ၊ နိုင်ငံခြားသွေး တစ်ဝက်ပါပေမယ့် သူ့စိတ်က ဗမာစိတ်ရော်ဖက်ရှင်နယ် စီးပွားရေးသမားတစ်ယောက်၊ ယူအက်(စ်)မှာ. . တူမှုဏီ သုံးလေးခုရှိရုံတင် မဟုတ်ဘူး မြန်မာပြည်မှာပါ ရင်းနှီးမြှုပ်နှံမှုတွေ လာလုပ်ဖို့ စီစဉ်နေတဲ့ ရှားပါးလူတော်တစ်ယောက်ကို မိဘက ရွေးချယ်ပေးတာကို သူကငြင်းရသလား၊ သူ့မှာ ဦးနှောက်မရှိဘူးလား၊ ဘွဲ့လေးတစ်လုံးလောက်ရပြီး အိမ်ခေါင်းထဲမှာနေ မိဘရဲ့စည်းစိမ်တွေနဲ့ ဘွားအေတွေ အမွေပေးခဲ့တဲ့ သူ့ပိုင်ဆိုင်မှုတွေနဲ့တင် သူ့ဘဝ ပြီးပြည့်စုံနေပြီလို့ထင်နေတဲ့ အမိုက်မ"

"ခုမှတော့ သမီးကို အပြစ်တင်မနေပါနဲ့၊ သမီး အပြစ်ကြီးပဲမဟုတ်ဘူး မိဘတွေရဲ့ အပြစ်လဲပါတာပဲ. . ဟဲ့. . သက်ငြိမ် သူဘာပြောသွားသေးလဲ ပိုက်ဆံရော လုံလုံလောက်လောက် ပါသွားရဲ့လား"

"မ. . မသိဘူး အန်တီမေ၊ သူ့. . သူ့ရဲ့ ခရက်ဒစ်ကတ်တော့ မတွေ့ဘူး"

"အမလေး တော်ပါသေးရဲ့၊ ဒါဆိုရင်တော့ ဟိုတယ်တစ်ခုခုမှာ ပုန်းနေမှာပါ၊ သူ့ သူငယ်ချင်းဆီရော ဖုန်းတွေဆက်ပြီး မေးပြီးပြီလား"

"မေးသင့်သလောက် မေးပြီးပြီ အန်တီမေ၊ မလာဘူးတဲ့"

သမီးဖောကြောင့် ဒေါ်ခင်ခင်ခန့် ရင်ထဲမှာ မီးစနှင့်ထိုးခံရသလို ပူထူကျိန်းစပ်နေ၏။

ဦးသက်လွင်ကတော့ စာအုပ်ပင် ဆက်မဖတ်နိုင်တော့ စားပွဲမှာ ငူငူကြီးထိုင်ပြီး အသက်ကို ခပ်ပြင်းပြင်းရှူကာ စိတ်တွေတိုနေ၏။

ဒေါသရှေ့ထားသော ဦးသက်လွင်ကို ဒေါ်ခင်ခင်ခန့် ဘာမှမတိုင်ပင်နေတော့ အဖေဆိုတော့ ပူပန်စိတ်ရှိကြတာချင်း အတူတူ အမေတွေရဲ့ ပူပန်မှုလောက်တော့ ဘယ်ကြီးထွားမလဲ။ ကရုဏာဒေါသဆိုပေမယ့် ခုချိန်မှာ သမီးကို အပြစ်တင်နေလို့ရော သမီးက အထုပ်ပိုက်

www.burmeseclassic.com

ပြီး အိမ်ပြန်လာမှာမှ မဟုတ်တာ. . .။

ဒီတော့ သူရှာရှာမရှာရှာ ဒေါ်ခင်ခင်ခန့်က အမေဆိုတော့ အိမ်မှာထိုင်ပြီး သောကမပွားနိုင်. . .

"သက်ငြိမ် ကားထုတ်စမ်း တွေလိုတွေ့ငြား လိုက်ရှာကြည့်ရမှာပဲ"

"ဟုတ်ကဲ့ အန်တီမေ၊ ကားလဲ အဆင်သင့် ထုတ်ပြီးပါပြီ"

သက်ငြိမ်ကလည်း ထိုမျှလောက်ထိ လာဘ်မြင်ပြီးသား မေမင်းကို တားမရ၍သာ လွှတ်ပေးလိုက်ရတာ။

မေမင်းက ဟိုးအရင်ငယ်ငယ်ကတည်းက. . တဖွတ်ထိုးတဖောက်ကန်းသမား၊ သူ့စိတ်ထဲထင်ရာကိုသာ ဦးစားပေး လုပ်တတ်သူ။

ခုလည်း သူဘယ်မှာရှိနေတယ်ဆိုတာ သက်ငြိမ် မသိပဲနေမလား၊ သူတည်းမယ့် ဟိုတယ်ကို သက်ငြိမ်ကိုယ်တိုင် အထုပ်ပိုက်ပြီး လိုက်ပို့ခဲ့တာဆိုတော့. . .။








ချမ်းသာတစ်ယောက် ဒီတစ်ခါတော့ ဘုရားကို ဆိုကွာ
သာစရာမလိုတော့၊ တက္ကစီဆရာ ဖြစ်ပြီဆိုတော့ ကားသော့လေး
ကြားထိုးပြီး မြှောက်ကြွမြှောက်ကြွ ခြေလှမ်းတွေဖြင့် ဘုရားပေါ်ကို
တက်လာ၏။

ဒီနေ့ ရာသီဥတုအခြေအနေ မကောင်း၍ ကားကို မိုးချုပ်ထိ
ခဲ့တော့. . အုံနာကြေး ဆီဖိုးနှင့် ကိုယ့်အတွက် ခြောက်ထောင်ခုနစ်
ထောင်လောက် ခိုင်သွား၍ ဘုရားကို စောစောလာခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



မိုးတွေကို အုံ့မဲနေ၍ အရင်လို ဘုရားရှေ့မှာ ပုတီးအကြာကြီး စိပ်၍မဖြစ် တိုတိုတုတ်တုတ် ရှိခိုးပြီး နတ်ကွန်းစင်တွေမှာ အမွှေးတိုင် ဖယောင်းတိုင်ပူဇော်ပြီး မြန်မြန်ပြန်မှ ဖြစ်မည်။

ထို့ကြောင့် ကဿပမြတ်စွာဘုရားရှေ့တွင် ထိုင်ကာ. . ငါးပါးသီလခံ ဂုဏ်တော်တွေကို ပူဇော်လိုက်သည်။

"အဟင့်. . ဟင့်. . ဟင့်. . ဟင့်"

မေတ္တာသုတ် ပရိတ်တရားတော် ပူဇော်နေစဉ် နားထဲသို့. . . မိန်းကလေးတစ်ယောက်၏ ငိုသံသဲ့သဲ့ကို ကြားလိုက်ရ၍ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။

ထို့ကြောင့် ခပ်မြန်မြန် ပူဇော်လိုက်ပြီး နောက်လှည့်ပြီး ဘေးဘီဝဲယာကို ကြည့်လိုက်သည်။ မိုးငွေ့တွေမဲတက်နေ၍ ဘုရားရင်ပြင်တော်ပေါ်မှာ ချမ်းသာကလွဲ၍ ဘယ်သူမှရှိမနေ။

သို့ဆိုလျှင် ထိုငိုသံသည် ဘယ်ကထွက်ပေါ် လာနိုင်သလဲ။ လူနေအိမ်ခြေတွေနှင့်လည်း ဝေးပြီး ဘေးမှာလည်း သစ်ပင်ကြီးတွေ ဝိုင်းရံနေသည်ကလွဲပြီး ကွင်းထီးထီး. . .

"အဟင့်. . ဟင့်. . ဟင့်. . ဟင့်. . ဟင့်"

အမှောင်ဘက် ခပ်သန်းသန်းအချိန်မှာ နာနာဘာဝတွေက ထွက်တတ်သည်မို့ ထိုငိုညည်းသံသည် ရိုးမှရိုးရဲ့လားဟု တွေးပြီး စိတ်ထဲမှာ တွန့်သွားကာ ကြက်သီးပင် ဖြန်းခနဲ ထသွားမိ၏။

ငိုသံကတော့ ခပ်သဲ့သဲ့ ထွက်ပေါ်နေဆဲ။

ချမ်းသာ နတ်ကွန်းစင်တွေရှိရာဘက်သို့ လျှောက်လာ၏။ နတ်ကွန်းစင်တွေဘက်မရောက်ခင် ဘိုးတော်နန်းနားအရောက် အမျိုးသမီးတစ်ဦး ခပ်ကျုံ့ကျုံ့ထိုင်ကာ ငိုနေတာကိုတွေ့သွား၍ ကူညီပေးဖို့အတွက် အနားသို့ လျှောက်သွားလိုက်သည်။





"ဒီ. . ဒီမှာ ညီမ. . ဘာဖြစ်လို့လဲ ကိုယ်ဘာကူညီရမလဲ"

အနားသို့သွားကာ ကိုယ်ကိုကိုင်းပြီး ခပ်တိုးတိုး မေးလိုက်သော အမေးကြောင့် မျက်ရည်ပြည့် မျက်ဝန်းလေးတစ်စုံ လှစ်ခနဲ ပင့်မော့လာကာ အားကိုးတကြီး ကြည့်လာသည်။

ချစ်စရာကောင်းသော မျက်နှာလှလှလေးမို့ ချမ်းသာရင်ထဲ၌ ကြက်အတောင်ပံခတ်သလို လှုပ်ခနဲ ဖြစ်သွားသည် ။ ဒါကို သတိထားမိပေမယ့် တွေ့သမျှ မိန်းကလေး ရင်ခုန်နေလို့မှ မရတာ. . .

"အစ်ကို ညီမ ချစ်သူလားဟင်"

"ဗျာ"

ငိုသံနှောသော အသံလေးဖြင့် ခပ်သဲ့သဲ့ မေးလာသော အမေးကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ရှိန်းခနဲ ဖြစ်သွားသည်။

"ဪ အစ်ကိုကလည်း ညီမ ချစ်သူလားလို့ မေးတာလေ"

မေးလိုက်သောမေးခွန်းက ထူးဆန်းနေ၍ ချမ်းသာ ပါးစပ်အဟောင်းသားနှင့် ဘာဖြေလို့ဖြေရမှန်း မသိအောင် အူကြောင်ကြောင်ဖြစ်နေသည်။

ဒီကောင်မလေး မဟုတ်မှလွဲရော ဂေါက်နေတာများလားပေါ့။ ဒါကြောင့် သူ့ ပေါက်ကရမေးခွန်းတွေ မေးနေတာ ဖြစ်မည်။

"အဲ. . မ. . မဟုတ်. . ဟုတ်. . ဟာ. . ကျွတ်. . ကွိုင်ပဲ"

အူကြောင်ကြောင်ဖြင့် ခေါင်းခါပြီးမှ တစ်ဖက်မိန်းကလေးကို အားနာပြီး ယောင်၍ခေါင်းညိတ်ပြလိုက်သည်။ သို့သော်. . ဒါလည်း အဆင်မပြေ၊ တစ်ခါမှ မမြင်ဖူးတဲ့ မိန်းကလေးက ချမ်းသာရဲ့ ချစ်သူ ဘယ်လိုဖြစ်နိုင်မှာလဲ။

"ကွိုင်. . ကွိုင်တယ်ဆိုတာ ဘာလဲအစ်ကို"

"ကွိုင်တယ်ဆိုတာ ပူတာကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲရှိရာကို ပြီးစလွယ် ဖြေချလိုက်သည်။ ကောင်မလေး သူ့ကိုယ်သူ ပြန်ငုံကြည့်ပြီး. . .

"ဟင် ဘယ်မှာပူလို့လဲ အစ်ကိုရဲ့ မပူပါဘူး"

"အယ်. . ဗုဒ္ဓေါ. . အဲ. . အဲဒါကို ပြောတာမဟုတ်ဘူး၊ ဟာ ရှုပ်ကုန်ပြီ၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

"ဘယ်လိုပြောရမှန်း မသိရင် မပြောနဲ့ပေါ့ အစ်ကိုရယ်"

"အေး. . . ဒါလဲကောင်းတာပဲ"

"ဟယ်. . ကောင်းတယ် ဟုတ်လား၊ ဒါဆိုရင် အစ်ကိုက ညီမ ချစ်သူပေါ့ ဟုတ်လား"

ငိုမဲ့မဲ့ မျက်နှာလေးမှာ ချက်ချင်းပြုံးရွှင်သွားကာ ကျုံ့ကျုံ့လေး ထိုင်နေရာမှ ဝမ်းသာအားရထခုန်ကာ မေးလိုက်သော အမေးကြောင့် ပို၍ရှုပ်သွားသည်။

"ဟာ. . မဟုတ်ဘူး၊ ဒါနဲ့. . မင်းက ဒီမှာ မင်းကောင်လေးကို စောင့်နေတာလား"

ချမ်းသာအမေးကို ချက်ချင်းမဖြေ မျက်ဝန်းကို ထောင့်ကပ်ကာ စဉ်းစားဟန်ပြုပြီးမှ. . .

"ဟင့်အင်း ကောင်လေးကို လာစောင့်တာ မဟုတ်ဘူး၊ ချစ်သူကို လာစောင့်တာ"

"ဟင်. . ငါ့နှယ် တိုင်တော့ပတ်ပြီ၊ သေချာပါပြီ ချောင်နေတာ ဖြစ်မယ်"

ချမ်းသာ ခပ်တိုးတိုးရေရွတ်ကာ ခေါင်းတွေ တဖြင်းဖြင်း ကုတ်လိုက်သည်။

"မချောင်ပါဘူး အစ်ကိုရဲ့. . ဒီမှာ ညီမအဝတ်အစားတွေက ညီမကိုယ်နဲ့ အတော်ပဲ"





အဖြူရောင် ပင်နီအင်္ကျီနှင့် ချည်ထဘီ အနီရဲရဲလေးကို ဝတ်ဆင်ထားသော သူမ၏ကိုယ်ကို တစ်ပတ်လှည့်ပြ၏။

"ညီမက ဘယ်မှာနေတာလဲ"

"ဒီဘုရားကြီးရဲ့ ဟိုးအောက်ထဲမှာ"

ဒီတစ်ခါတော့ ချမ်းသာ ခေါင်းနားပန်းကြီးသွားသည်။

"ဟင်"

"ဟုတ်တယ်. . ညီမကို အဘက လွှတ်လိုက်တာ၊ ဘုရားကုန်းပေါ်ကသွားစောင့်တဲ့၊ ငါ့မြေးနဲ့ပဋ္ဌာန်းဆက် ရှိခဲ့တဲ့ချစ်သူ ရောက်လာလိမ့်မယ်တဲ့၊ သူဟာ အလိုမပြည့်ခြင်းတွေရဲ့ လောကဓံကို ခံစားနေရရှာလို့ ငါ့သမီးက သူ့အနားမှာနေပြီး လိုရာကို ဖြည့်ဆည်းပေးလိုက်ပါလို့ မှာလိုက်တယ်"

"ဘုရား. . ဘုရား. . ဥ. . ဥစ္စာစောင့်များလား၊ ချောတာတော့ ပိုးစိုးပက်စက်ကိုချောတာ၊ အမေပြောဖူးတယ် ဥစ္စာစောင့်တွေက အရမ်းချောတာတဲ့ သူတို့ရဲ့ ကိုယ်သင်းနံ့တွေက ပန်းနံ့တွေ ထွက်တယ်တဲ့"

ဒူးတုန်ချင်ချင် ဖြစ်လာသော ချမ်းသာမှာ အတွေးထဲမှာတင် ဘုရားတကာ နှာခေါင်းတရှုံ့ရှုံ့ လုပ်လိုက်သည်။ ရနံ့ခပ်သင်းသင်းက နှာခေါင်းထဲတိုး ဝင်လာသည်။ ကြက်သီးတို့ ဖြန်းခနဲထကာ နေရာမှာ ဆက်မနေရဲတော့. . .

"သွား. . . သွားတော့မယ်နော်. . ဂွတ်နိုက်"

တော့တာလေး မရဲတရဲထောင်ပြကာ နောက်ကြောင်းကို သုတ်ခနဲ ပြန်လှည့်ဖို့ အရှိန်ယူလိုက်သည့်အခိုက်. . .

"အို. . မဂွတ်နိုက် ရပါဘူး၊ ညီမကတော့ အစ်ကို့ကိုတွေ့ပြီး အစ်ကိုတောင်းသမျှပေးဖို့ စောင့်နေတာကို. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရက်. . . ရက်ရောတယ်ပေါ့"

လက်မောင်းကို အတင်းဆွဲထားပြီး ပေးမယ်တကဲကဲ လုပ်နေသဖြင့် မရဲတရဲ မချိသွားဖြဲ မေးလိုက်သည်။

"ဒါပေါ့. . ကိုယ့်ချစ်သူဆိုတော့ ရက်ရောရမှာပေါ့ အစ်ကိုက ချမ်းသာချင်တယ်ဆို"

"ဟင်"

ဆံပင်မွေးတွေ ဖြုံးတစ်ကောင်လို ထောင်ထလာသည် ထင်ရအောင် လူကကြောက်လွန်း၍ ကျင်ငယ်ရေပင် ထွက်ကျလုနေပြီ။

"ဒါ. . ဒါလဲ သိတယ်ပေါ့"

"ဩော်. . အစ်ကိုကလည်း၊ အဘက အစ်ကို ဆင်းရဲတွင်းနက်နေတာ မကြည့်ရက်လို့ ညီမကို လွှတ်လိုက်တာပေါ့၊ ကဲပါ. . ညီမကို ခေါ်သွားပါတော့နော်"

"ဟမ်. . ဘယ်. . ဘယ်ကိုခေါ်သွားရမှာလဲ"

"အစ်ကိုရဲ့ အိမ်တော်ကိုပေါ့"

"မ. . မဖြစ်ဘူး ထင်တယ်နော်၊ ငါ့မှာ နွားခေါင်းပေါက်လောက် အိမ်လေးပဲရှိတာ"

"အို. . . နွားခေါင်းပေါက်က နှစ်ပေါက်တောင်ရှိတာ အစ်ကို တစ်ပေါက်နေ ညီမ တစ်ပေါက်နေမယ်၊ ဟင့်. . အစ်ကိုနော် အိန်ဂျယ်လေးကိုကျတော့ ရွှေငွေပါလို့လက်ခံပြီး ညီမကိုတော့ လက်မခံဘူးပေါ့ ဟုတ်လား"

"ဟိုက်. . အိန်. . အိန်ဂျယ်(လ်)ကိုလည်း သိတာပဲလား"

"သိတာပေါ့ အိန်ဂျယ်လ်က ညီမ အချစ်တော်လေးလေ၊ အဘက သူ့ကို အစ်ကို့ဆီ အရင်ပို့လိုက်တာ. . ဟိုမှာ အရမ်းဆိုးလို့လေ"

"ဩော်. . ဗုဒ္ဓေါ၊ မကောင်းကျောင်းပို့ပေါ့"





"ကဲပါ. . လာပါ ညီမတို့ သွားကြရအောင်၊ တော်ကြာ ညီမကို မခေါ်ပဲ ထားသွားရင် အဘအမျက်တော်ရှနေမှာ၊ အဲဒီကျရင် အစ်ကို အပြစ်ဒဏ်ခံရလိမ့်မယ်"

ကိုယ့်အခြေအနေဟာ ဘယ်လောက်ရှုပ်ထွေးနေပြီလဲ ဆိုတာ တွေးစား၍မရအောင် ချမ်းသာ၏ အတွေးတွေ ယောင်နနဖြစ်ကုန်၏။

ကိုယ့်ကိုယ်ကိုယ် ကံကောင်းပြီဟုထင်ထားတဲ့ အရာတွေကို နောက်ကွယ်ကနေ ဘယ်သူစပွန်ဆာပေးနေတာလဲ။

နတ်လား။ ဥစ္စာစောင့်လား။ ဘုရားဟောခဲ့တဲ့ ကံ,ကံ၏ အကျိုးဆက်ကြောင့်လား။

ခုလောလောဆယ်တော့ သိပ်လှတဲ့ လူမလေးလား၊ ဥစ္စာစောင့်မလေးလား၊ ဝိညာဉ်မလေးလား၊ ဝေခွဲမရနိုင်သည့် မိန်းမလှလေးကတော့ ကိုယ့်လက်မောင်းကို မလွှတ်တမ်း ဆုပ်ကိုင်ပြီး အိမ်ကိုလိုက်ခဲ့ဖို့ တကဲကဲ. . .။

ကြောက်လွန်း၍ အသားတွေတဆတ်ဆတ်တုန်ကာ. . . ခြေထောက်ပင် ခိုင်ခိုင်မရပ်နိုင်တော့။

ဘာတွေလဲ. . ဘာတွေလဲလို့ အာခေါင်ခြစ်ပြီး ဘယ်သူ့ကို လှမ်းမေးရမလဲ။

မိုးကောင်းကင်ကြီးကိုလား၊ မြေကြီးကိုလား၊ တဖွဲဖွဲကျစပြုနေတဲ့ မိုးရေစက်ကိုလား. . . ဒါမှမဟုတ် နတ်ကတော် ဒိုးဒိုးကိုလား. .။

ဘုရားပေါ်ကဆင်းပြီး တံခွန်ကုက္ကားရောင်းသည့် ဆိုင်နားမှာ ယောင်လည်လည်နှင့်ရပ်လိုက်ပြီး. . အနောက်က တကောက်ကောက်လိုက်နေသော ကောင်မလေးကို မေးဆတ်ပြရင်း. .

"ကဲ. . ဘယ်လိုလုပ်မှာလဲ ငါကတော့ မင်းကိုခေါ်လို့ရဘူးနော်၊ အိမ်မှာငါတစ်ယောက်ထဲနေတာ မင်းက အရမ်းလှတော့ ရွာ(စ်)

www.burmeseclassic.com



ရှိသွားနိုင်တယ် ”

တံခွန်ဆိုင်က အဒေါ်ကြီး သူ့ကိုပြောသည့်အထင်နှင့် မျက်နှာမှာ ပြုံတီတီဖြစ်သွားသည်။

"မောင်လေး ပြန်တော့မလို့လား. . လာလေ ဝင်နားပါဦး"

"ဗျာ"

"သြော်. . မောင်လေးကလည်း မဗျာပါနဲ့၊ လာ. . စကားလေးဘာလေး ပြောကြရအောင်. . အဟင်း. . "

အရေးထဲ ဒီမိန်းမကြီးကတစ်မျောင့်မို့ ချမ်းသာ စိတ်လေသွားကာ. . .

"အစ်မကြီး သူ့ကိုသိလား"

ကောင်မလေးကို မေးဆတ်ပြရင်း လှမ်းမေးလိုက်သည်။

"သြော်. . ငါ့မောင်ရယ် မင်းက ဒီဘုရားကို အမြဲတမ်းလာနေတာပဲ မသိပဲနေမလား"

"ဟမ်. . ကျွန်တော့်ကို သိလားလို့မေးတာ မဟုတ်ဘူး၊ ဒီ. . . ကောင်မလေးကို သိလားလို့ မေးတာ. ."

အမျိုးသမီးကြီး ကြောင်စိစိဖြင့် ချမ်းသာကို ကြည့်ကာ. . .

"မောင်လေး မနောက်နဲ့နော်၊ ဒီနေရာမှာ မင်းရယ် အစ်မရယ် နှစ်ယောက်ထဲပဲ ရှိတဲ့ဟာကို. . အစ်မတို့ တစ်ယောက်ကိုတစ်ယောက် မျက်မှန်းတန်းပြီး သိကြရုံကလွဲပြီး ဘယ်မိန်းကလေးကို သိရဦးမှာလဲ"

"ဟမ်. . အစ်မ ကျွန်တော့်ကိုပဲ မြင်တာလား"

"သြော်. . . မောင်လေးက အစ်မရှေ့မှာ ရပ်နေတာလေ. . မောင်လေးကို မမြင်လို့ အစ်မက ဘယ်သူ့ကို မြင်ရမှာလဲ"

သေချာပြီ ဒီမိန်းကလေးကို ကိုယ်တစ်ယောက်ထဲ မြင်ရပြီး ဒီမိန်းမကြီး မမြင်ရတာဟာ ဒီမိန်းကလေး သာမန် မဟုတ်လို့ပဲ ဖြစ်မည်။





ကြက်သီးတွေ တဖြန်းဖြန်းထလာကာ ကောင်မလေးကို ပြန်ငဲ့ကြည့်လိုက်တော့. . .

"ဟင်. . မ. . မရှိတော့ဘူး"

ကြောက်စိတ်တွေ ဖြန်းခနဲ ဖြစ်သွားသည်မို့ နောက်ကြောင်းပြန်လှည့်ပြေးရန် ကားဆီသို့ သုတ်ခြေတင်တော့၏။

"ဟဲ့. . မောင်လေး သွားပြီလား"

ထိုမိန်းမကြီး အမေးကိုပင် လှည့်မဖြေအားတော့ ကားပေါ်တက် ကားဆက်နှိုးပြီး ဘုရားရှေ့မှ တရကြမ်းမောင်းထွက်ခဲ့လိုက်တော့သည်။

"ဘုရား. . ဘုရား. . ဒါ. . ဒါသေချာတယ် ဥစ္စာစောင့်ပဲဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com





(၁၅)

**ကား**ကို ကံနက်တို့ ကားဂိုဒေါင်ထဲ မောင်းသွင်းပေး

အုံနာကြေးနှင့် ကားသော့ပေးရန် အိမ်ကြီးထဲ ဝင်ခဲ့လိုက်သည်။

အပြင်မှာ မိုးက တဖွဲဖွဲရွာစပြုနေပြီ။

"သူငယ်ချင်း ဒီနေ့ ကားဆွဲကောင်းလား"

ဧည့်ခန်းထဲတွင် ဂစ်တာတစ်လက်ဖြင့် ဇိမ်ယူနေသော တံ

ကိုမြင်တော့ သူ့ရဲ့ ငြိမ်းချမ်းအေးဆေးသောဘဝကို အားကျသော





တဖန်ပြန်၍ လှစ်ခနဲ ဝင်လာပြန်သည်။

"ဒီလိုပါပဲကွာ လမ်းမှာ ကားတွေကအရမ်းကျပ်တော့ တစ်

ကြောင်းတစ်ကြောင်းကို အချိန်ပေးရတယ်၊ အဟဲ. . . ဆိုက္ကားနင်းတာ

စာရင်တော့ ကားမောင်းရတာ ပိုအဆင်ပြေတာပေါ့"

အိတ်ကပ်ထဲမှ အုံနာကြေး တစ်သောင်းခွဲကိုထုတ်ပြီး ကား

သော့နှင့်အတူ စာပွဲပေါ် ချပေးလိုက်သည်။

"ရော့. . . အုံနာကြေး၊ ငါမနက်ကျရင် စောစောလာခဲ့မယ်

ရေဆေးရအောင်လို့ အင်ဂျင်ဝိုင်လည်း လဲရမယ်ထင်တယ်"

"အေး. . လာခဲ့လေ၊ မနက်ကျရင် ငါတို့ လက်ဖက်ရည်ဆိုင်

ကြရအောင်၊ မင်းကို ငါ့ကောင်မလေးအကြောင်း ပြောပြမယ်"

"အလို. . မင်းက ငါ့ထက်တောင် အရင်စွံနေပါ့လားကွ ဘယ်

ဘယ်ကလဲ မင်းလိုရုပ်ဆိုးဆိုးပဲလား"

သူငယ်ချင်း အရင်းကြီးမို့ ပြောနေကျအတိုင်း မညှာမတာ

လိုက်သည် ကံနက်စိတ်ဆိုးပုံမရ တဟဲဟဲဖြင့်ရယ်ရင်း လက်ထဲမှ

တို ဘေးကိုချလိုက်သည်။

"ချောလား မချောလားဆိုတာ. . မင်းတွေ့တော့မှ အကဲဖြတ်

လာဆယ်တော့ ငါသူနဲ့ တွဲသွားရင် ရေလည်ဖီး(လ်)ငုပ်တယ်

"ဟင်. . ဘာဖြစ်လို့လဲ၊ သူ့မှာ ချို့ယွင်းချက် ရှိနေလို့လား"

"ဟုတ်တယ်. . လူတွေက ငါ့ကိုတော့ မင်းကုသလို့ မကြားတ

နန်ပြီး သူ့ကိုကျတော့ ပပဝတီတဲ့၊ သူနဲ့ချစ်သူတွေဖြစ်မှ ငါရုပ်

လှပိုသိလာတယ်ကွာ"

လူတိုင်းလူတိုင်း အားနည်းချက်ကိုယ်စီရှိကြတာမို့ ချမ်းသာ

နှုတ် ရုပ်ဆိုးတာ သိပ်မှမဆန်းတာ။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်မှာ ဆန်းကြယ်နေတာက ချမ်းသာရဲ့ ကံကြမ္မာ ဖြစ်သည်။

ကားအပ်ပြီး ကံနက်အိမ်ကအပြန် လမ်းတစ်လျှောက်မှာ နောက်က ကပ်ပါလာသည့် ခြေသံကြောင့် စိတ်ထဲမသိုးမသန့် ဖြစ်၏။ လှည့်လည်းမကြည့်ရဲ။ ဘုရားစာတွေကိုသာ အထပ်ထပ်ရွတ် ခပ်သုတ်သုတ်လျှောက်လာလိုက်၏။

"အစ်ကို. . အစ်ကို. . စောင့်ပါဦး"

"ဟင်. . မင်း. . မင်း. . လိုက်လာပြန်ပြီလား"

"အစ်ကိုတော်က ညီမတော်ကိုမှမခေါ်တာ ညီမတော်က ဘယ် အဆောင်တော်မှာ နေရမှာလဲ"

"ဗုဒ္ဓေါမြတ်စွာ"

ချမ်းသာ အံ့သြလွန်း၍ ဘုရားတမိသည့်အဖြစ် မိုးဖွဲဖွဲအောက် မှာ ဒီမိန်းကလေးကို ဘယ်လိုရင်ဆိုင်ရပါ့။

"မင်း. . လူလား ဥစ္စာစောင့်လား. . သရဲလား"

ဒီတော့. . ဒုံပင် မေးလိုက်သည်။

"ညီမက အစ်ကို့ဘေးမှာ အဖော်အဖြစ် နေပေးမယ့်သူပါ။ အစ်ကိုပြောတာတွေ တစ်ခုမှမဟုတ်ဘူး"

"ဟမ်"

"ဒါဆို လူပဲ မဟုတ်ဘူးလား"

"အစ်ကို့မျက်စိထဲမှာ ညီမက လူပုံပေါက်ရင် လူပေါ့၊ ဂြိုဟ် သားပုံပေါက်ရင် ဂြိုဟ်သားပေါ့လို့. . ."

အသနားခံ အကြည့်နွေးနွေးဖြင့် ကြည့်ကာ လိုက်ဖို့ဟန်ပြင် နေသော ကောင်မလေးကို ဘယ်လို ထားခဲ့ရပါ့မလဲ။

မျက်နှာပြည့်ပြည့်လေးသည် အခြယ်အသကင်းပေမယ့် ရှ





ငင်းဝင်းမွတ်သော ပုလဲနှစ်ရောင် မျက်နှာပြင်မှာ မာယာကင်းနေတာ တော့ အသေအချာ. . .။

မိုးဖွဲဖွဲအောက်မှာ ဂုဏ်ဝင်ဆန်ဆန်လှသော အလှမို့ သူမလေး ဟာ တကယ်လူစစ်စစ်ကလေးဆိုလျှင် ဒီလိုညကြီး အချိန်မတော်မှာ မြို့စိတ်ချရသော ကွန်းခိုရာ တစ်နေရာတော့ အထူးလိုအပ်နေပြီ။

သက်ပြင်းမောတစ်ချက်ကို ဂျူးခနဲ မှုတ်ထုတ်လိုက်ရင်း. . .

"ကောင်းပြီလေ ငါ့ရဲ့ အနုတ်စုတ်ကုပ်စုတ် အိမ်လေးမှာ မင်း နေနိုင်ရင်တော့ လိုက်နေလိုက်ပေါ့"

လိုက်ခွင့်ပြုလိုက်သည်မို့ ကောင်မလေးမျက်နှာမှာ ချိုအီရွှင်မြ သွားသည်။

"အား. . . အမေ့ "

ရုတ်တရက် ပြိုယိုင်လဲသွားသော ခန္ဓာကိုယ် နွေးနွေးအိအိ လေးကို အချိန်မီလှမ်း ထိန်းလိုက်ရင်း. . .

"ဘာဖြစ်တာလဲ"

"ဒေါက်ဖိနပ်က ခွာပြုတ်သွားလို့၊ အား. . ခြေထောက်ခေါက် သွားပြီ နာလိုက်တာ၊ လမ်းလျှောက်လို့ မရတော့ဘူး. . အင်း. . ကျွတ် ကျွတ်. . ကျွတ်"

"ဖြစ်ရမယ်. . မင်းကတော့"

"လုပ်ပါ. . ညီမကို ကိုရီးယားကားတွေထဲကလို ကုန်းပိုးသွား ပါလား"

"ဟာ. . မင်းကိုယ်ခန္ဓာကို ငါဘယ်လို ကုန်းပိုးနိုင်မလဲ"

"လုပ်ပါ. . အား. . ညီမခြေထောက် တကယ်နာသွားလို့ပါ"

တကယ်နာသွားသော ပုံစံမို့ မထူးတော့ပါဘူး ပိုမယ့်ပို့ အသုံး ပို့လိုက်ပါတော့မည်ဟူသော လျှော့ချလိုက်သည့် စိတ်နှင့်အတူ. .

www.burmeseclassic.com



"ကဲ..ကဲ..တက်..တက်..ဘာမှမစားရသေးလို့ အားမရှိ
ရတဲ့ ကြားထဲမှာကွာ"

ထိုသို့ ခပ်ညည်းညည်းပြောရင်း ကောင်မလေးကို ကုန်းပိုးလိုက်
သည်။ နွေးအိညက်ညောသော အထိအတွေ့တွေက ချမ်းသာစိတ်ထဲမှ
သံသယနှင့် ကြောက်စိတ်အချို့ကို မိုးဖွဲတို့နှင့်အတူ ဖျော့ချပေးလိုက်သည်။

ဘဝမှာ ဒီလို ခပ်ငြိမ့်ငြိမ့် ခံစားမှုမျိုး တစ်ခါမှ မဖြစ်ပေါ်ဖူးခဲ့...

တကယ့်ကို မောရှုရှုကြီး...

သူမကိုယ်က လေးတာကိုး...။

အိမ်တံခါးဖွင့်လိုက်သည်နှင့်... အိမ်ပေါက်ဝတွင် တညှောင်
ညှောင် အော်နေသော အိန်ဂျယ်(လ်)လေးကို အရင်ဆုံးတွေ့လိုက်ရ၏။
သူမ မျက်နှာမှာ ဝမ်းသာသွားပုံဖြင့်...

"ညှောင်..ညှောင်..ညှောင်..ညှောင်.."

"အိန်လေး..မမရဲ့ အိန်လေးရယ်၊ မမလွမ်းလိုက်ရတာ"

အိန်ဂျယ်(လ်)လေး သူ့သခင်မကို မှတ်မိ၍ ခေါင်းဖြင့်ပွတ်ကာ
သတ်ကာ တညှောင်ညှောင်နှင့် အော်ပြီးပြန်၍အလွမ်းသယ်၏။

"မမလေ မင်းကို ဒီတစ်သက်မတွေ့ရတော့ဘူး ထင်တာ"

အိန်ဂျယ်(လ်)နှင့် ကောင်မလေးကို ကြည့်ပြီး ချမ်းသာမှာသာ
ဖြေရှင်း၍မရသော ပဟေဠိတွေက တစ်ထပ်ကြီး။ ခုချိန်မှာ ဘာမှဆန်း
ဆန်းပြားပြားတွေ တွေးတောမနေတော့ပဲ..စိတ်ကို ပစ္စုပ္ပန်တည့်တည့်
မှာ အလိုက်သင့်လေး မျှောခိုင်းလိုက်ရတာကမှ သက်တောင့်သက်သာ
ရှိဦးမည်။

ဗိုက်ကဆာလာပြီမို့ မနက်ကချက်ခဲ့သည့် ထမင်းနှင့် ကြက်ဥ
ကြော်ကိုစားဖို့ မီးဖိုခန်းဘက်ကို ဝင်ခဲ့လိုက်သည်။ ကောင်မလေးကတော့
တော့ ကြောင်နှင့်အလွမ်းသယ်ကောင်းတုန်း။





ထမင်းပန်းကန်ထဲသို့ ကြော်ထားသော ကြက်ဥကြော် တစ်
ချပ်ထည့်ကာ ဖွန်းတပ်ပြီး အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာခဲ့လိုက်သည်။

"ဟော့..မင်းဗိုက်ဆာလား၊ ထမင်းနဲ့ဟင်းကတော့ ငါတစ်
ယောက်စာပဲရှိတယ်..မင်းစားမယ်ဆိုရင်တော့ မျှစားကြတာပေါ့"

"အစ်ကိုက ထမင်းကို အဲလိုပဲစားတယ်..ဟုတ်လား..ဟင်း
ထည်းမပါဘူး"

"ကြက်ဥကြော်က ဟင်းပေါ့..ရော့ စားမှာလား"

သူမ ခေါင်းခါပြရင်း...

"အိန်ဂျယ်လ်ကိုရော ဘာကျွေးမှာလဲ"

"မနက်က ကြောင်စာ တစ်ရာဖိုး..ဝယ်ပြီး ကျွေးခဲ့ပြီးသွားပြီ၊
အခု ထမင်းနဲ့ကြောင်စာနဲ့ ထပ်ကျွေးမယ်လေ"

"အမလေး ရက်စက်လိုက်တာ...ရက်စက်လိုက်တာ၊ အိန်
ဂျယ်(လ်)လေးကို အဲလိုပေါက်ကရတွေ ကျွေးရလား အစ်ကိုရယ်၊ အိန်
ဂျယ်(လ်)လေးအတွက် လုံလောက်တဲ့ငွေကြေး ထည့်ပေးလိုက်တယ်
လေ"

"ကုန်ပြီလေ မင်းအိန်ဂျယ်(လ်)ကအစားကြီးတယ် အချိန်ပြည့်
ကိုစားတာ၊ ခုတော့ ငါလည်း မတတ်နိုင်တော့ဘူး"

ချမ်းသာ ထိုသို့ပြီးစလွယ်ပြောပြီး သူ့ထမင်းသူ ငုံ့စား၏။

"ရော့..အစ်ကို၊ ဟော့ဒီမှာ အစ်ကိုလိုချင်တဲ့ ငွေတွေ"

ငွေခွံ့အိတ်နှင့်ထည့်ထားသော ပိုက်ဆံတွေ။

ချမ်းသာ ပါးစပ်ထဲမှ ထမင်းလုတ်ပင် အပြင်ကို ပြန်ပြုတ်ကျ
သွားသည့်အထိ အံ့ဩသွားကာ မျက်လုံးအစုံ ပြူးကျယ်ထွက်လာသည်။

"ဒီ..ဒီအိတ်က ဘယ်လိုရောက်လာတာလဲ၊ စောစောက ငါ
အိမ်ပေါ်တက်လာတုန်းကတောင် မတွေ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် အစ်ကို ထမင်းသွားထည့်တုန်း အဘပေးသွားတာ
လေး ညီမနဲ့ အိန်ဂျယ်(လ်)လေးကို စောင့်ရှောက်ဖို့ စရိတ်တဲ့၊ နောက်
အိန်ဂျယ်(လ်)လေးကို အစားကောင်းကောင်းတွေပဲ ကျွေးပါ၊ ဖြစ်သ
ကျွေးရင် အဘစိတ်ဆိုးလိမ့်မယ်၊ ညီမလည်း အစ်ကို့ကို ခွင့်မလွှတ်ဘူး

ပြင်းပြင်းထန်ထန် သတိပေးချက်ကြောင့် ချမ်းသာ ဘာမှ
ဒက မတက်ရဲ။

လောလောဆယ် ငွေထုပ်ကြီးက ချမ်းသာ ဘာမှစောဒက
တက်ရဲအောင် စိုးမိုးထား၍ ဖြစ်သည်။

ထိုညက ချမ်းသာအပျော်လွန်ပြီး ကောင်းကောင်းပင် အိပ်
မကျလိုက်ရ။

မနက်မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားသည်။

ကံနက်နှင့် လက်ဖက်ရည်ဆိုင်အတူ ထိုင်ဖို့ချိန်းထားသည့်
ကိုပင် သတိမရတော့လောက်အောင် အပျော်တွေက တခေါခေါ
ခွီးနှင့် ညာသံပေးကာ အိပ်မောကျခိုင်းနေ၏။

သူ့ဟောက်သံကြောင့် အိန်ဂျယ်(လ်)လေးပင် သူ့အနား မက
ရဲ. . . ခပ်လှမ်းလှမ်းမှာ အမြီးတယမ်းယမ်းနှင့် ထိုင်ငေးနေ၏။







## (၁၆)

“မေမင်းရယ် ငါတော့လေ နင့်လုပ်ရပ်ကို လုံးဝအဓိပ္ပါယ်
ရှိဘူးလို့ ထင်လာပြီဟာ၊ အန်တီမေနဲ့ ဦးလေးလဲ နင့်ကြောင့် ဘယ်
လောက်သောကတွေဖြစ်နေကြပြီလဲ သိလား”

သက်ငြိမ်ရဲ့ အပြစ်တင်စကားတွေကို မေမင်း ဂရုမစိုက်အား
သေး။ ညက ချမ်းသာ့အိမ်မှာ ဘာမှမစားပဲ နေခဲ့ရ၍ ဒီမနက်တော့
ဟပ်ဟပ်ထိုး ဆာလောင်နေသဖြင့် ချမ်းသာ အိပ်မောကျနေတုန်း သတ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ကို ဖုန်းဆက်ခေါ်ပြီ ဗိုက်အရင်ဖြည့်နေရခြင်းဖြစ်သည်။

"မေမင်း ငါပြောတာ ကြားလားလို့၊ နင်ခုလို ဘာမှမတော်တဲ့ သူစိမ်းယောကျ်ား တစ်ယောက်အိမ်မှာ ဇာတ်လမ်းတွေဖွင့်ပြီး သွားအိပ် တာ နင့်မိဘတွေသိရင် နင့်ကို လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး. .၊ ငါပါ အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမှာ"

"ကျွတ်. . သက်ငြိမ်ရယ် နင်ကလည်း ငါ့ကိုပဲ အပြစ်တွေ စွတ် ပြီးတင်နေတော့တာပဲ၊ သွားတွေလဲ ကျွတ်ထွက်ကုန်ဦးမယ်ဟယ်၊ နင် ပြောသလို ငါ့လုပ်ရပ်မှားနေမှန်း လုံးဝအစိပ္ပါယ်မရှိမှန်း ငါလည်းသိ တယ်. . ဒါပေမဲ့ ယူကရိန်း. . ."

"ကရိန်းယူး(စ်)ပါဟဲ့"

"အေး. . အေး. . အဲဒီ ကရိန်းယူး(စ်)နဲ့ လက်ထပ်ရမှာထက် စာရင် ခုငါလုပ်နေတဲ့လုပ်ရပ်တွေက ငါ့စိတ်ကို ပျော်ရွှင်မှုတွေပေးတယ် လူတစ်ယောက်ရဲ့ လိုအပ်ချက်ကို ငါဖြည့်ပေးလိုက်လို့ သူ့မျက်နှာမှာ ထင်လာတဲ့ အပျော်ရိပ်တွေကို ငါတွေ့ရတယ်၊ ဒါပေမဲ့ သူရိုးသားတာ ကိုလည်း ငါတစ်ပြိုင်နက်တည်း သိလိုက်ရတယ်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား. . သူနဲ့ငါ ညက တစ်ညလုံး အတူရှိနေခဲ့တာတောင် သူငါ့ရဲ့ အလှကို စေ့စေ့လေးတောင် မကြည့်ဖူး"

"ဟင်း. . . အဲဒါက နင့်ကို ဥစ္စာစောင့်ထင်ပြီး သူ့တဏှာကြော ကို မထုတ်ရဲတာနေမှာပေါ့ "

"မဟုတ်ဘူး ငါတော့အဲလိုမထင်ဘူး ငွေမက်တာကို လောဘ လို့ ပြောလို့ရတယ်၊ အဲဒီလောဘဟာ လူတိုင်းမှာရှိတယ်၊ ဒါကြောင့် သူ့မှာ ဒီလိုလောဘမျိုးရှိတာ လက်ခံလို့ရတယ်၊ လောဘမရှိရင် ငါ လည်းခုလို ချမ်းချမ်းသာသာနဲ့ ရွှေပုံငွေပုံပေါ်မှာထိုင်ပြီး ဖိမ်ရှိရှိနဲ့ နေရော မဟုတ်ဘူး"





"ဟင်း ဘာမှလည်းမဆိုင်ဘူး"

သက်ငြိမ် နှုတ်ခမ်းကို မသိမသာမဲ့ပစ်လိုက်သည်။ မေမင်း ရှုမထား ပြောမြဲတိုင်း ဆက်ပြောနေ၏။

"ခု. . ငါ သူနဲ့ပတ်သက်ပြီး ရင်းလိုက်ရတဲ့ မြုပ်နှံမှုလေးက ပိုင်ဆိုင်ထားတဲ့ အရာတွေနဲ့ယှဉ်ရင် အစွန်းထွက် ငွေစငွေနလောက် လေးပဲ ရှိပါတယ်ဟာ၊ ငါ့အတွက် ဘာမှထူးပြီး လျော့မသွားပေမယ့် သူ့အတွက်တော့ ဘဝကြီးတစ်ခုလုံး ပြောင်းလဲသွားနိုင်တယ်၊ အဲဒီ ပြောင်းလဲမှုတွေကို သူ ဘယ်လိုအသုံးချမလဲ ငါကြည့်ပြီး ပျော်ချင်တာ တာဖြစ်ချင်တာ၊ ငါဆော့တဲ့ဂိမ်းထဲမှာ သူ့ကို အသုံးချလိုက်တာပဲ၊ ခုချိန် မှာ ချမ်းသာက ငါကြိုးဆွဲရာကနေရတဲ့ အရုပ်ကလေးတစ်ရုပ်ပဲ. . အဲ ဂိမ်းထဲက ဇာတ်ကောင်လေးပေါ့"

"ဘယ်လို. . ဂိမ်းဆော့တယ် ဟုတ်လား"

"အင်း. . ဟုတ်တယ် ငါ့အတွက်တော့ အပျင်းပြေ ဂိမ်းဆော့ သလိုပဲ၊ သူ့ဘဝရဲ့ နေထိုင်မှုပုံစံကို ငါစိတ်ဝင်စားတယ်၊ သူလောဘတွေ ထက်ပြီး ပျော်နေတာကို ကြည့်ရတာ အရမ်းအသည်းယားဖို့ ကောင်း တယ်၊ အဲဒါ ငါ့ရင်ဘတ်ထဲက တောင်းဆိုတဲ့ဆန္ဒတွေပဲ"

မေမင်း စကားကြောင့် သက်ငြိမ် မျက်လုံးပြူးကာ မေမင်းကို အံ့တသြ ကြည့်သည်။

"မေမင်း နင် စိတ်ရောကောင်းပါသေးတယ်နော် မိဘပေးစား တဲ့ ကမ္ဘာ့ထိပ်သီး စီးပွားရေးသမားကိုကျတော့ ဟင့်အင်းဆိုပြီး ငြင်း တယ်၊ ဘာမှမဟုတ်တဲ့ ဆင်ခြေဖုံးရပ်ကွက်လေးထဲက ဆိုက္ကားသမား ကျတော့ ရင်ဘတ်ကြီးက တောင်းဆိုတယ် ဟုတ်လား၊ ဟတ်. . .ငါ တော့ သေသာသေလိုက်ချင်တော့တယ် ငါနဲ့နေရာချင်းသာ လဲလိုက် ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို. . နင်တောင် ဆိုက္ကားသမားကို ချစ်မိသွားပြီလား. . ငါ တောင် ချစ်ဖို့စိတ်မကူးမိသေးဘူးနော်"

မေမင်း၏ ပြောင်ချော်ချော် အမေးကြောင့် သက်ငြိမ် စိတ် ပျက်စွာမဲ့လိုက်ပြီး. . .

"မဟုတ်ဘူးဟ္ . . မဟုတ်ဘူး ကရိန်းယူး(စ်)ကို ယူမလို့ဟ"

"ဆိုက္ကားသမားမယားမလုပ်ဘူး ကရိန်းယူး(စ်)မယားလုပ်ရတာ ပိုပြီးကောင်းမယ်"

"ဟင့်အင်း. . ငါက ကရိန်းယူး(စ်)ထက် ချမ်းသာကို အတိတ် စိမ်းတွေပေးနေရတာ ပိုပျော်တယ်"

ခပ်ရွဲ့ရွဲ့ပြောလိုက်သော သက်ငြိမ်စကားကြောင့် မေမင်းက လည်း ရင်ထဲရှိသည့် အတိုင်းပြောချလိုက်၏။ ထိုစဉ် အကင်ဆိုင်လေး ထဲသို့ ကံနက်ဝင်လာသည်။

မျက်စောင်းတကဲကဲ လုပ်နေသော သက်ငြိမ် ကံနက်ဝင်လာ တာမြင်တော့ မျက်နှာကြောလျော့ကာ ပြုံးယောင်သန်းသွားသည်။

"ကို. . လာလေ"

ကံနက်ဝင်လာ၍ ချက်ချင်းလေသံ ပြောင်းသွားသော သက် ငြိမ်ကို မေမင်း မျက်စောင်း ခပ်လက်လက် ထိုးလိုက်သည်။

"ဟွန်း. . သူ့ကောင်လာတော့ ရုပ်ကတစ်မျိုး ဖြစ်သွားပြီ"

ခပ်တိုးတိုး အပြစ်တင် စကားပြောပြီး ကော်ဖီကို ဖိမ်ခံသော ပြီး မသိကျိုးကျွံပြုလိုက်သည်။ အမှန်ဆို သက်ငြိမ်နဲ့ ကံနက် ချစ်သူ တာကို မနှစ်မြို့သူက မေမင်းပင်။

ကံနက်လောက် ရုပ်ဆိုးတဲ့လူကို သက်ငြိမ်က ချစ်သူအဖြစ် လက်ခံသတဲ့ တစ်ရေးနိုး ထကြည့်လို့မှ ရင်တစ်ချက် မခုန်တဲ့ရုပ်။ ဒါ ကျတော့ ဖူးစာဆိုတာ ဒူးကာလို့တောင် မရဘူးဆိုတဲ့ ဆင်ခြေပေးသည်





မေမင်းကိုကျတော့ ဆိုက္ကားသမားကို ပတ်သက်ရမလားဆိုပြီး အပြစ်တင်တယ်၊ ချမ်းသာက ဆင်းရဲပေမယ့် ရုပ်က ဖြောင့်သလား မေးနဲ့ လောဘရှိရုံကလွဲပြီး တည်ကြည်ပုံရ၏။ သူ့လူကံနက်နှင့် ရုပ်အ ဆင်းချင်း ယှဉ်လို့တောင်မရ. . .

"ဘယ်လိုလဲ အိုကေလား သက်ငြိမ်"

ထိုင်ခုံမှာ ဝင်ထိုင်ရင်း မေးလာသော ကံနက်အမေးကြောင့် သက်ငြိမ် မေမင်းကို ခပ်စောင်စောင်လေး ကြည့်ကာ. . .

"သက်ငြိမ်တို့ စတန့်မင်းသမီး ထွင်တဲ့ဇာတ်လမ်း မအိုကေပဲ နေလား ကိုရယ်၊ တားမရဆီးမရ သူလုပ်ချင်တာ တဇွတ်ထိုးလုပ်နေတဲ့ မိန်းမ ဟိုက ငွေမက်ပြီး ချမ်းသာချင်နေတာနဲ့တော့ ဇာတ်သိမ်းခန်းမှာ လွမ်းရလောက်တယ်"

"ရင်ထဲက အချစ်စစ်ရင် ဇာတ်သိမ်းခန်းမှာ လွမ်းရလဲ တန်ပါ တယ် သက်ငြိမ်ရယ်"

ရင်ထဲမှာ တကယ်အချစ် မရှိသေးပဲနှင့် ရွဲ့ပြောလိုက်ခြင်း ဖြစ် သည်။

"ဟယ်. . မိန်းမ ချမ်းသာနဲ့ကိုနဲ့က သူငယ်ချင်းတွေနော်. . ဘာလေး ဣန္ဒြေလေးဘာလေး ဆည်ပါဦးဟာ၊ တကယ်ပဲ ငါတောင် မျက်နှာပူနေပြီ"

"ကဲ ကိုကံမည်းကြီး ကြားတယ်နော်. . မျက်နှာပူနေပြီတဲ့ မှတ် ထားလိုက်"

မေမင်း အမြင်ကပ်ကပ်နှင့် ရွဲ့ပြောလိုက်သည်။

"ကြည့် မေမင်းစုတ်. . . နင်နော် ပေါက်ကရလည်း တကယ် ပြတတ်လာပြီ "

အခြေအတင်ဖြစ်နေသော မေမင်းနှင့် သက်ငြိမ်ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တံနက် တဟားဟားဖြင့်ရယ်ရင်း. . .

"ချမ်းသာက အရမ်းရိုးသားတဲ့ သူတစ်ယောက်ပါ သက်ငြိမ် ရယ်၊ မေမင်းအတွက် သိပ်လဲ မစိုးရိမ်ပါနဲ့၊ ဒါကြောင့် ကိုယ်ကလည်း ကကြိုးတွေ ဝိုင်းသီပေးတာပေါ့၊ ဒါပေမဲ့ ဒီဇာတ်လမ်းမှာ ကိုယ်ပါ ဇာတ် ညွှန်းကူရေးပေးတယ် ဆိုတာကိုတော့ ဒီကောင်ကြီး မသိစေနဲ့ပေါ့"

"ဒါတော့စိတ်ချ. . မေမင်းတို့က ဘယ်အရာမဆို ပိပိရိရိပဲလိမ် တတ်တယ်၊ ခုတောင် ရှင်တို့သူငယ်ချင်းက ကျွန်မကို ဥစ္စာစောင့်လား ဝိညာဉ်လား ဝေခွဲမရ ဖြစ်နေတာ ရယ်ရတယ်. . အဟင်း. . ဟင်း. . ဟင်း. . ."

"ဟုတ်တယ်ဗျ. . ဒီကောင် နတ်ကတော် ဒိုးဒိုးနဲ့ ပေါင်းမိပြီး သူ့ကို နတ်တွေမစနေတယ်လို့ ထင်ပုံရတယ် အစွဲအလမ်းပေါ့ဗျာ"

"အဲဒါ အစွဲအလမ်း မဟုတ်ဘူး ထွက်ပေါက်ရှာတာ၊ သူ့ကိုယ် သူ ယုံကြည်မှုမရှိတာ၊ သူ့ရဲ့ ရှေ့ဆက်ပြဋ္ဌာန်းမယ့် အနာဂတ်အတွက် အင်အားမရှိတော့တာ. . ."

"ဒါကြောင့် နင်က ချာဂျင် သွင်းပေးနေတယ်ပေါ့လေ. . ဟုတ် လား"

"အပင်တစ်ပင်ကို ပျိုးထောင်လိုက်တာပါ၊ ကြိုးစားချင်ပေမယ့် အခွင့်အလမ်းမရှိတဲ့ လူတစ်ယောက်ကို အခွင့်အလမ်းသစ်တွေ ရှိလာ အောင် လမ်းညွှန်ပေးလိုက်ရတဲ့အတွက် ငါဆော့နေတဲ့ ဂိမ်းထဲကို သူ ဝင်ခွင့်ရတာ သူ့အတွက်ကံကောင်းတာပဲ"

"ဒါဆို နင့်ငွေတွေကို အဆုံးခံမယ်ပေါ့ ဟုတ်လား"

သက်ငြိမ် နှမြောတသစွာဖြင့် မေးလာတော့ မေမင်း ပြုံးပြုံး လေး ခေါင်းညိတ်ပြကာ. . .

"တိုးတက်ချင်စိတ်တွေ ဆာလောင်မွတ်သိပ်နေတဲ့ လူတစ်





ယောက်ကို အမှန်တကယ် အင်အားဖြစ်စေမယ်ဆိုရင် ငါ့ငွေတွေကိုအ သုံးချလိုက်ရတာ တန်ပါတယ်သက်ငြိမ်ရယ်၊ အဲဒီအတွက် နင် မုဒိတာ ပွားပေးနေလိုက်ပါဟာ"

"ဪ. . . အေး. . . အေးပါ၊ နောက်ဆုံးတော့ ငါက စိတ် ဓာတ်မကြီး ဖြစ်သွားပြီး. . . နင်ကတော့ ဝိသာခါ ဖြစ်သွားပြီပေါ့"

ခပ်ရွှဲ့ရွှဲ့ပြောလိုက်သော သက်ငြိမ်စကားကြောင့်. . မေမင်း နော်ခနဲ့ရယ်ကာ ပခုံးကို ဟန်ပါပါလေးတွန့်လိုက်သည်။

"ကဲ. . . ငါဂိမ်းသွားထပ်ဆော့လိုက်ဦးမယ်၊ ကိုယ်တော်က ငွေပုံကြီးဘေးမှာ အိပ်မောကျနေတုန်း ငါလစ်ထွက်လာတာ "

တံနက် လက်မှနာရီကို ငုံ့ကြည့်ပြီး. . .

"ဪ. . ခုထိ မနိုးသေးဘူးလား၊ ညကတော့ မနက်စောစော အားထုတ်ရင်း ကျွန်တော်နဲ့ လက်ဖက်ရည်ဆိုင်ထိုင်မယ်တောင် ပြော သွားသေးတာ. . ခုထိမလာလို့ မစောင့်တော့ပဲ ထွက်လာတာ"

" ဟုတ်တယ် သူမနိုးခင် သူ့အနားမှာရှိနေဖို့ လစ်လိုက်ဦးမယ် ဟာ့တာ"

သက်ငြိမ်နှင့် တံနက်ကို နှုတ်ဆက်ပြီး ထွက်လာလိုက်သည်။ မေမင်းအကြောင်း ဘာတွေပြောကျန်ခဲ့ကြမလဲတော့မသိ။



www.burmeseclassic.com

www.burmeseclassic.com





# (၁၇)

ညက ငွေအိတ်ကြီးကိုကြည့်ကာ. . Why ဆိုသော မေးခွန်းပေါင်းများစွာနှင့် နပန်းသတ်ရင်း တော်တော်နှင့်မအိပ်ဖြစ်လိုက်. . ကံနက်ကို ကားရေဆေးဖို့ စောစောလာခဲ့မယ်ဆိုပြီး ပြောခဲ့သည့် ကတိစကားပင် နေဖင်ထိုးသွားသည်။ ခုချိန်ဆို. . ကံနက်လည်း သူ့အိမ်မှာ မရှိတော့လောက်. . .။

"အစ်ကို နိုးပြီလား"

မွှေးအီနေသော စားစရာရနံ့တစ်မျိုးနှင့်အတူ ကြည်ကြည်ယင်





င် မျက်နှာလေးကို မြင်လိုက်ရ၍. . မနက်ခင်းလေး ပို၍သာယာသွားသည်။

မနက်ခင်းနေခြည်အောက်မှာ ပွင့်သော ပန်းပွင့်လေးလို. . ထိုကောင်မလေး တော်တော်ချစ်ဖို့ကောင်းပါသည်။ သို့သော် ရာဇဝင်မရှိတဲ့ ပန်းတစ်ပွင့်လို့ အလှအပကို ကောင်းကောင်းမခံစားရဲ။

ကိုယ်ကြုံတွေ့နေရသော အခြေအနေတွေသည်. . ပြောင်းလဲမြန်ဆန်လွန်းနေ၍ သမာရိုးကျ လုံးဝမဟုတ်နိုင်၊ အဖြေတစ်ခုခုတော့ ရှိမည်ဟုလည်း ယေဘုယျကျကျ တွေးမိပြန်သည်။

"မင်း ဘယ်သူလဲ. . ငါ့ကို မှန်မှန်ပြောစမ်း၊ အိမ်ကထွက်ပြေးလာတဲ့ အိမ်ပြေးလား"

ကွက်တိစွပ်စွဲလိုက်သော ချမ်းသာအမေးကြောင့် မေမင်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ ပြီးနောက် ဘေးဘီကို ဟိုဝေ့ဒီကြည့်ကြည့်ပြီး. . .

"ဘယ်သူ့ကို မေးတာလဲ. . ညီမတော်ကို မေးတာလား"

"ကျွတ်. . ဒီအိမ်ထဲမှာ မင်းရယ် ငါရယ် နှစ်ယောက်ထဲရှိတာလေ"

"ဩော် အစ်ကိုရယ်၊ အဘကိုယ်တိုင် လွှတ်လိုက်တာပါ ဆိုမှတော့. . ဒီအိန်ဂျယ်(လ်)လေးရယ် ညီမရယ်က အစ်ကိုလေးကို သုခချမ်းသာတွေပေးမှာ"

ချမ်းသာ ခေါင်းကို တခြင်းခြင်း ကုတ်ပြီး သက်မမောကို ဟင်းချလိုက်သည်။

ခုချိန်ထိ ရှိနေသေးသည့် ငွေထုပ်ကြီးနှင့် မချိုမချဉ် မျက်နှာပေးအသည်ယားအောင်လုပ်ပြနေသော မေမင်းကိုကြည့်ပြီး စိတ်ထဲမှာ ရယ်ရမလိုလို ကြောက်ရမလိုလိုနှင့် ဘယ်အခြေအနေက အမှန်လဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ဝေခွဲမရနိုင်တော့. . .

"ကဲ. . . အစ်ကို၊ ဒီထဲကအသပြာတွေကို လိုရာကို သုံးစွဲပေတော့"

"တ. . တကယ်. . သုံးရမှာလား. . ဉ. . ဉ"

"ဘာဉလဲ အစ်ကိုရဲ့"

စကားက လိုရင်းကိုမရောက် ထစ်နေသည်။

"ဉ. . ဉပဒေနဲ့လွတ်တဲ့ ငွေဖြူတွေလားလို့ မေးတာ"

မေမင်း မျက်လုံး ပေကလတ်ပေကလတ် လုပ်ကာ. . .

"ဉပဒေဆိုတာဘာလဲ၊ လောကမှာ ငွေဖြူငွေမဲဆိုတာ ရှိလို့လားဟင်"

"ချမ်းရေ. . ချမ်း"

ရှင်းလေပို့ရှုပ်လေ ဖြစ်တော့မှာမို့ ချမ်းသာ ထပ်ရှင်းမနေတော့ ထိုအချိန်တွင် အိမ်ရှေ့မှ ဒိုးဒိုး၏ ချွဲပစ်ပစ် အသံကြီးက ခြောက်ကပ်ကပ် တိုးဝင်လာသဖြင့်. . .

"ဟင်. . . နတ်ကတော်. . နတ်ကတော် လာပြီ"

"ဟင်. . သူနတ်ကတော်မှန်း မင်းလယ်လိုသိလဲ"

"သိတာပေါ့ အစ်ကိုရဲ့၊ သူတို့က လောကနောက်ကွယ်မှာ မရှိတော့တဲ့ နတ်တွေကို ရှိသယောင်ယောင်လုပ်ပြီး လူတွေကို လိမ်ညာစားနေတဲ့ လူလိမ်ခြောက်တွေလေ၊ ညီမကို သူတွေ့သွားလို့ မဖြစ်ဘူး"

မေမင်းစကားဆုံးသည်နှင့် ဒိုးဒိုး ခြံထဲဝင်လာသည်။ မေမင်း အိမ်အကွယ်ကို လှစ်ခနဲ ဝင်ပုန်းလိုက်သည်။ ဒိုးဒိုး အိမ်ပေါ် တက်လာသည်။

"ဘာကိစ္စလဲ ဒိုးဒိုး"

"ဩော်. . ကိစ္စရှိမှလာရမှာလားလို့ တကတည်း စိမ်းကားနေ





သိုက်တာ"

မိတ်ကပ်တွေနှင့် ပြာနှမ်းနေသော မျက်နှာကြီးဖြင့် ခပ်ညှုညှု ဆိုသဖြင့် ချမ်းသာ တွန့်သွားသည်။

ဒီအခြောက်မ မနက်စောစောစီးစီး သူများအိမ် ဘာလုပ်ဖို့ လာသလဲမသိ။ ဒိုးဒိုး ငွေထုပ်ဘေးမှာ ဝင်ထိုင်၏။ ငွေထုပ်ကိုတော့ မမြင်သေး။

"ချမ်းသာ နင် ညကျရင် အားသလားဟင်"

"ဘာလုပ်ဖို့တုန်း"

"တို့ သူငယ်ချင်းတွေ စုပြီး ပွတ်ကြမလားလို့၊ အဲဒါ နင်လည်း အပျင်းပြေ ပွတ်ရအောင် လာခဲ့ပါလား၊ ဘယ်သူ့ကိုမှတော့ မပြောနဲ့ ငါတို့က ကျိတ်ပွတ်ကြမှာဟဲ့"

ဘာကို ပွတ်လို့ပွတ်မှန်း မသိအောင် ဝေ့လည်ကြောင်ပတ် ပြောနေသော ဒိုးဒိုးစကားကြောင့်. . . ချမ်းသာ အူလည်လည်ဖြင့် နားထောင်နေရာမှ မျက်လုံးပြူးသွားသည်။

"ဟာ ဒိုးဒိုး. . နင် စောစောစီးစီး ငါ့အိမ်မှာ ဘာတွေလာပြောနေတာလဲ နင်တို့အချင်းချင်း ပွတ်ပဲပွတ်ပွတ် ရိုက်ပဲရိုက်ရိုက် ငါ့ကို လာခေါ်စရာလား၊ နင်က ငါ့ကို နင်တို့နဲ့လိုင်းပူမယ့်ကောင်လို့ ထင်နေလို့လား ဝေးသေးတယ်နော်"

"ဩော်. . နင်ကလည်း အဲလိုတော့ မငြင်းပါနဲ့ဟယ်၊ ပွတ်ဝိုင်းထဲမှ လူလေးငါးယောက်လောက်ရှိမှ ကောင်းတာဟဲ့၊ ကြေးလဲ သိပ်မကြီးလို့ နင်အပျင်းပြေအောင် ငါက အဖော်လာဆွယ်တာ. . . နင်ပါ ဝင်ပွတ်ပေးရင် လူပြည့်သွားပြီ၊ လာပါဟယ်နော် ငါက နင်နဲ့အတူတူ ပွတ်ချင်တာဟဲ့"

ချမ်းသာနားကို တဖြည်းဖြည်းတိုးကာ ဘောင်းဘီတို ဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ချမ်းသာ၏ ပေါင်ဖြူဖြူကို လက်ဖြင့်မထိတထိ ပွတ်သပ်ရင်း ညှုတုတု ပြောလာသဖြင့် ချမ်းသာ မနေတတ်မထိုင်တတ်ဖြစ်ကာ ဒိုးဒိုး၏လက်ကို ဖျတ်ခနဲ ပုတ်ထုတ်လိုက်၏။

"ဟာ. . အဲဒီလက်က ငြိမ်ငြိမ်နေပါဟာ၊ အငြိမ်မနေနိုင်ရင်လည်း ကိုယ့်ဟာကိုယ် ပွတ်နေ. . သွား. . "

အမြင်ကတ်လာ၍ အော်ထုတ်လည်း ဒိုးဒိုး အပြုံးမပျက်. . .

"အဟင်း ခုကတည်းက အစမ်းပွတ် ထားကြည့်တာလေ၊ ချော နေတာပဲနော်. . ဟိဟိ. . "

မထိတထိပြောကာ. . ဖလမ်းဖလမ်း လာထနေသော ဒိုးဒိုးကို ကြည့်ပြီး ချမ်းသာ ဒေါသထွက်လာ၏။ ယောက်ျား အချင်းချင်းလာပြီ အရသာခံနေတယ် ငြိမ်ခံနေရင် ပေါင်ပေါ်တက်ခွတော့မယ့်ရုပ်မို့. . မျက်နှာကို ခပ်တင်းတင်းလုပ်ပြီး. . .

"ဒိုးဒိုး. . နင်နော် နှာဘူးစကားတွေ လာမပြောနဲ့၊ ငါဒေါသ ထွက်လာရင် နင့်သောက်ခွက် လက်သီးကျွေးပစ်လိုက်မယ်၊ ခေါ်ထွက် နေတဲ့သွားတွေ အာခေါင်မှာ စိုက်ကုန်မယ်"

"ဟယ်. . . ကြည့်စမ်း လူကို ဘလိုင်းကြီး လာစားနေတယ် ငါပြောတာ နှာစကား တစ်ခွန်းမှမပါဘူး"

"ဒါဆို ဘာလို့ ပွတ်ဖို့ခေါ်လဲ"

"အေးလေ ပွတ်ဖို့လာခေါ်တာ နှာစကားလား၊ ဟဲ့ မွေ့ချောင် ကိုက်ရဲ့. . . "

ဒိုးဒိုး မျက်စောင်းခပ်ပြစ်ပြစ် ထိုးကာဆဲ၏။

"ဒါဆို နင့်အခြောက်မတွေနဲ့ ဘာပွတ်မှာလဲ. . ဒီဂျေလား"

"သြော်. . တလွဲပြောပြီ၊ ပွတ်တယ်ဆိုတာ ပိုကာ ပွတ်တာကို ပြောတာ ရှင်းလား၊ တကတည်းမှပဲ ဒင်းနဲ့စကားပြောရတာ အပေါ





ကိုမတွေ့ဘူး"

"နင်တို့ အခြောက်တွေဟာလေ လူရှင်တော်တွေအတိုင်းပဲ ပြောလိုက်ရင် ခါးအောက်ပိုင်းနဲ့ကို မလွတ်ဘူး"

ဒိုးဒိုး တခိခိနှင့် အခြောက်ရယ်ရယ်ရင်း ပိုက်ဆံထုပ်ကို တွေ့သွား၍ စပ်စုသည့်အနေနှင့် ဘာတွေလဲဟု လှမ်းကြည့်လိုက်၏။

"ဟယ်. . ဒါ. . ဒါပိုက်ဆံတွေပဲ"

စလူးထနေသော ဒိုးဒိုးမှာ ငွေတွေအထပ်လိုက်ကို အထုပ်ကြီး နှင့်တွေ့၍. . မျက်နှာမှာ အံ့ဩလွန်း၍ မျက်ခုံးနှစ်ဖက် မြင့်တက်ကာ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

"နင် ထီပေါက်ထားတာလား၊ ဒါမှမဟုတ် ချဲပေါက်တာလား၊ ဒါမှမဟုတ် နင်ချမ်းသာချင်တာနဲ့. . . မ. . . မဟုတ်တာတစ်ခုခု လုပ်လိုက်ပြီလား ချမ်းသာရယ်"

"ဟာ. . ငါက ဘာလို့ မဟုတ်တာလုပ်ရမှာလဲ၊ ငါ ဘာမှမလုပ်ဘူး ထီလဲမပေါက်ဘူး. . ချဲလဲမပေါက်ဘူး၊ နင်ယုံမလားတော့ မသိဘူး . . . နင်က နတ်ကတော်ဆိုတော့ ယုံမှာပေါ့"

"ဘာလဲ. . ဘာကိုယုံရမှာလဲ၊ ငါအသည်းယားလာပြီ မြန်မြန် ပြောစမ်းပါ"

ငွေထုပ်ကြီးကို ကြည့်ပြီး ဒိုးဒိုး လောဘတက်ကာ မရိုးမရွဖြစ် နေ၏။

"မဟုတ်ဘူး. . ငါ့ကို အိပ်မက်ထဲမှာ ဥစ္စာစောင့်မလေး လာ ပြောတာ. . ငါက သူချစ်သူတဲ့. . "

"ဟမ်. . ဥ. . ဥစ္စာစောင့် ဟုတ်လား"

"ဟုတ်တယ်. . အိပ်မက်ထဲမှာ အီစီကလီ လုပ်နေတုန်း အိပ် ရာက လန့်နိုးပြီး ခု နင်မြင်နေရတဲ့ ငွေထုပ်ကြီး ငါ့ဘေးမှာ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

ဒိုးဒိုးနားထောင်နေရင်းမှ တံတွေးတွေကို တစ်ဂလုပြီးတစ်ဂလု မျိုချကာ ထိုငွေတွေအပေါ် လောဘတွေ ဝင်နေပုံရသည်။

အဖြစ်မှန်တစ်ချို့ကို ထိန်ချန်ကာ ယုတ္တိတန်အောင် ပုံပြင်ဆန်ဆန် ပြောပြလိုက်၍ ဒိုးဒိုး ယုံမယုံတော့မသိ ချမ်းသာကတော့ ထိုငွေထုပ်နှင့် ပတ်သက်ပြီး အဖြေကောင်းကောင်း ရှာမတွေ့သေး။

မိန်းမချောလေးတစ်ယောက် ကိုယ့်ရှေ့ရောက်လာပြီး . . သူ့ကိုယ်သူ ဥစ္စာစောင့်ပါဟုပြောပြီး ငွေတွေအပုံလိုက်ပေးသည့် ကိစ္စကို ဘယ်သူက ယုံမှာလဲ။

ဒိုးဒိုးတောင် မျက်နှာပေါ်မှာ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ချမ်းသာကို လှမ်းအကဲခတ်ပြီး . . .

"ဘယ်ကဥစ္စာစောင့်လဲ ဘယ်သိုက် ဘယ်အပိုင်ကလို့ပြောလဲ"

"မသိဘူး . . အဲ . . ခု ငါသွားသွားနေတဲ့ ဘုရားအောက်မှာ နေတယ်လို့တော့ပြောတယ်"

"အမလေး . . ဖတ် . . ဖတ် . . ကြက်သီးတွေ ထလာပြီ၊ ဘုရား ဘုရား . . ဒါဆိုရင် နင်တော့ မလွယ်တော့ဘူး"

"ဘာကို မလွယ်တာလဲ"

"နင့်လိပ်ပြာကို သူတို့နုတ်ယူတော့မှာ သေချာတယ်၊ နင် ဒီငွေတွေကို လုံးဝမထိပဲ နေရမယ်၊ အကောင်းဆုံးကတော့ ဒီငွေထုပ်ကို အစ်မတော် မြနန်းနွယ်ဆီအပ်ရမယ်၊ အဲလိုမှ မလုပ်ရင် နင့်ကို လိပ်ပြာ နုတ်သွားတော့မှာ၊ ဥစ္စာစောင့်တွေက သိပ်ကြောက်ဖို့ ကောင်းတာ၊ သူတို့ချစ်မိပြီဆိုရင် သူတို့သိုက်ထဲကို နင့်ကိုခေါ်သွားကြမှာ"

"အဲ . . . အဲဒီတော့ ငါက သူ့ကို ငြင်းလိုက်ရမှာလား"

"မငြင်းလို့ရမလား . . အဲ . . အဲလေ . . နင် သိုက်ကြိုးဖြတ်ရ





မှာ မဖြစ်ဘူး . . . မနက်ဖြန် အစ်မတော်ရဲ့ အမိန့်နဲ့ သိုက်ကြိုးဖြတ် ပေးမယ်"

"အစ်မတော်ရဲ့အမိန့် . . ဟုတ်လား"

"ဟုတ်တယ် . . နင့်ကို အစ်မတော်ဆီ အပ်ရမယ်၊ ဒါမှ သူတို့ နင့်အသက်ကို မနုတ်ရဲမှာ"

ပြောပြောဆိုဆို ပိုက်ဆံထုပ်ကို ဆတ်ခနဲ ဆွဲမလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

"ဟာ . . ဟဲ့ . . ဒီအထုပ် ဘယ်ယူသွားမလို့လဲ"

"ငါ့ ခါတ်ခန်းကိုလေ . . အစ်မတော် ကိုအပ်မလို့"

"အာ . . မလုပ်နဲ့၊ ဘာမှန်းလည်း သေချာသိသေးတာ မဟုတ်ဘူး . . ပြန်ချ . . ပြန်ချ . . "

"အို . . မချနိုင်ပါဘူး နတ်တွေဆီကတောင်းထားလို့ သူတို့မစားတဲ့ ဒီငွေထုပ်ကိုတော့ လုံးဝမချနိုင်ဘူး"

"အမ် . . ဟာ . . ဒီအခြောက်မတော့"

အခြေအနေအားလုံးကို အခန်းထောင့်ကွယ်ကနေ စောင့်ကြည့်နားထောင်နေသော မေမင်း ဝင်မပါ၍မရတော့ . . .။

"ဟေ့ . . . ရပ်လိုက်စမ်း"

ငွေထုပ်ပိုက်ပြီး အိမ်ပေါ်မှ ဆင်းရန်ပြင်နေသော ဒိုးဒိုး ခြေလှမ်းတွေသည် မေမင်း၏ အမိန့်သံကြောင့် နောက်ကိုလှည့်ကြည့်၏။

"ဟင် . . နင်ကဘယ်သူလဲ"

ဖြူဖွေးနုဖပ်ကာ လှလွန်းသော မေမင်းကို ချမ်းသာဘေးတွင် ဘွားခနဲတွေ့လိုက်ရ၍ ဒိုးဒိုးမျက်နှာမှာ အံ့သြရိပ်တွေရော မနာလိုရိပ်တွေပါ ပုံထပ်သွားကာ ခပ်ငေါ့ငေါ့ မေးလိုက်သည်။

"ငါ့နာမည် စောကြည်ဖြူ . . အဲဒီ အသပြာထုပ်က ငါ့နတ်



www.burmeseclassic.com

www.burmeseclassic.com



လို့လား. . ခုချက်ချင်း ပြန်ချလိုက်စမ်း၊ ငါ့အမိန့်ကို လွန်ဆန်ရင် နင့်လိပ်ပြာကို ငါချက်ချင်းနုတ်ပြီး ငါ့သိုက်နန်းထဲမှာ ချီးပိုးကောင်အဖြစ်ထားလိုက်မယ်"

မေမင်း ပါးစပ်ထဲတွေ့ကရာ လျှောက်ပြောလိုက်သည်။

အတင်းအဓမ္မ လောဘတက်နေသော အခြောက်မလက်ထဲကို ငွေထုပ်အပါမခံနိုင်၊ ကိုယ်ထွင်ထားသည့် ဂိမ်းထဲမှာ ဒီအခြောက်မမပါတာ ပွဲကြမ်းသင့်ရင် ကြမ်းရမှာပင်။

"ဘယ်လို စောကြည်ဖြူ ဟုတ်လား၊ ဒါဆို နင်က စာရေးဆရာအကြည်တော်လား. . ဟာ. . ဟ၊ ဒါဆို ငါရယ်ရအောင် ပြတ်လုံးလေးတစ်ကွက်လောက်"

ဒိုးဒိုးပြန်၍ အကြောင်ရိုက်လိုက်သည်။

"ဒီမှာ. . အကြည်တော်တွေ အနောက်တော်တွေ ငါမသိဘူး"

"ချမ်းသာ နင်အိပ်မက်ထဲမှာ အီစီကလီလုပ်တဲ့ ဥစ္စာစောင့်မဆိုတာ သူ့ကိုပြောတာလား"

"ဟမ်. . ဘယ်မှာလဲ ငါမတွေ့ပါဘူး၊ နင် ဘယ်သူနဲ့ စကားတွေပြောနေတာလဲ"

"ဟမ်. . နင်. . နင်. . နင်သူ့ကို မတွေ့ရဘူးလား"

"ဟင့်အင်း"

ချမ်းသာကလည်းတဖန် ဒိုးဒိုးကို ပြန်၍အကြောင်ရိုက်၏။

သူမလေးကို သူတွေ့နေရပေမယ့်. . တမင်ပင် မတွေ့ဘူးဟုငြင်းလိုက်သည်။ ဒိုးဒိုး ကြောင်အမ်းအမ်း ဖြစ်နေချိန်မှာ မေမင်း လက်သွက်ခြေသွက်ဖြင့် ဒိုးဒိုးလက်ထဲမှ ပိုက်ဆံထုပ်ကို ပြန်လုလိုက်သည်။

"ဟဲ့. . ချမ်းသာ၊ ငါ့လက်ထဲက ငွေထုပ်လုသွားပြီ တွေ့လား"

ချမ်းသာကို လှမ်းပြရင်း ဒိုးဒိုးကလည်း ပြန်လုဖို့ ကြိုးစားသည်။





ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ချမ်းသာမှာ ဒိုးဒိုးကို အတင်းဆွဲပြီး အိမ်အပြင်ကို ခေါ်ခဲ့လိုက်သည်။

"ကဲ. . ဒိုးဒိုး နင်ပြန်တော့၊ ဒီကိစ္စကို အပြင်မပေါက်ကြားစေနဲ့ဦး၊ နင်နဲ့ငါ ရှေ့ဆက်ဘာလုပ်ရမလဲဆိုတာ နောက်မှ ငါတို့တိုင်ပင်ကြမယ်"

တမင်တကာ လောဘကို ချေးသိပ်ပြီး ဒိုးဒိုးကို ပြန်လွှတ်လိုက်၏။

"နင် ခုလို. . အထုပ်လိုက် အထည်လိုက်ရတာ ငါ့ရဲ့အစီအရင်တွေကြောင့်နော်၊ နတ်တွေ နင့်ကိုချစ်ပြီး လာဘ်လာဘတွေ မစအောင်ထုပ်ပေးတဲ့ ငါ့အစွမ်းထက်လား မထက်လား. . . ဥစ္စာစောင့်မတောင်နင့်ကို ချစ်သွားပြီ၊ နင်စိတ်ယိုင်သွားလို့ကတော့ နင့်ကို အပြီးဖြုတ်သွားလိမ့်မယ်"

"အေးပါ. . . အေးပါ"

သူ့ကြောင့်ဟု အမွှမ်းတွေတင်ကာ ငွေထုပ်ကို သံယောဇဉ်မပြတ်သူလို လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွား၏။

ဒီတော့မှ ချမ်းသာ သက်ပြင်းမောတစ်ခုကို ဟူးခနဲ မှုတ်ထုတ်နိုင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# (၁၈)

"ချမ်းသာ မင်းခုတစ်လော ဘာတွေညစ်နေလဲ၊ မင်းပုံစံကြည့်ရတာ ငါ့မျက်စိထဲ ဂနာမငြိမ်သလိုပဲ. . တစ်ခုခုကို အမြဲတွေးနေသလိုပုံစံနဲ့. . စိတ်နဲ့လူနဲ့ မကပ်ဘူးလား၊ ဟိုနေ့ကလည်း စောစောလာမယ်ဆိုပြီး မလာဘူး"

ကံနက်အမေးကြောင့် ချမ်းသာခေါင်းမှ ဆံပင်တွေကို ထိုးဖွလိုက်ပြီး သက်ပြင်းမောတစ်ချက်ကို ခက်ခက်ခဲခဲ ရှိုက်ထုတ်လိုက်သည်။

"အေးကွာ. . ငါလည်း တစ်ယောက်ယောက်ကို အရမ်းပြောပြ





ချင်နေတယ်၊ ငါယုံကြည်စိတ်ချရတဲ့ သူငယ်ချင်းဆိုလို့လဲ မင်းပဲရှိတာဟုတ်လား၊ မင်း ငါပြောတဲ့စကားကို ယုံမယုံတော့မသိဘူး. . ဒါပေမဲ့ငါပြောပြမှုကို ဖြစ်မယ်"

"အေးပါ. . မင်း ဘာအခက်အခဲဖြစ်နေလဲ ငါလည်းသိထားချင် ဝိုင်းစဉ်းစားပေးလို့ရတာပေါ့"

ငယ်စဉ်ကတည်းက အတူကြီးပြင်းလာတဲ့ သူငယ်ချင်းမို့ ဥစ္စာစောင့်မလေးအကြောင်းကို ဖွင့်ပြောဖို့ စိတ်ဆုံးဖြတ်လိုက်သည်။

"ဟုတ်တယ်. . ငါခုတစ်လော သိပ္ပံနည်းကျဖြေရှင်းလို့မရတဲ့ဖြစ်ရပ်ဆန်းတွေနဲ့ ရင်ဆိုင်နေရတယ်"

ချမ်းသာပြောမည့် အကြောင်းအရာကို ကံနက်သိပြီး ဖြစ်ပေမယ့်. . တမင်ပင် ဘာမှမသိ၍ စိတ်ဝင်စားစွာ နားစွင့်သူလို သရုပ်တူအောင် ဟန်ဆောင်လိုက်သည်။

"ဒီလိုကွာ. . စပြောရရင် နတ်ကတော် ဒိုးဒိုးကနေ စပြောရမှာပဲ အဲ. . . မဟုတ်သေးဘူး ငါဆင်းရဲလွန်းလို့ ကိုယ့်ကိုယ်ကိုယ်အားမလိုအားမရဖြစ်ပြီး ထွက်ပေါက်ရှာမိရာကနေ စပြောရမှာပဲ"

"ဘာလဲ. . မင်း ဘောလုံးပွဲတွေလောင်း၊ ချဲတွေထိုးလို့လားဟောကောင်၊ ပေါက်ကရ မလုပ်နဲ့နော်. . အဲဒါတွေက ဂျေးထဲရောက်မယ့်ကိန်း"

"မဟုတ်ပါဘူးကွာ၊ ငါ. . ဒါတွေမလုပ်တာ မင်းလည်းသိသားပဲခု ငါပြောမှာကိုပဲ မင်းနားထောင်"

ကြုံခဲ့သမျှ အကြောင်းအရာတွေကို စီကာပတ်ကုံး မချွင်းမချန်ပြောပြလိုက်သည်။ ကံနက်ပုံစံကလည်း မယုံတစ်ဝက် ယုံတစ်ဝက်ပင်။

"ဘယ်လိုလဲ မင်းလည်း မယုံတော့ဘူး မဟုတ်လား"

"အေး. . ယုံတယ်လို့လဲ ပြောမရသလို မယုံဘူးလို့ပဲ ပြောလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူးကွ၊ လောကကြီးထဲမှာ လက်တွေ့မကျတဲ့ လျှို့ဝှက်နက်နဲပြီး. . . ဂမ္ဘီရဆန်ဆန်ဖြစ်ရပ်ဆန်းတွေကလည်း ရှိသေးတယ်လေ၊ ဒါကိုဘယ်လို ခေါ်ရမလဲ၊ အပယ်ဘုံသားတွေလို့ ခေါ်ရမလား၊ အင်း. . . ဟုတ်တယ် အပါယ်ဘုံသားတွေပဲ”

“အေး. . . ငါလည်း အဲလိုပဲ တွေးမိပါတယ်၊ ဒါပေမဲ့ ငါ့ရဲ့မသိ စိတ်က ဘာကြောင့်မှန်းမသိဘူး ဒါကို အမှန်တရားတစ်ခုအဖြစ် လက်ခံ လို့မရဘူး ဖြစ်နေတယ်၊ ငါ အရမ်းချမ်းသာချင်တယ်ဆိုပေမယ့် ခုအခွင့် အလမ်းတွေ ငါ့ရှေ့ရောက်လာပြန်တော့ ငါယူရမှာ လက်တွန့်နေသ လိုလို. . ကိုယ့်လိပ်ပြာကိုယ်မလုံသလိုလိုနဲ့ တစ်မျိုးကြီးဖြစ်နေတယ်”

“ဒါဆို အဲဒီငွေထုပ်ကြီးရော မင်းအိမ်မှာရှိသေးလား”

“ရှိသေးတယ် ဒါပေမယ့် ဝှက်ထားရတယ်၊ ဟိုကောင် ဒိုးမောင် မောင်အခြောက်က အစ်မတော်ကို အပ်မယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ငါ့ဆီကဖြုတ်ယူဖို့ ကြံနေလို့လေ”

“အရေးထဲ ဒီအချောင်သမားက တစ်မျိုးကွာ. . အဲ. . ဥစ္စာ စောင့်လေးကရော မင်းနားမှာ အချိန်ပြည့်ရှိလား”

“မရှိဘူး တစ်ခါတလေမှပေါ်လာတာ၊ ပေါ်လာတိုင်းလဲ အိန် ဂျယ်(လ်)လေးကိုလက်ပေါ်က မချဘူး. . ၊ အဲဒီကြောင်ကလည်း ဥစ္စာ စောင့်ကြောင်ပဲကွ”

ကံနက် မရယ်မိအောင် အောက်နှုတ်ခမ်းကို မသိမသာဖိ ကိုက် ထားရ၏။ ပညာတတ် ဘွဲ့ရတစ်ယောက်လုပ်နေပြီး အမှန်တရားကို မရှာဖွေတတ်တဲ့ကောင်ပဲဟု အားမလိုအားမရ ဖြစ်မိ၏။

“မင်း ညံ့သေးတာပဲ”

“ဘာကိုလဲ”

“ဟ. . ဥစ္စာစောင့်ပဲဖြစ်ဖြစ်၊ လူစင်စစ်ပဲဖြစ်ဖြစ်. . မိန်းမက





မိန်းမပဲလေကွာ. . ကိုယ့်ရှေ့ရောက်လာတဲ့အစာက ကိုယ့်ပါးစပ်ထဲ န်ဝင်မယ် တကဲကဲ လုပ်နေတာကို ပုတ်ထုတ်နေတဲ့ မင်းကသာ လူ တ်”

“ဟ. . . သူက ဥစ္စာစောင့်အစစ်ဆိုရင် ငါ့လိပ်ပြာနုတ်ပြီး သူ့ သိုက်ထဲခေါ်သွားရင် ဘယ်လိုလုပ်မလဲ”

“မင်းပဲ ချမ်းသာချင်တယ်ဆို၊ သိုက်ထဲမှာ ရွှေငွေရတနာတွေ အပြည့်ပဲဟာကို. . မိန်းမချောချောလေးလဲရ၊ ရတနာပုံပေါ်လဲ ထိုင်ရ မင်းထက်ပိုပြီး ကံကောင်းတဲ့ကောင်တောင် မင်းလောက်ကံကောင်းနိုင် မလား”

“ဟာ. . မ. . မလုပ်ပါနဲ့ကွာ၊ ငါ့မှာ ခုတောင် မနည်းကို မျိုသိပ် ထားရတာ၊ ကောင်မလေးက တော်တော်လှတယ်ကွာ၊ ပိုးစိုးပက်စက် သာ အနမ်းတွေပေးလိုက်ရရင် ငါ့ရင်ဘတ်ကြီး ဖုံးတစ်လုံးလို ဝုန်းခနဲ များ ထပေါက်ကွဲသွားမလား မသိဘူး”

“ဟမ်. . မင်းက ချစ်မိသွားလို့လား”

“အေး. . ငါ. . ငါလည်း ဘယ်လိုချစ်မိသွားလဲ မသိပါဘူးကွာ၊ သူ့ကို ငါ့အနားမှာ အမြဲထားချင်စိတ်တွေ ဖြစ်လာတယ်၊ ငါ့ဘဝမှာ အလိုခံစားမှုမျိုး တစ်ခါမှမခံစားဖူးခဲ့တာ ငါကိုယ်ငါအသိဆုံး”

“ဒါဆိုရင်လည်း ချစ်လိုက်ပေါ့ကွာ. . မင်းတို့နှစ်ယောက် ည တွေကို အတူတူဖြတ်သန်းနေကြတာပဲ မဟုတ်လား”

“မဟုတ်ဘူး. . သူက ညဘက်တွေမှာ မရှိလောက်ဘူးကွ၊ ငါ တစ်ခါတစ်ရေးနိုးလို့ သူများရှိနေ မလားလို့ ချောင်းကြည့်ဖူးတယ်၊ ဟီး . . ရှိရင် ဇာတ်လမ်းလေးဘာလေး ဖန်တီးရအောင်ပေါ့ကွာ”

“အယ်. . မင်းလည်း ရှုံးမလိုလိုနဲ့ တော်တော်နုံတာပဲ”

“အဲလို သဘောတော့ မဟုတ်ဘူးကွ. . . ငါက သူမှတ်နှာတို



www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့ထိုင်ကြည့်ပြီး ရင်ထဲမှာ တလှပ်လှပ်နဲ့ခံစားချင်တာ၊ စိတ်မထိန်း နိုင်ရင်လည်း ခိုးကြောင်ခိုးဝှက် အာဘွားပေးရုံလောက်လေးနဲ့ ငါ့ဆန္ဒ တွေကို ဖြေသိမ့်နိုင်ပါတယ်ကွာ"

"ဒါဆိုရင်လည်း ညဘက်တွေမှာ ကိုယ်ရောင်ဖျောက် မထားပါ နဲ့လို့ ပြောပေါ့ကွ၊ သူက မင်းကို သူချစ်သူလို့ ထင်နေတဲ့ဟာ"

"အေး ငါလည်း ကြိုးစားကြည့်မလားလို့၊ ခက်တာက ငါ့မိဘ တွေ တရားရိပ်သာက ပြန်လာရင် ဒီကိစ္စဘယ်လိုလုပ်မလဲ "

"ဟ. . မင်းအဖေနဲ့အမေက ငွေထုပ်ကြီးမြင်ပြီး ထကမှာပေါ့ ဟား. . ဟား. . ဟား. . သူတို့နှစ်ယောက် ဒီလိုငွေထုပ်ကြီးမျိုး မြင်ဖူး တာမှမဟုတ်တာ"

"ဒါပေမယ့်. . အခု ငါ ငွေကိုသိပ်မမက်မောတော့ဘူး"

"ဟော ဖြစ်ပြန်ပြီ ဒါဆို မင်းမက်မောတာဘာလဲ"

"စောကြည်ဖြူလေးကို"

"ဘယ်သူ"

"စောကြည်ဖြူလေးကွာ. . ဥစ္စာစောင့်မလေးကို ပြောတာ"

ကံနက် ဟတ်ခနဲ ရယ်လိုက်သည်။ သေချာပြီ အချစ်တွေအဖြ ရင်းနှီးစွာပွင့်လင်းဖို့ ရင်ဘတ်နှစ်ခု တဖြည်းဖြည်းနီးနေပြီ။

ဇာတ်သိမ်းကို ဘယ်လိုသိမ်းမလဲဆိုတာတောင် ကံနက် မှန်းလို့ ရနေပြီ။

အဓိက,က ဂိမ်းတစ်ခုဖန်တီးရင်းနဲ့ ချမ်းသာကို မေမင်း တ ကယ်ချစ်သွားဖို့ပဲ။







"မင်း. . ဘယ်တွေလျှောက်သွားနေတာလဲ၊ ငါက မင်းရဲ့ ချစ်သူလို့လဲပြောသေးတယ် ငါ့နားမှာလဲ မနေဘူး၊ မင်းကို ခဏလေး မျက်တွယ်ပြုလိုက်တာနဲ့. . မင်း မရှိတော့ဘူး"

"အစ်ကိုက ညီမကို အလိုမှမရှိတာ၊ ညီမကို ကြည့်တဲ့အကြည့် တွေထဲမှာ သံသယတွေပါနေတာ ညီမသိတယ်၊ ညီမပေးတဲ့ ငွေတွေကို အစ်ကို ဘာမှမလုပ်တာဟာ ညီမရဲ့သစ္စာတရားကို ယုံကြည်မှုမရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဒီကတော့ သူချမ်းသာချင်လှချည်ရဲ့ဆိုပြီး နတ်ကွန်းစင်တွေမှာ တတွတ်တွတ် ဆုတောင်းနေကတည်းက. . အစ်ကို့ဆန္ဒတွေကို ဖြည့်ဆည်းပေးချင်နေတာ"

ကျောခိုင်းထိုင်ကာ မကျေမနပ်ပြောနေသော မေမင်း အနားသို့ ချမ်းသာ မရဲတရဲ တိုးကပ်သွားလိုက်သည်။

"ခုတော့. . ငါ လုံးဝမချမ်းသာချင်တော့ဘူး"

"ဟင်. . အစ်ကိုပြောတော့ ချမ်းသာချင်တယ်ဆို"

"အဲဒါက မင်းနဲ့မတွေ့ခင်က. . ခုတော့ လောကမှာ တန်ဖိုးဖြတ်မရနိုင်တဲ့ အရာဟာ ငွေမဟုတ်ပဲ မေတ္တာတရားဆိုတာ သိသွားလို့ ငွေကိုမမက်တော့ဘူး၊ မင်းကရော အခု ငါလိုနေတဲ့ မေတ္တာတရားကို ထပ်ပြီးဖြည့်ပေးနိုင်မလား"

"ညီမက ဥစ္စာစောင့်နော် အစ်ကိုကို လိပ်ပြာနုတ်ပြီး သိုက်ထဲ ခေါ်သွားမှာ မကြောက်ဘူးလား၊ အဘက ပြန်လာဖို့ အမိန့်ချရင် ညီမ ပြန်ရမှာ၊ အဲဒီကျရင် အိန်ဂျယ်(လ်)လေးကိုပါ ပြန်ခေါ်သွားမယ်နော်"

အနီးတွင်ထိုင်နေသော အိန်ဂျယ်(လ်)လေးကို ပွေ့ချီကာ ရင်ခွင်ထဲအပ်လိုက်သော မေမင်းကို ချမ်းသာ မက်မပြေစွာ ကြည့်လိုက်သည်။

ရင်မှာတည်သော ချစ်ခြင်းတရားသည် မုသားကင်းမဲ့ပါသည်၊ ထိုသစ္စာတရားမှန်ပါက ဒီကောင်မလေးကို ထာဝရ ပိုင်ဆိုင်ရပါစေဟု စိတ်ထဲမှ ခပ်ကျိတ်ကျိတ် ဆုတောင်းမိသည့် ကိုယ့်အဖြစ်။

သူမ ကြားသိချင် ကြားသိနေမှာပါ။

"အစ်ကို ဘာတွေ အဲလောက်တွေး နေတာလဲ"

"သိသိကြီးနဲ့ မသိချင်ဟန်ဆောင် မေးနေသေးတယ်"

"အဟင်း. . ခစ်. . ခစ်. . ခစ်"





"မင်းအဘက မင်းကို သိုက်နန်းကို ပြန်လာဖို့ခေါ်ခဲ့ရင်. . မင်း ငါ့ကိုပါ ခေါ်သွားလို့ရမလား"

"ရှင်"

မေမင်းရင်ထဲ လှိုက်ခနဲ ခုန်သွားသည်။ ဒီစကားဟာ အတည်ပြောနေတယ်ဆိုတာ မေမင်း မှန်းဆလို့ ရနိုင်သည်ပဲ။

"အစ်ကို တကယ်လိုက်ရဲလား"

"မင်းကို ချစ်မိသွားမှတော့ လိုက်ရဲရတော့မှာပေါ့၊ ခုချိန်မှာ ငါ့ကိုထားပြီး ဒီလောကထဲက မင်းထွက်သွားမှာကို ငါ အကြောက်ဆုံးပဲကွ. . သိလား"

"ညီမ သိုက်နန်းကိုပြန်ရင် အစ်ကို့ကို အရှင်လတ်လတ် ခေါ်သွားလို့မှမရတာ၊ လိပ်ပြာနုတ်ပြီး ခေါ်သွားရမှာ"

"ဘယ်လိုပဲခေါ်ခေါ်. . မင်းနဲ့ ထာဝရ အတူရှိနေရမယ်ဆိုရင် ငါ့ရဲ့လိပ်ပြာကို တစ်ခါမကဘူး အခါတစ်ရာ အနုတ်ခံမယ်"

အချစ်ဆိုတာ ခုလောက်နူးညံ့သိမ်မွေ့သည့် စိတ်ခံစားမှုတွေ ပေးစွမ်းနိုင်မှန်း မေမင်းခုမှ ပိုသိလာရ၍. . ရင်ထဲမှာ အချစ်ပန်းတွေ အခါခါ ပွင့်နေမိသည်။

ကိုယ်ကစားသည့်ဂိမ်းမှာ တစ်ခုခု လွဲချော်သွားတာနှင့် ဂိမ်းဆိုတာ ဖြစ်နိုင်သည်ဆိုတာ ကြိုတွေးမိပေမယ့် ထိုဂိမ်းကို မေမင်း ဆက်ကစားခဲ့မိသည်။

ခုတော့ ကိုယ့်နှလုံးသားတံခါးကို အတိအလင်း လာခေါက်သည့်အသံကို ကြားရပြီမို့ ထိုဂိမ်းကို မေမင်း အောင်မြင်စွာ အပြီးသတ်နိုင်တော့မည်။

အဲဒီအတွက် ရရှိလိုက်တာက ဘယ်လိုမှမျှော်လင့် မထားသည့် အချစ်စစ်စစ်တစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့်ပင် မေမင်းသည် ဥစ္စာစောင့်မလေး စောကြည်ဖြူအဖြစ်နှင့် ချမ်းသာ၏ချစ်သူအဖြစ် သူ့အချစ်တွေမှာ အလိုက်သင့် မျှောလိုက်သည်။

နှစ်ဦးသား အချစ်တွေကို ပစ္စုပ္ပန်ထဲမှ လွတ်ထွက်မသွားအောင် လိမ်ကျစ်ထုပ်ပိုးရင်း ကြယ်ကြွေညတွေမှာ အနမ်းတွေ အတူခြွေကြရှာပေါ့။








“မေမင်း. . . နင် ခုတလော ဟိုတယ်မှာ ပြန်မအိပ်ဘူးဆို”

ကိုလာဘူးကိုယူကာ စိတ်မပါ့ တပါမော့သောက်ရင်း သက်ငြိမ်ကို မျက်ခနဲ ကြည့်လိုက်ပြီး. . .

“နင် ဘယ်လိုသိလဲ”

“မမေးပါနဲ့. . . ဟုတ်လား မဟုတ်လား ဆိုတာပဲဖြေ”

“အင်း ဟုတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ. . နင် ငါ့ကိုကတိပေးတုန်းက အဲဒီလို ညအိပ်ည
နေ မပါဘူးလေဟာ၊ ဒုက္ခပါပဲ နင်တော့ ကိုယ်ကျိုးနည်းတော့မှာပဲဟ
နင်တစ်ခုခုဖြစ်ရင် ငါ အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမှာနော်"

"ခေါင်းနဲ့ဆင်းစရာ မလိုပါဘူး၊ ကိုကံနက်ကြီးက လာပွေ့ခေ
သွားမှာပေါ့၊ ဒါမှ နင်တို့လည်း အမြန်ညားကြမှာ"

မေမင်း ရွတ်နောက်နောက်နှင့် ခပ်ပေါ့ပေါ့ ပြောသဖြင့် သက
ငြိမ် စတန့်မင်းသမီးဟု သူကိုယ်တိုင်တင်စားထားသော မေမင်းကို ခ
ကဲကဲ စိုက်ကြည့်ပြီး. . .

"ပြောတော့ နင်သူ့ကို မချစ်ဘူးဆို"

"ဟုတ်တယ် ဒါအရင်က. . ခုတော့ ချစ်သွားပြီ"

"ငါ အကောင်းပြောနေတာ မနောက်ပါနဲ့ဟယ်. . .၊ သူ
လောဘသမားနော်. . . ငွေမက်တဲ့ယောကျ်ားတစ်ယောက်က နင့်
ရော မမက်ပဲနေမလား"

"မက်တယ်လေ၊ မက်လို့ ငါတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွ
ကြပြီ၊ အရင်က ချစ်ဖို့စိတ်ကူးမရှိခဲ့ပေမယ့် ခု ငါသူနဲ့တွေ့နေရတ
ပျော်တယ်၊ ဒါဟာ အချစ်ပဲလို့ ထင်တယ်"

သက်ငြိမ် ပါးစပ်အဟောင်းသားဖြစ်ကာ မေမင်းကို ပြူးကြ
၏။

"နင်. . နင်တို့ ဒါဆို ဘယ်အဆင့်ထိ ရောက်ကုန်ကြပြီလဲဟ
မေမင်း၊ ကိုယ့်ဂုဏ်သိက္ခာ ကိုယ့်အဆင့်အတန်း ဘယ်အနေအထား
ရှိတယ်ဆိုတာ နင်သိပါတယ်နော်. .၊ သူကရော နင်ဥစ္စာစောင့်ပါ
ညာပြောထားတာတောင် ယုံသလား. . တော်တော်အသိဉာဏ်နုံနဲ့
ယောကျ်ားပဲ၊ ငါတော့ နင့်ရှေ့ရေးကို ရင်လေးတယ် မေမင်းရယ်"

"အရာရာကို ကံတရားကပဲ စီမံတာပါဟာ၊ လူ့ဘဝဆိုတ





ဘဝတယ် တိုတိုလေးပါ၊ အဲဒီကာလတိုလေးမှာ ဖြစ်ချင်တာရယ် ဖြစ်သင့်
တာရယ် ယှဉ်လာရင် ငါကတော့ ဖြစ်ချင်တာကိုပဲဦးစားပေးမယ်၊ လူ့ဘဝ
ဆိုတာ ကိုယ်ဖြစ်ချင်တာတွေလုပ်ဖို့ ရောက်လာတာလေ၊ အခု ငါအချစ်
စစ်တစ်ခုကို တွေ့သွားပြီ၊

ဒါကြောင့်. . ငါစွန့်စားရကျိုး နပ်သွားပြီ၊ ငါ့လုပ်ရပ်က တခြား
မိန်းကလေးတွေ လိုက်မလုပ်ရဲတဲ့လုပ်ရပ်မျိုး ဖြစ်ပေမယ့် ငါစွန့်စားရ
တာ တန်ပါတယ်၊ အဲဒါ အိန်ဂျယ်(လ်)လေးကြောင့်. . အိန်ဂျယ်(လ်)
လေးကိုသာ ငါသံယောဇဉ်မကြီးခဲ့မိရင် သူနဲ့ငါ ဆုံဖြစ်ကြမှာမဟုတ်
ဘူး"

သူ့ဖီလင်နှင့်သူ ပြောနေသော မေမင်းကို စိတ်မောစွာကြည့်ပြီး
သက်ငြိမ် ဘာမှမပြောချင်တော့။

"သြော် နင့်ကိုငါပြောရဦးမယ်၊ အဲဒီ လောဘသားအကြောင်း
ပြောနေတာနဲ့ အရေးကြီးတာပြောဖို့ မေ့တော့မလို့"

"ဟင်. . . ဖေဖေနဲ့မေမေ ဘာဖြစ်လို့လဲ"

"အရင်လို စိတ်သောကရောက်နေကြရုံကလွဲလို့ ကျန်းမာတယ်
ဒါထက ကရိန်းယူး(စ်) မြန်မာပြည်ရောက်နေတယ် "

"ဟင်. . . ဟုတ်လား ဘာလာလုပ်တာလဲ၊ ငါ ကျောင်းသွား
တက်မယ့်ရက် လွန်နေလို့ လိုက်လာတာလား"

"မဟုတ်လောက်ဘူး ခုလာတာ သူတို့မိသားစု အိမ်တွင်းရေး
ကိစ္စကြောင့်လာတာ၊ သူ့အမေ ဒေါ်နှင်းဆီကြီးက အတိတ်က သူ့အိမ်မှာ
အိမ်အကူလုပ်ခဲ့ဖူးတဲ့ အမျိုးသမီးကို လာရှာတယ်ဆိုလား ဘာလား
သေချာပါဘူး၊ ငါလည်း ကိုယ်နဲ့မဆိုင်တော့ အန်တီမေ့ကို သေသေချာချာ
ထဲ မမေးမိပါဘူး"

"ဟဲ့. . ကရိန်းယူး(စ်)က ဒီတစ်ခေါက် ဘာလက်ဆောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပါသေးလဲ”

လူကို မုန်းပြီး မပတ်သက်ချင်ပေမယ့် သူယူလာသည့် ထူးထူးဆန်းဆန်း လက်ဆောင်တွေကိုတော့ မေမင်း စိတ်ဝင်စားသည်။

“ဟွန်း ဒါမျိုးကျတော့ စိတ်ဝင်စားတယ်၊ ငါလဲ မသိပါဘူးဆို အဲ. . ထူးခြားတာ တစ်ခုတော့ရှိတယ်၊ ဒီတစ်ခေါက် သူလာတာ မြန်မာ ဝတ်စုံတွေ ဘာတွေဝတ်လို့ဟဲ့. . သိလား၊ အသားက ဖြူဖပ်ဖြူရော် အရပ်က ကလန်ကလားနဲ့ဆိုတော့ ရယ်စရာလဲကောင်း ကြည့်လို့လဲ ကောင်းတယ်”

“ကံနက်ကြီးနဲ့တော့. . ဒေါင်ရော အသားအရေရော ကျွာပဲ ဟယ်လို့ တွေးနေပြီ မဟုတ်လား၊ နင်ယူလိုက်ပါလား အမေက မြန်မာ စစ်စစ်ကြီး အဖေက ရုရှားသားဆိုတော့ နင်ယူလိုက်ရင် နင့်မျိုးဆက် ရေရှည်မှာ တောင့်တင်းခိုင်မာမှာနော်. . ခစ်. . ခစ်. . ခစ်”

“မေမင်းရယ် တော်ပါတော့၊ သူ့အရပ်က ခြောက်ပေကျော်. . ငါ့အရပ်က ငါးပေတောင်မပြည့်တာ သူက ချိ(စ်)စားတယ်၊ ငါက ငါး အရမ်းကြိုက်၊ ဟိုက အသားဖြူဆွတ်နေတာ. . ငါ့အသားက ညိုညက် ညက်လေ. . .၊

တွေးကြည့်တာနဲ့တင် လူရယ်ချင်စရာ၊ ကိုယ့်ဗမာအချင်းချင်း ယူတာပဲ ကောင်းပါတယ်ဟာ၊ ဟိုက နင့်မှနင်လေ ငါ့ကို ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့တောင် ထင်တာမဟုတ်ဘူး”

“ရှိရင်ရော. . နင် စဉ်းစားမလား၊ ငါ မေမေတို့ကို ပြောလိုက် မယ်လေ”

“ဟယ်. . ပေါက်ကရ လျှောက်မလုပ်နဲ့နော် မေမင်း. . ငါက နောက်နေတာ၊ ငါ့နှလုံးသားက ကိုကံနက်ကို တစ်သက်စာ အပိုင်ပေး ပြီးသား”



“နင် ကိုယ်ချင်းစာတတ်ပြီလား”

မေမင်း ထိုသို့မေးတော့ သက်ငြိမ်ထံမှ ဘာစကားမှ ထွက်မ လာ။

www.burmeseclassic.com





(၂၁)

"ဘာ. . ငါက ခန္ဓာပျက်ကိန်းရှိတယ် ဟုတ်လား"

"ဟုတ်တယ်. . နင့် ကံကြမ္မာက ဒီအထိပဲ ပါတယ်တဲ့"

"ဘယ်သူပြောလဲ"

"နတ်တွေပြောတာလေ၊ နင်အခု အထုပ်လိုက် အထည်လိုက် ရနေတာတောင် နတ်ကတော် ငါ့ကိုရော နတ်တွေကိုရော ဘာတွေတာ မြှောက်လဲ၊ ဘာတွေ လှူဒါန်းလဲ၊ နင်က စားပြီးနားမလည် လုပ်လိုက်





တော့ နတ်တွေက နင့်ကိုကိုင်ပြီပေါ့ဟဲ့"

မကျေမနပ်နှင့် စကားနာထိုးတော့ ချမ်းသာ ဟတ်ခနဲ ရယ်လိုက်သည်။

ယုံကြည်မှုလွန်ကဲသော စိတ်တွေဉာဏ်နှင့် ယှဉ်လာတော့. . ခေါက်ရိုးပျယ်စပြုနေပြီ။

ကာချယ်တွေဆိုးထားသော မျက်လုံးမည်းမည်းကြီးနှင့် ညှု တု စွေကြည့်ကာ မျက်စောင်းခပ်ပြစ်ပြစ်ထိုးရင်း. . .

"ဘာကြည့်. . အဲ. . ဘာရယ်တာလဲ"

"နင် လောဘတွေတက်နေတာကို ကြည့်ပြီး ငါရယ်ချင်နေတာ နင်ကိုငါ နတ်ဟောခ သုံးထောင်ပေးတယ်လေ"

"အို. . နင်ရတာက အထုပ်ကြီး၊ တကယ့်ဟဲဗီးကြီး၊ ကားတစ် တောင်ဝယ်လို့ရတယ်၊ ငါ့ကိုပေးတော့ သုံးထောင်တဲ့ ငါဝတ်တဲ့လုံ ချည်တစ်ထည်ဖိုးတောင် မရှိဘူး"

"နင် တော်တော်လောဘကြီးတဲ့ အခြောက်ပဲ"

"အို. . ကြီးတယ်၊ နင်နဲ့ပတ်သက်ရင် အကုန်လုံး လောဘကြီး တယ်၊ နင်နဲ့ပတ်သက်ရင် အကုန်လုံး ပိုင်ဆိုင်ချင်တယ်၊ ငါကလွဲပြီး နင့်ကိုဘယ်သူမှ စေ့စေ့ကြည့်တာ မခံနိုင်ဘူး၊ ငါ့ဟတ်(ဒ်)ကိုတော့ အကွဲ ခံနိုင်ဘူးနော် ချမ်းသာ"

"လဲသေလိုက်ပေါ့ဟာ"

"ဟယ်. . ကြည့်စမ်း၊ အဲလောက်အဆုံးထိ ပြောရလားလို့. . နင်နော်. . ငါ့ကြောင့် ခုလိုဘဝကူးကောင်း. . အဲ. . ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားတဲ့ ဟာကို ငါ့ကို နည်းနည်းလေးတောင် မကြည့်ဖူးဘူး"

"နင့်ကြောင့်မှ မဟုတ်တာ၊ ဥစ္စာစောင့်မလေးကြောင့်လေ. . ငွေထုပ်က ဥစ္စာစောင့်မလေးပေးတာ ခုဆို သူနဲ့ငါ ချစ်သူတွေတောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီ"

ထိုသို့ပြောတော့ ဒိုးဒိုး ပို၍ ဆွေ့ဆွေ့ခုန်သွားသည်။

"ချမ်းသာ. . နင် ငါ့နှလုံးကို သွေးစိမ်းရှင်ရှင်ထွက်အောင် လုပ်နေတာလား၊ နင်နဲ့ပတ်သက်ပြီး ငါအများကြီး မျှော်လင့်ထားတာနော်၊ နတ်တွေအချစ်ခံရအောင် ကြားထဲက အကျိုးဆောင်ပေးတဲ့ မျက်နှာမထောက်၊ ခုလဲ နတ်တွေမတာလို့မပြောပဲ ဥစ္စာစောင့်ပေးတာလို့ ပြောနေ. . ၊

နင် အဲလိုပြောလေ. . နတ်တွေကနင့်ကို ပိုပြိုးလေပဲ၊ ခု. . နင်နတ်အကိုင်ခံနေရပြီ သိရဲ့လား၊ ရှေ့လျှောက် နင် နာလန်ထူမှာ မဟုတ်တော့ဘူး"

ဒိုးဒိုးစကားကြောင့် ချမ်းသာ ရယ်ကျဲကျဲမျက်နှာဖြင့် ဒိုးဒိုးကို ခပ်လှောင်လှောင် ကြည့်လိုက်ပြီး. . .

"ဒါဆိုရင် ငါ့ကို နတ်ကိုင်နေတယ်ပေါ့"

"ဟုတ်တယ် နင့်ကို နတ်ကိုင်နေတယ်"

"ဘယ်နေရာကို ကိုင်တာလဲ"

ရွဲ့မေးလိုက်ခြင်း ဖြစ်သည်။

"လူတွေ မမြင်ရတဲ့နေရာကို ကိုင်တာ"

ဒိုးဒိုးကလည်း ပါးစပ်အရသာခံချင်၍ တမင်ပြောလိုက်ခြင်းဖြစ်သည်။

ချမ်းသာ ပေါင်နှစ်ဖက် ဆတ်ခနဲ ကျုံ့သွားကာ. . .

"သြော်. . သိပြီ. . သိပြီ တရားခံပေါ်ပြီ၊ ခုတလော ငါ ဆီးကောင်းကောင်း မသွားနိုင်တာ ဒါကြောင့်ကိုး. . အဟုတ်. . နတ်တွေကကွာ ကိုင်စရာရှားလို့. . ဟားဟားဟားဟား. . "

"ဟယ်. . နင် အဲလိုဖြစ်နေလို့လား"





"အေး. . ဟုတ်တယ် ငါက ရေခဲရေတွေသောက်လို့ပဲ ထင်နေတာ. . လက်စသတ်တော့ နတ်ကိုင်နေတာကိုး"

"ဒါဆို နင့်ကို မကိုင်တော့အောင် ငါလုပ်ပေးမယ်၊ လာ အခန်းထဲကို. . . "

"ဟမ်. . ဘာလုပ်ဖို့လဲ"

ဒီတစ်ခါ ချမ်းသာ တကယ်လန့်သွားခြင်းပါ။ မျက်လုံးပြူးမျက်ဆံပြူးဖြင့် မေးလိုက်သည်။

"နင့်ကို နတ်တွေ နောက်ထပ်မကိုင်တော့အောင် ငါက ပြန်ထုပ်ပေးမယ်လေ"

ချမ်းသာလက်ကို အငမ်းမရ အတင်းဆွဲထူပြီး အခန်းထဲခေါ်သည်။

ဒိုးဒိုးပုံစံက တကယ်လုပ်မည့်ပုံမို့ ချမ်းသာရွံ့ပြီး အခန်းထဲလိုက်သွားလျှင် လင်ယောက်ျားအဖြစ် ပြုကျင့်ခြင်း ခံရတော့မည်။

"ဟာ. . ဟေ့. . မလုပ်နဲ့၊ ငါက နင့်အခန်းထဲ ဘာကိစ္စလိုက်ရမှာတုန်း မလိုက်ဘူး၊ နင်အကြံအဖန် လာမလုပ်နဲ့၊ နင့်အကြံ ငါမသိဘူးမှတ်နေလား"

"လာပါဟယ် တစ်ကြိမ်ထဲပါ၊ နင်နဲ့အဲလို စိတ်တူကိုယ်တူနေရဖို့ ငါဘယ်လောက် မျှော်လင့်စောင့်စားခဲ့ရလဲ နင်သိလား၊ နင့်ကို ကျောင်းတုန်းကတည်းက ချစ်ခဲ့တာပါဟယ်"

လက်ညှိုးလေးတစ်ချောင်း ထောင်ကာ အသနားခံတောင်းဆိုနေသော ဒိုးဒိုး၏ ရွှံစရာရုပ်ကြီးကို ချမ်းသာ ကြက်သီးတဖြန်းဖြန်းထလာသည်။

"ဟာ နင် မဟုတ်တရုတ်တွေလာမပြောနဲ့၊ နင်လဲယောက်ျား ငါလဲယောက်ျား ဘာမှမထူးဘူး. . လွှတ်. . လွှတ်. . ငါပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com





"ဟင့်အင်း . . မပြန်ရဘူး၊ နင် ငါ့ဆန္ဒတွေကို မလိုက်လျောရင်
နတ်က ဒီထက် ကြမ်းကြမ်းကိုင်မှာနော်၊ ငါတို့က သူငယ်ချင်းတွေ
ဟယ် ပွင့်ပွင့်လင်းလင်းပေါ့၊ နင့်ကို ခံစားမှုအသစ်တွေနဲ့ လန်းအောင်
လုပ်ပေးမယ်လေ"

"ဟာ . . ဒိုးဒိုး ငါအော်လိုက်မှာနော်၊ ဒီရပ်ကွက်ထဲမှာ နတ်
တော်လုပ်စားလို့မရပဲ မုဒိမ်းကောင်အဖြစ်နဲ့ နေသွားရမယ်"

"အောင်မယ် . . အော်လေ အော်လိုက်လေ . . နင်အော်လိုက်
တာနဲ့ ငါ့ကိုယ်ပေါ် ကလုံချည်ကို ချွတ်ချပစ်လိုက်မှာ၊ အဲဒီကျရင် ဘယ်





သူက မုဒိမ်းကောင်ဖြစ်မလဲ ကြည့်သေးတာပေါ့ . . ဟင်း . . ဟင်း . .
ဟင်း"

"အမ်"

ဒီလိုဆိုတော့ ချမ်းသာ မအော်ရဲတော့၊ ယုန်သူငယ်တစ်ကောင်
ချောင်ပိတ်မိသလို ဖြစ်နေ၍ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုထွက်ပေါက်ရှာ
ရမှန်းပင် မသိတော့။

ဒီတော့ နောက်ဆုံးလက်နက်ကို ထုတ်သုံးမှရတော့မည်မို့ အ
ဆင်းဖက်ထားသော ဒိုးဒိုးလက်ထဲမှ အားကုန်ရုန်း ထွက်လိုက်ပြီး . . .

"ဟာ . . . ဒီသောက်အခြောက် နှာဘူးကောင်၊ ငါ့ကို မစားခင်
ငါ့လက်သီး အရင်ကျွေးလိုက်တော့မယ် . . ကဲကွာ"

"ခွပ် . . ခွပ် . . "

"အောင်မလေးတော့ . . သူဟာကြီးနဲ့ ပိုးစိုးပက်စက် ထိုးတယ်၊
ကျိုးပါပြီ . . သွားတွေ . . သွားတွေ"

ဒိုးဒိုး၏ အသံပြကြီးနှင့်အော်သံကို ကျော်ခွပြီး ချမ်းသာ အိမ်သို့
အန်းဆိုင်းပြီး ပြန်ပြေးခဲ့ရ၏။

ညကောင်းကင်က ကြယ်တွေက ချမ်းသာ၏ ဝရုန်းသုန်းကား
အဖြစ်ကို ငုံ့ကြည့်ပြီး ခိုးခိုးခစ်ခစ်နှင့် ရယ်နေကြသလားပင်။

ချမ်းသာလဲ အားကျမခံ တဟားဟားဖြင့် အော်ရယ်လိုက်
သည်၊ ကိုယ့်အဖြစ်က ရယ်စရာကောင်းနေတာကိုး . . . ။



www.burmeseclassic.com



## (၂၂)

မြေကမ္ဘာကို လရောင်ဖြူဖြူကပေးသော အလင်းအော
အောက်မှာ ချစ်သူကိုအနမ်းခြွေလိုက်တာ နက္ခတ်တွေတောင် အ
လက်ကုန်၏။

ရိုးသားသူနှစ်ဦး၏ ပစ္စုပ္ပန်ထဲမှာ ကံတရားရဲ့စီမံရာကို
ကျကျနေပြီး အနမ်းပွဲတော်ကျင်းပရတာ ဘယ်လောက်ရင်ခုန်
ကောင်းလိုက်ပါသလဲ။

“အစ်ကို တော်ပါတော့. . နှာခေါင်းကြီးလဲ မီးပွင့်နေပြီ





းလဲ ပွဲကျတော့မယ်. . ခစ်. . ခစ်. . ခစ်၊ ဒီတစ်ညကုန်တာတောင်
အစ်ကို့အနမ်းတွေ ပြီးပါဦးမလား”

ပါးနှစ်ဖက်ကို လက်ဖြင့်အုပ်ပြီး ရှက်ထွေးထွေးလေးပြောတော့
ချမ်းသာ အားမနာစွာဖြင့် ထပ်နမ်းဖို့ကြံ၏။

“နမ်းခွင့်ရတဲ့ အခိုက်အတန့်လေးကို အလဟဿ မဖြစ်ချင်
ဘူးပါ”

ထိုသို့ပြောတော့ မျက်စောင်းလက်ခနဲ ရွယ်ကာ. . .

“ဩော်. . . နမ်းတာတောင် အလေအလွင့်မရှိအောင် နမ်း
တယ်ပေါ့”

မေမင်းစကားကြောင့် ချမ်းသာ ရယ်လိုက်သည်။

“ချစ်လို့ပါကွာ၊ ဘာအခွင့်အရေးမှ မယူပဲ နမ်းရုံလေးနမ်းတာ
ကို ငြိငြင်တယ်ပေါ့”

“အစ်ကို ညီမနောက်ကို တကယ်လိုက်မှာပါနော်၊ သိုက်နန်း
ပြန်ဖို့ အမိန့်ကျတော့မှ မလိုက်တော့ပါဘူးလို့ စိတ်ပြောင်းရင် ညီမ
တွေကွဲမလားပဲ၊ ဒါပေမဲ့ ခေါ်လဲမခေါ်ရက်ပြန်ဘူး”

“ဟောဗျာ. . ဘာကြီးလဲ၊ ခုလိုက်မှာပါနော်. . ခုမခေါ်ရက်ဘူး
. . ဆယ့်ငါးမျိုးဂျင်းသုပ် လုပ်နေတာလား”

“မဟုတ်ပါဘူး. . လူ့ဘဝဆိုတာ ရခဲတယ် မဟုတ်လား၊ ညီမ
ဘာ အပါယ်ဘုံသားတွေပါ၊ ညီမနေတဲ့နေရာကို လိုက်ရင် အစ်ကိုပါ
အပါယ်ဘုံသား ဖြစ်သွားမှာလေ”

မေမင်း စကားကြောင့် ချမ်းသာ မမှုသည့်ဟန်ဖြင့် ခပ်လွန့်လွန့်
လိုက်သည်။ ပြီးနောက် မေမင်း၏ ကိုယ်လေးကို လွတ်ထွက်မတတ်
ပွေ့ပ်စွာ ဖက်တွယ်ထားလိုက်ပြီး. . .

“ငါ မင်းနောက်ကို မလိုက်ဘဲ. . လောကကြီးထဲမှာ ဆက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



သန်နေမယ်ဆိုရင်လည်း တစ်နေ့သေရမှာပဲ မဟုတ်လား၊ အဲဒီသေလွန်တဲ့အချိန်မှာ ငါဘယ်ဘဝ ရောက်မယ်ဆိုတာ ငါကိုယ်တိုင်တောင်ကြို သိနိုင်တာ မဟုတ်ဘူး"

သက်ပြင်း ခပ်ငွေ့ငွေ့ချပြီး ညကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။

လောကထဲကို ရောက်လာပြီး လူမှန်းသိတတ်ခဲ့ကတည်းက ဆင်းရဲလိုက်တာများ လောကရဲ့အခွင့်အရေးဆိုတာ ဘယ်ဆီနေမှန်း မသိ။

သနားစရာကောင်းသည့် အဖေနှင့်အမေကလည်း သံသရာလွတ်ကြောင်းတရားတွေကို စတင်ရှာဖွေနေကြပြီမို့ လျှောက်လှမ်းခဲ့ လမ်းတွေက တူမှမတူတော့တာ. . .

ဒီတော့ လိပ်ပြာအနုတ်ခံပြီး လောကကြီးနဲ့ ဝေးတဲ့နေရာကို ထွက်သွားလိုက်တာကမှ မွန်းကြပ်မှုတွေ ပြေပျောက်နိုင်မည်ထင်သည်။

"လူ့ဘဝကြီးက တကယ်တော့ အာမခံချက် မရှိပါဘူးကွာ. . လူဖြစ်ပြီဆိုကတည်းက မနက်ဖြန်ပေါင်းများစွာမှာ ဘာဖြစ်မယ်၊ ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်ရောဂါဖြစ်ပြီး ဘယ်အချိန်ကာလမှာ သေမယ်၊ ဘယ်သုသာန်မှာ သင်္ဂြိုဟ်ခံရမယ်ဆိုတာ ကြိုမသိနိုင်ဘူးလေ ဒီထက်ဆိုးဝါးတာက သေပြီးတဲ့အချိန်မှာ ဘယ်ဘဝကို ရောက်မယ်ဆိုတာ ကြိုမသိနိုင်တာပဲ၊ ဒီလောက် အာမခံချက်မရှိတဲ့ လူ့ဘဝမှာ ပေါ့ပေါ့လေးနေပြီး ရှင်သန်နေမှာထက်စာရင် ဥစ္စာစောင့်မလေးနဲ့ ထာဝရအတူနေနိုင်ဖို့ လိပ်ပြာအနုတ်ခံလိုက်ရတာကမှ ငါ့အတွက် အဓိပ္ပါယ်ရှိမှာပါ"

အယူလွဲတာလား အယူမှန်တာလား ကိုယ်ကိုယ်တိုင် ပိုင်းခြားဆင်ခြင်နိုင်စွမ်း မရှိသေးသော အခွင့်အရေးကို လက်လွတ်မခံနိုင်တာ



ချမ်းသာ၏ လောဘဆိုလျှင်လည်း ထိုလောဘတွေကို သေသေသပ် ထုပ်ပိုးပြီး ခမ်းခမ်းနားနားနှင့် လူလောကကြီးထဲက ထွက်သွားပါ၏။

ခုချိန်မှာ ငွေကြေးဥစ္စာမနေကို ချမ်းသာ မမက်မောတော့။

ချမ်းသာ မက်မောတာ. . ချစ်သူ၏ ရင်ငွေ့ကို ခိုလှုံခွင့်ရမယ့် ချိန်ကာလတွေကိုပါပဲ။

ထိုလောဘသည် အင်မတန် ခမ်းနားထည်ဝါသော လောဘပဲ သည်။

www.burmeseclassic.com





(၂၃)

**"လေ**ဒီလေး"

"ဟင်. . ကရိန်းယူး(စ်)ပါလား"

ဟိုတယ်ထဲမှထွက်လာသော မေမင်းနှင့်သက်ငြိမ်. . ခေါ်သ
ကြောင့် ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"အမလေး ကွိုင်တော့ အကြီးကြီး တက်တော့မယ် မေမင်း
ငါနှယ် အရှင်လတ်လတ်သာ ထွက်ရပ်ပေါက်လိုက်ချင်တော့တယ်"

သက်ငြိမ် ခပ်တိုးတိုး ညည်းတွားလိုက်သည်။





"ဟိုင်း မစ္စတာကရိန်း"

မေမင်း ဘာမှမဖြစ်သလို မှင်သေသေအမူအရာနှင့် နှုတ်ဆက်လိုက်သည်။ သက်ငြိမ် မျက်စိမျက်နှာပျက်နေသည်။ ခေါင်းကြီးငုံ့လျက် ဘာမှမပြောရဲ။ ကရိန်းယူး(စ်)သာ မေမင်းနှင့်သက်ငြိမ်ကို တွဲပြီး တွေ့ခဲ့တယ်ဟု အန်တီမေနှင့် ဦးလေးကိုသာပြန်ပြောရင်. . သက်ငြိမ်တော့ ခေါင်းကို ဆင်တပ်ကြီး အနင်းခံရမှာ. . .။

"ကျောင်းပြေး. . US မှာ ကျောင်းလာမတက်ချင်လို့ အိမ်က ပြေးနေတယ်ဆို"

ဗမာစကားကို ဝဲတဲဝဲတဲပြောနေသော ကရိန်းယူး(စ်)ကို နှုတ်ပိတ်စည်းရုံးရုံကလွဲပြီး မေမင်းမှာ တခြားနည်းလမ်း မရှိတော့။

"ဟုတ်တယ် ကရိန်း. . မေမင်း ချစ်သူတွေ့နေပြီလေ"

မဆီမဆိုင်စကားကို အရင်ဆုံးပြောလိုက်၍. . ကရိန်းယူး(စ်) မျက်နှာမှာ အံ့ဩရိပ်တို့ဖြင့် နီမြန်းသွားသည်။

"အိုး. . မိုင်ဂေါ့ ဝမ်းနည်းစရာ ကောင်းလိုက်တာ၊ ကိုယ်မင်းကို အများကြီး မျှော်လင့်ထားတာ၊ အိုး. . ဘယ်လိုပြောရမလဲ. . အရမ်း. . အရမ်းတို ရင်ထဲမှာ မကောင်းဘူး၊ ကိုယ် မင်းကို ဆုံးရှုံးလိုက်ရပြီပေါ့"

ကရိန်းယူး(စ်) တော်တော်လေး တုန်လှုပ်သွားပုံပင်။

"ဆောရီးပဲ ကရိန်းရယ်၊ ဟိုလေ. . မေမင်းတို့ တစ်နေရာရာမှာ ထိုင်ပြောကြရအောင်"

"အိုး. . ကောင်းတယ်. . ကောင်းတယ်. . မင်းနဲ့စကားအများကြီး ပြောချင်တယ်၊ လာလေ. . ကိုယ့်ကားနဲ့သွားမယ်"

သက်ငြိမ် မေမင်းကိုလှမ်းကြည့်ပြီး နင်ဘာဇယားတွေ ရှုပ်ဦးမလို့လဲဟူသောအကြည့်ဖြင့် မသိမသာ မေးဆတ်ပြသည်။

"အိုကေ ဒါဆို မေမင်းတို့ သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ကရိန်းယူး(စ်)၏ ကားနှင့်ပင် မေမင်းလိုက်ခဲ့လိုက်သည်

ကရိန်းယူး(စ်) ကားပေါ်တက်သွားသော မေမင်းကို. . ချမ်းသာ ကား

မောင်းနေရင်း မြင်သွားသည်ကိုတော့ မေမင်း နည်းနည်းမှမရိပ်မိလိုက်

"ဟင်. . ဟိုမှာ ဖောရိန်နာတစ်ယောက်နဲ့ ကားပေါ်တက်သွား

တာ စောကြည်ဖြူပဲ"

အမြင်မှားတာများလားဟု သေချာပြန်ကြည့်တော့လည်း. .

အပြုံး ဒီမျက်နှာလေးဟာ ချမ်းသာ နှလုံးသားမှာ တံဆိပ်ရိုက်ထားပြီး

သားမို့ မမှတ်မိစရာမရှိ။

ဒါဟာ စောကြည်ဖြူမှ စောကြည်ဖြူစစ်စစ်. . .။





(၂၄)



"မေမင်းကို နားလည်ပေးပါ ကရိန်းရယ်၊ အခု. . ရှင်နဲ့

တို့ တွေဖြစ်ကြတာ မေမေတို့ကို ပြန်မပြောပါနဲ့"

"အကြောင်းအရင်းကဘာလဲ"

"အခု မေမင်း ချစ်သူရှိနေပြီဆိုတာ. . မေမေတို့ မသိကြသေး

သွားရင် မေမင်းကို လာရှာကြမှာ၊ အဲဒီအခါကျရင်. . မေမင်း

နဲ့ မေမင်းကို ခွဲကြလိမ့်မယ်"

www.burmeseclassic.com



မျက်ရည်ဝဲပြကာ အသနားခံတော့ ကြင်နာစိတ် ကရုဏာစိတ် ရှိသော ကရိန်းမှာ မေမင်းကို နှမြောတသစွာ ကြည့်လိုက်ပြီး. . .

"အဲဒီချစ်သူက မေမင်းကို ကိုယ့်လောက်ချစ်ရဲ့လား"

"ချစ်တယ် သူ့မှာ ဘာရာထူးဘာဂုဏ်မှ မရှိဘူး၊ ဒါပေမယ့် သူရိုးသားတယ် မေမင်းအပေါ်မှာ အချစ်စစ်နဲ့ ချစ်တယ်"

တစ်ဖက်ခန်းတွင်လည်း ချမ်းသာ နားစွင့်နေသည်။

"ဒါဆို စောကြည်ဖြူဟာ ဥစ္စာစောင့် မဟုတ်ဘူးပေါ့"

ရင်ထဲမှာ အုံ့ဩလွန်း၍ ခန္ဓာကိုယ်ဟာ အပြေးသမား တစ် ယောက်လို လှိုက်မောနေ၏။ ပျော်တာလား၊ ဝမ်းနည်းတာလား၊ ကိုယ် နဲ့တာကို ကိုယ့်ကိုယ်ကိုယ် ရှုံချရမလား၊ ရင်ထဲမှာ တကယ်ချစ်မိသွား သော အချစ်တွေဟာ ခိုင်မာမှုတွေ ရှိပါတော့မလား။

လားပေါင်းများစွာဟာ အနာဂတ်ကို ကြိုမြင်နိုင်သည့် အမျှော် တရား တစ်ခုအဖြစ် အရေးတကြီး လိုအပ်နေ၏။ ထို့နောက် တစ်ဖက် သီးသန့်ခန်းနှင့် ကာထားသည့် ဖိုက်ဘာနံရံနားကို ကပ်ပြီး. . တစ်ဖက် နားပြန်စွင့်လိုက်သည်။

ရင်ခုန်သံတွေဟာ ခုမှ လူပျိုဖော်ဝင်ကာစလို တဒိတ်ဒိတ်နှင့် အခုန်မြန်နေ၏။

"မင်းနဲ့ မင်းချစ်သူကို ဘုရားသခင်က စောင့်ရှောက်မှာပါ. . ကိုယ်လည်း မင်းစိတ်ပျော်ရွှင် ကျေနပ်မယ်ဆိုရင် ဝမ်းသာပါတယ်"

မျက်နှာမလန်းပေမယ့် မေမင်းအတွက် ဝမ်းသာစကား ပြော ပေးနိုင်သေးသည့် ကရိန်းကို မေမင်း ကျေးဇူးတင်သည်။

"မစ္စသက်ငြိမ်ကရော ကျွန်တော့်ကို ဘာပြောစရာရှိသေးလဲ"

တစ်ချိန်လုံး ဘာစကားတစ်ခွန်းမှမပြောပဲ ငြိမ်နေသော သက် ငြိမ်ကို ကရိန်းယူး(စ်) မေးလိုက်သဖြင့် သက်ငြိမ် မချိုပြုံးကို ပီပီပြင်ပြင်





အရင်ဆုံး ပြုံးလိုက်ပြီး. . .

"ဒီဇာတ်လမ်းမှာ သက်ငြိမ်က သူခိုင်းသမျှ လုပ်ပေးနေရသူ သက်သက်ပါပဲ၊ သက်ငြိမ်မှာ ဘာမှပြောစရာ မရှိပါဘူး၊ ဟိုလေ တစ်ခုပဲ တောင်းဆိုချင်တာပါ. ."

"အိုကေ ပြောပါ. . . ကူညီလက်စနဲ့ ကူညီပါ့မယ်"

"အဲ. . သက်ငြိမ်ကို အခု မေမင်းနဲ့ အတူတွဲပြီး တွေ့တယ်လို့ သဘောမထားပါနဲ့၊ မေမင်းကို အလိုလိုက်မိလို့ ဒီလိုအခြေအနေထိ ဖြစ်သွားတာ သက်ငြိမ်ပယောဂ မကောင်းဘူးဆိုတာ သိပေမယ့် အန်တီ တို့ သိမှာကိုတော့ သက်ငြိမ်ကြောက်တယ်"

"အိုကေ ကောင်းပြီလေ. . ကျွန်တော်နဲ့မေမင်း ခုတွေ့နေတဲ့ အချိန်မှာ သက်ငြိမ်မရှိဘူး. . အိုကေ. ."

"ဟုတ်ကဲ့ အိုကေပါတယ်. ."

ဒါဆိုရင် ကျွန်တော်လည်း အကူအညီတစ်ခု ပြန်တောင်းမယ်။

"ဘာများလဲ"

မေမင်းအမေးကို ချက်ချင်းမဖြေဘဲ ဓါတ်ပုံတစ်ပုံကို အရင်ဆုံး ထုတ်ပြ၏။ ကမ်းပေးသော ဘလက်အင်ဝှိုက် ဓါတ်ပုံတစ်ပုံကို ကြည့်ပြီး ကရိန်းကို ပြန်ကြည့်လိုက်ပြီး. . .

"ဒီထဲကအန်တီက ကရိန်းရဲ့ မာမီမဟုတ်လား"

"ဟုတ်တယ် ခုဟာက မာမီဘေးက အဒေါ်ကြီးကို ရှာချင်တာ မာမီ့ဆန္ဒအရကြောင့် ဒီဓါတ်ပုံထဲက အဒေါ်ကြီးကို အရေးတကြီး တွေ့ ချင်လို့ မြန်မာပြည်ကို ပြန်လာတာပါ"

"ဪ ဟုတ်ပါပြီ. . မေမင်းလည်း သွားရင်းလာရင်း ဝိုင်းရှာ ပေးပါ့မယ်"

မေမင်းရော သက်ငြိမ်ရော ကရိန်းယူး(စ်) အရေးတကြီး ရှာနေ



www.burmeseclassic.com

www.burmeseclassic.com



သည့်မိန်းမကြီးကို အသေအချာ ကြည့်လိုက်ကြသည်. . ပြီးနော
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းခါလိုက်ကြသည်

မြန်မာပြည်ကအကျယ်ကြီး ဘယ်လိုလုပ် ရှာဖို့လွယ်လိမ့်မ
ကံမကုန်ကြသေးရင်တော့ ပြန်ဆုံကြမှာပေါ့ ကရိန်းယူး(စ်)ရယ်. . .








“ဟင်. . ဘယ်လို၊ မင်းကိုစပွန်ဆာပေးနေတဲ့ မိန်းကလေး
ဥ္စာစောင့် မဟုတ်တော့ပြန်ဖူးလား”

ကံနက်အမေးကို ချမ်းသာ ခပ်လေးလေး ခေါင်းညိတ်ပြလိုက်
ည်။

“ဟုတ်တယ် ဒီနေ့ငါ သူ့ကို အမျိုးသမီးတစ်ယောက် နိုင်ငံခြား
တစ်ယောက်နဲ့အတူ ကိုရီးယား ကော်ဖီဆိုင်လေးထဲ ဝင်သွားတာ

www.burmeseclassic.com



တွေ့လိုက်လို့ ငါလည်း လိုက်ဝင်သွားပြီး အကြောင်းစုံသိရအောင် ဝင်ပြီး စုံစမ်းလိုက်တယ်"

"ဒီတော့ မင်းဘာတွေ သိလာရလို့လဲ"

"သိပ်တော့ သဲသဲကွဲကွဲ မသိရပေမယ့် ငါတစ်စွန်းတစ်စကြား ခဲ့ရတာတော့ သူ့နာမည်က မေမင်း၊ နိုင်ငံခြားသားကို သူချစ်သူတွေ နေတာ သူ့မိဘတွေ မသိပါစေနဲ့ဆိုပြီး နှုတ်ပိတ်နေတယ်ကွာ"

ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသော ကံနက်သည်.. ချမ်းသာ ပြောတာကို အတော်လေးစိတ်ဝင်စားနေပုံနှင့်...

"မိန်းကလေး တစ်ယောက်က ငွေကုန်ကြေးကျခံပြီး မင်းကို ဥစ္စာစောင့်လို့ လိမ်ပြောမလား ချမ်းသာရယ်၊ မင်းပြောလို့သာ ငါ နား ထောင်နေရတာ... ငါတော့ အဲဒီမေမင်းဆိုတဲ့ ကောင်မလေးက မင်း ပြောတဲ့ ဥစ္စာစောင့်မလေး မဟုတ်လောက်ပါဘူး၊ တူတာ ဖြစ်မှာပါကွာ"

"ငါလည်း မင်းပြောသလို ရုပ်ချင်းဆင်တာပဲလို့ ထင်မိတယ် ဒါပေမဲ့ ငါ့စိတ်ထဲမှာကျတော့ စောကြည်ဖြူနဲ့မေမင်း တစ်ယောက်ထဲ လို့ကိုထင်နေတာ ခက်တယ်"

"မင်း ကားမောင်းထွက်နေတဲ့အချိန် အိမ်မှာ ဥစ္စာစောင့်မလေး ရှိနေတတ်လား"

"မသိဘူး သူက ငါ့အနားမှာ အမြဲတမ်းရှိတာမှ မဟုတ်တာ ပတ်ဝန်းကျင်က လူတွေမြင်မှာစိုးလို့ ကိုယ်ရောင်ဖျောက်နေတာ ဖြစ်မှာ ပေါ့"

ချမ်းသာ စကားကြောင့် ကံနက် ရယ်လိုက်သည်။

" မင်းကလည်းကွာ ခေတ်ပညာတတ်တစ်ယောက် မဟုတ်ဘူး အတိုင်းပဲ၊ မင်း ခုကြုံတွေ့နေရတဲ့ အကြောင်းအရာတွေအားလုံး ယုံဘူးယုံကျကျ စဉ်းစားပါကွာ၊ ငါလည်းမင်းလိုပဲ မေမင်းနဲ့ ဥစ္စာစော





လေး တစ်ယောက်ထဲလို့ထင်တယ်"

"ဟင်.. မင်းလည်း ငါ့လိုပဲ ထင်တယ်ပေါ့.. ဟုတ်လား"

"အေး.. ဟုတ်တယ်"

ချမ်းသာ အားတက်သလိုရှိသွားကာ ပြောရတာ ပို၍ အားရှိ သာပြီး...

"ဒါဆိုရင် ငါဘာလုပ်ရင် ကောင်းမလဲ၊ သူ့ကို ဖွင့်မေးလိုက် မယ်ကွာ"

"ဟာ.. အဲလိုတော့ မမေးနဲ့လေ၊ သူမင်းဆီကို ရောက်လာရ တဲ့ရည်ရွယ်ချက်က ဘာမှန်းသိသေးတာမဟုတ်ဘူး"

ကံနက် သတိပေးလိုက်မှ ချမ်းသာ တစ်စုံတစ်ခုကို စဉ်းစားမိ သွားပုံဖြင့်...

"ငါစဉ်းစားမိပြီ သူ့ကြောင်လေးနဲ့များ ပတ်သက်နေမလား၊ သူ့ငါ့အနားမှာ ရှိတဲ့အချိန်တိုင်း အိန်ဂျယ်(လ်)လေး အမြဲရှိတယ်၊ အိန် ဂျယ်(လ်)လေးကို သူ့သွေးသားရင်းလိုကို ချစ်တဲ့ပုံမျိုးနဲ့ တစ်ခါတလေ ကောင် အဲဒီအိန်ဂျယ်(လ်)လေး ဖြစ်ချင်စိတ်ပေါက်မိတယ်"

"အေးလေ.. ဘာပဲဖြစ်ဖြစ် ဒဲ့တော့သွားမမေးနဲ့ဦး၊ မသိသလို နေသာ ဆက်နေပြီး ဥစ္စာစောင့် တစ်ယောက်အဖြစ်နဲ့ပဲ ဆက်ဆံနေဦး၊ .. နောက်ပြီး မင်းဆီမှာ ငွေထုပ်ရောရှိသေးလား "

"ရှိတယ်.. ဟိုကောင် အခြောက်ရန်ကြောက်လို့ မထင်တဲ့နေ ရာ ဝှက်ထားတယ်"

"မင်း.. လုံးဝမသုံးမိစေနဲ့နော်၊ ဒီငွေက ဥပဒေနဲ့လွတ်လား တ်လား မသိသေးဘူး"

"အေးပါ.. ဒီငွေတင် မဟုတ်ဘူး အိန်ဂျယ်လ်လေးနဲ့ပါလာတဲ့ ညပတ်ရော၊ ဘုရားမှာကောက်ရတဲ့ လက်စွပ်ရော၊ ဒါတွေအား



www.burmeseclassic.com

www.burmeseclassic.com



လုံးဟာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး၊ အားလုံး တမင်ဖန်တီးထား တာများလား၊ အဲဒါကြောင့်. . ငါ ဘာတစ်ခုမှကို မထိဘူး"

"ကောင်းတယ် မင်းရဲ့ရိုးသားမှုကို မင်းအတတ်နိုင်ဆုံးထိန်း ထား၊ ဘယ်လိုအကျိုးဆက်တွေ ဆက်ဖြစ်လာမှန်း မသိသေးတော့ မင်း ဘက်က ဘာအမှားမှမလုပ်မိစေနဲ့"

"အေးပါကွာ. . ငါတော့ ခုတလော ဘာတွေဖြစ်နေလဲဆိုတာ စဉ်းစားလို့ကို မရတော့ဘူး"

"သိပ်လဲစိတ်ရှုပ်မနေနဲ့ တစ်ခါတလေ သိပ်ခက်တဲ့ပုစ္ဆာတစ်ပုဒ် က ထင်ထားသလို မခက်ပဲနဲ့ လွယ်လွယ်ဖြေရှင်းလို့ ရသွားတတ်တယ် ကွ"

"အဟား. . ဟား. . ဟား. . ငါလည်း မင်းဥစ္စာစောင့်မလေး ကို တစ်ခါလောက်တော့ လာတွေ့ပါဦးမယ်၊ ငါပါ မျက်စိကျသွားရင် ဘယ်လိုလုပ်မလဲ. . "

သူ့စကားကိုသူ သဘောကျကာရယ်ရင်း ကံနက် ချမ်းသာကို နောက်လိုက်သေးသည်။

"လာပဲ ကြည့်လို့ရမယ် ဟေ့ကောင်. . ကိုင်လို့တော့ မရဘူး စိတ်နဲ့လည်း ပစ်မှားလို့မရဘူး"

ထိုသို့ပြောပြီး ချမ်းသာရယ်တော့ ကံနက်ပါ လိုက်ရယ်လိုက် သည်။

ကံနက် ဘာကြောင့်ရယ်သည် ဆိုတာကိုတော့. . ချမ်းသာ အဓိပ္ပါယ်ဖော်နိုင်လောက်အောင် အကင်းမပါး။







## (၂၆)

အဖေနှင့်အမေ ရိပ်သာမှပြန်ထွက်လာကြပြီမို့ ကံနက်ကား ရိပ်သာမှ ကြိုလာခဲ့သည်။

တရားရိပ်သာဝင်နေတုန်း ပြောင်းလဲသွားသော သားဖြစ်သူ၏ အထားကိုကြည့်ပြီး အဖေရော အမေရော အံ့ဩဝမ်းသာနေကြ

"ကဲ. . အမေကြီးရေ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ မင်းယုံပြီ မဟုတ်လား၊ တို့သားလေးက တို့ကို တစ်ခါမှ စိတ်ဆင်းရဲအောင် မလုပ်ဖူးတော့ သူ့ရဲ့တိုးတက်လမ်းဟာ လှေကားထစ်တွေတက်နေသလို. . တဖြည်းဖြည်း မြင့်တက်လာပြီ မဟုတ်လား”

“ဟုတ်တယ်သား လောကမှာ ဆင်းရဲတာ ချမ်းသာတာဟာ အမြဲမရှိဘူး သားရဲ့၊ ငါ့သား အရင်က ဆင်းရဲပေမယ့် တစ်ချိန်မှာ ချမ်းသာလာနိုင်တာပဲလေ၊ တစ်ချိန်က ချမ်းသာတဲ့သူဟာလဲ. . . အကြောင်းကြောင့် ဆင်းရဲသွားနိုင်တာပဲ၊ လောကမှာ သေခြင်းတရားက လွဲပြီး ဘယ်အရာမှ အမြဲမရှိဘူးသားရဲ့”

တရားစခန်းက ပြန်လာပြီး တရားစကားတွေပြောနေ၍ ချမ်းသာစိတ်ထဲမှာ အဖေနှင့်အမေကို ပို၍ လေးစားကြည်ညိုစိတ် ဖြစ်မိ၏။

အိမ်ရှေ့ကို ကားထိုးရပ်ပြီး အိမ်ပေါ်သို့ တက်ခဲ့ကြသည်။ မေမင်းကို အိမ်ပေါ်မှ အိန်ဂျယ်(လ်)နှင့်အတူ တွေ့လိုက်၍ အဖေရော အမေရော ချမ်းသာကို ပြုံးစိစိဖြင့် လှမ်းကြည့်ပြီး. . .

“သား. . မင်း မိန်းမပါ ရသွားပြီလား”

“အား. . မဟုတ်ပါဘူး အမေရဲ၊ အဲ. . . ဒါပေမဲ့ ရဖို့တော့ သိပ်မလိုတော့ဘူး ”

ရှိုးတိုးရှန့်တန့် မဝံ့မရဲဖြစ်နေသော မေမင်းလက်ကို ဆွဲကိုင်ပြီး

“ဒါ ငါ့အဖေနဲ့ အမေလေ”

“သမီးတော်က စောကြည်ဖြူပါ”

စကားပြောပုံက နန်းဆန်ပြီး ချစ်စရာကောင်းသော မေမင်း၏ ဒေါ်ငွေကြွယ် နှစ်လိုသောအပြုံးဖြင့် ကြည့်လိုက်ပြီး. . .

“သမီးလေးက ချစ်စရာလေး၊ နတ်သမီးလေး ကျနေတာပဲ”

အေးချမ်းသော ဒေါ်ငွေကြွယ်ကို မေမင်း စိတ်ထဲတွင် တစ်နေရာမှာ မြင်ဖူးသလိုလို ဇဝေဇဝါ ဖြစ်နေ၏။





“အမေ. . သူ ဘယ်ကလည်းဆိုတာကို သားပြောပြမယ်. . ဘယ်တော့ သူက လူမဟုတ်ဘူး အမေရဲ့”

လူမဟုတ်ဘူးဆို၍ ဒေါ်ငွေကြွယ်ရော ဦးရွှေတိုးရော ထိတ်ခနဲ ဖြစ်သွားကြသည်။

“အလိုလေး. . လူ. . လူ မဟုတ်ဘူးဆိုတော့. . ဘာလဲ”

“သူက ဘုရားလေးသိုက်ကလာတဲ့ ဥစ္စာစောင့်မလေးပါ”

“ဘုရား. . ဘုရား. . အိုး. . ဒါကြောင့် လှချက်က ကမ်းကုန်နေတာကိုး၊ ဘာများအလိုရှိလို့ အဒေါ်တို့သားဆီ ရောက်လာရတာလဲကွယ် ”

မေမင်း ရယ်ချင်စိတ်ကို မနည်းထိန်းကာ သဏ္ဌာန်လုပ်သရုပ်ဆောင်ရန် လက်အုပ်ကို တရိုတသေ ချီလိုက်၏။

“ဒီလိုပါ အကြီးတော်၊ ဟော့ဒီက ကိုချမ်းသာကလေ ဆင်းရဲခဲ့လို့ဆိုပြီး အမြဲစိတ်နှလုံး မသာမယာ ဖြစ်နေရတယ်ဆိုတာ အကြီးတော်တို့လည်း အသိပဲ။

သူဟာ ညနေတိုင်း ဘုရားလေးမှာ ချမ်းသာဖို့အရေး အမြဲဆုတောင်းနေလေတော့ တူမတော်လည်း သူ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တာပေါ့၊ ကြာလာတော့ ဟော့ဒီရင်အစုံက ကိုချမ်းသာကို ချစ်မိသွားတာကြောင့် အဘဆီခွင့်ပန်ပြီး ရောက်လာတာပေါ့။ ခုတော့ အစ်ကိုတော်က စိတ်ပြောင်းသွားပြီလေ”

“ဟင်. . ဘယ်လို စိတ်ပြောင်းသွားတာလဲ”

ဒေါ်ငွေကြွယ် မေး၏။

“တူမတော်မှာ ပိုင်ဆိုင်သမျှ ရွှေငွေကျောက်သံပတ္တမြားတွေကို သူက မပိုင်ဆိုင်လိုတော့ပါဘူးတဲ့၊ သူပိုင်ဆိုင်လိုတာ တူမတော်ကိုပဲဆိုတော့ တူမတော်လည်း အဘနတ်နန်းပြန်ဖို့ အမိန့်ကျခင်း. . သူ



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာကို နုတ်ပြီးပြန်ရတော့မှာ၊ သူက လိုက်ခဲ့ပါရစေလို့ ခွင့်ပန်နေ
တယ်လေ”

ဒေါ်ငွေကြွယ် ထိပ်ထိပ်ပျာပျာ ဖြစ်သွား၏။

သားအတွက် ပူပန်စိတ်တွေ. . အထွတ်အထိပ် ရောက်သွား
သည်။

“အမလေး. . ဘုရား. . ဘုရား. . သား မင်းမိုက်လှချည်လား
ရခဲလှတဲ့ လူ့ဘဝကို ခုလိုလွယ်လွယ်နဲ့ အဆုံးသတ်ဖို့ ကြိုးစားရသလား
အဖေကြီး ရှင့်သားကိုပြောပါဦး ဒီအတိုင်း ငြိမ်ပြီး ကြည့်နေတော့မှာ
လား”

“ငါကဘာပြောရမှာလဲ ဉစ္စာစောင့်မလေးကိုချစ်လို့ လိုက်သွား
တာ လိုက်သွားပါစေပေါ့။ ဒီကောင်က ချမ်းသာချင်နေတဲ့ ကောင်ပဲလေ
ဒီဘဝမှာ မချမ်းသာပေမယ့် နောင်ဘဝ ချမ်းသာလိမ့်မယ်”

ဒီလောက် အသိဉာဏ် နုံနည်းရမလားဆိုပြီး သားဖြစ်သူကို
ရွဲ့ပြောခြင်းဖြစ်သည်။

“အို. . . တော် ဘာတွေပြောနေတာလဲ၊ သား. . . သားရယ်
မကြံကောင်း မစည်ရာတွေကို မကြံစည်ပါနဲ့၊ အမေတို့ကို ထားမသွား
ပါနဲ့၊ ဒီ. . ဒီက. . ဉစ္စာ. . အဲ. . တူမတော်လေးကိုလည်း အဒေါ်
တောင်းဆိုပါတယ်၊ ဘဝချင်းမတူပါဘူးကွယ် ကိုယ့်လမ်းကိုယ်သွားပါ
အဒေါ့်သားလေးကလေ ငယ်ငယ်ကတည်းက ဆင်းရဲလွန်းလို့ ခုချိန်ထိ
ရှင်တောင် မပြုရသေးပါဘူး”

ချမ်းသာ ရှက်သွားသဖြင့် ဝင်ဟန့်၏။

“အ. . အမေ ဘာတွေလျှောက်ပြောနေတာတုန်း”

သားဖြစ်ဖြင့် တောင်းပန်တိုးလျှိုးနေသော ဒေါ်ငွေကြွယ်ကို
ကြည့်ပြီး မေမင်းသနားလိုက်တာမှ ပြောဖွယ်ရာမရှိ တစ်ဆက်တည်း





င် ဒေါ်ငွေကြွယ်ကို ဘယ်မှာမြင်ဖူးခဲ့သည် ဆိုတာကိုပါ မှတ်မိသွား
သည်။

လောကကြီးက တကယ့်ကို ကျဉ်းကျဉ်းလေးပဲ။



www.burmeseclassic.com

www.burmeseclassic.com





(၂၅)

"ဟုတ်လို့လား မေမင်းရယ် နင့်စိတ်ထဲ ထင်တာနေမှာပါ ကရိန်းယူး(စ်)အမေက ဒီလောက်ဆင်းရဲတဲ့ ဒေါ်ငွေကြွယ်ကြီးနဲ့ ဘယ်လိုလုပ် ပတ်သက်မှုရှိမှာလဲဟာ"

သက်ငြိမ် ခပ်ပေါ့ပေါ့ပင် ကန့်ကွက်လိုက်သည်။

"ဒါပေမယ့် ရိပ်သာကပြန်လာတဲ့ ကိုချမ်းသာအမေက ကရိန်းယူး(စ်)ပြတဲ့ ဓါတ်ပုံထဲကအမျိုးသမီးနဲ့ တူတယ် နှုတ်ခမ်းစပ်မှာ မှဲ့ရှိတာကအစ တူတယ်ဟာ"





"ဟင်. . ဟုတ်လား၊ ဒါဆိုရင်တော့ အံ့ဩစရာပဲ ဘယ်လို ပတ်သက်မှုတွေရှိကြလို့လဲ မသိဘူးနော်၊ ငါတောင် စိတ်ဝင်စားလာပြီ"

"ငါတို့ ဘယ်လိုလုပ်ကြမလဲ သက်ငြိမ်၊ သူ့ကို ကတိတောင်း. .းသလို ငါတို့ဘက်ကလည်း ဓါတ်ပုံထဲက မိန်းမကြီးကိုတွေ့ရင် အကြောင်းကြားပေးဖို့ ပြောထားပြီးသားလေ. . ."

မေမင်း အမေးကြောင့် ခုတင်ထက်တွင် ပက်လက်အိပ်နေသော သက်ငြိမ် မျက်နှာကြက်အမိုးကို မော့ကြည့်ပြီး ဂုဏ်ခနဲ သက်ပြင်းမော ချလိုက်သည်။

"ဒီကိစ္စက နင်နဲ့ပါ နွယ်လာနိုင်တယ်နော်"

"ဟမ်. . ဘယ်လို ငါနဲ့ပါနွယ်လာမယ် ဟုတ်လား"

"အေးလေ ကရိန်းယူး(စ်) ရှာနေတဲ့သူက ချမ်းသာရဲ့ အမေ. .နေတယ်လေ၊ မတော်လို့ အန်တီမေတို့ပါ လိုက်လာရင်. . နင့်ကို. .သွားနိုင်တယ်၊ အဲဒီကျရင် ပြဿနာက ပိုရှုပ်သွားမှာ"

"အင်း. . ဒါလဲဟုတ်တာပဲ၊ ဒါပေမဲ့ သူ့ခမျာ ဒီမိန်းမကြီးကို . .ဖို့အတွက် မြန်မာပြည်ကို တကူးတက လာရတာလေ၊ ငါတို့က သိသိ. .နဲ့ မပြောရင် လူမပီသရာကျမှာပေါ့"

မေမင်း ပြောတာလည်း မှန်နေသဖြင့် သက်ငြိမ် စိတ်ရှုပ်စွာ . .ဒုတိယအကြိမ်မြောက် သက်မမောတစ်ချက်ချကာ ထထိုင်လိုက်သည်။ ဒီကိစ္စ အန်တီမေ တို့သာသိရင် မေမင်းတင်မဟုတ် သက်ငြိမ်ပါ . .အကျယ် ပြဿနာတက်တော့မှာ. . .။

"ဒါဆို ဒီလိုလုပ်ဟာ ငါ ကရိန်းယူး(စ်)ကို သတင်းပို့လိုက်မယ်၊ . . အဲဒီအချိန်မှာ ရှောင်နေလိုက်. . . ဘယ်နှယ့်လဲ"

"ရတယ်. . ငါက အဲဒီမှာ အချိန်ပြည့် ရှိနေတာမှ မဟုတ်တာ၊ . .ကြီးတွေ အဘိုးကြီးတွေ ရောက်လာတော့ ပိုဆိုးတယ်၊ အဟင်း



www.burmeseclassic.com

www.burmeseclassic.com



ခစ်. . ခစ်. . ခစ်. . ငါ့ကို တကယ့်ဥစ္စာစောင့်ထင်ပြီး. . အဘွားကြီး တော်တော်ကျွတ်နေတာ သနားပါတယ်"

"ဒါဆိုလည်း ကျွန်မ ဥစ္စာစောင့်မဟုတ်ပါဘူးလို့ ဖွင့်ပြောလိုက် ပေါ့ဟာ"

"အချိန်မှ မကျသေးတာ၊ အဟင်း ဒါတောင် ငါက ဥစ္စာစောင့် အဝတ်အစားနဲ့ မဟုတ်ဘူး ရိုးရိုးဗမာအင်္ကျီလေးနဲ့မို့. . ."

"အမယ်. . ဥစ္စာစောင့်တွေ ဘယ်လိုအဝတ်အစား ဝတ်တယ် ဆိုတာရော နင်မြင်ဖူးလို့လား၊ အလကား အရူးမလေး. . စိတ်ထင်တိုင်း လျှောက်လုပ်နေတယ်၊ ဟိုက အပေါကလည်း တကယ်ယုံတယ်၊ အဲဒါ ပေါ့ ဘုန်းကြီးရူးနဲ့ လှေလူးဆိုတာ. ."

"ဟယ်. . သက်ငြိမ် နင်နော် ငါ့ကို အရူးလို့မပြောနဲ့"

"မဟုတ်လို့လား. . နင်က ပထမတုန်းက ကြောင်ရူး၊ နောက် တော့ အချစ်ရူးဖြစ်သွားပြီလေ"

သက်ငြိမ် စကားကြောင့် မျက်စောင်း ခပ်စွေစွေ ထိုးလိုက်ကာ

"ရင်ထဲက အချစ်စစ်စစ်ကို ရှာတွေ့သွားလို့ ရူးရတာ တန်တယ် ဟေ့. . . သိလား"

မေမင်း ထိုသို့ ရွှဲ့ပြောလိုက်သည်။

"အေးပါ ရူးပါ၊ တန်တယ် ဆိုရင်လည်း အဆုံးထိသာ ဆက်ရူး ပါ ဥစ္စာစောင့်မရဲ့. . . ဟိုက နင့်လိပ်ပြာကို နှုတ်သွားလိမ့်မယ်"

သူငယ်ချင်းနှစ်ယောက် အခန်းထဲမှာ စိတ်လွတ်ကိုယ်လွတ် ရယ်လိုက်ကြသည်။

"ကျွှိ"

"အမေ့"

အနားသို့ ကျွှိခနဲ ထိုးရပ်လိုက်သော ဘရိတ်အုပ်သံကြောင့်





တိုတယ်ရှေ့တွင် သက်ငြိမ်နှင့်ဖုန်းပြောနေသော မေမင်း လန့်ပြီးအော် လိုက်သည်။

ကားပေါ်မှ ဆင်းလာသော ချမ်းသာကိုမြင်တော့. . .

"ဟင်. . အစ်ကို"

ယောင်ယမ်းပြီး ခေါ်လိုက်သံ ခပ်တိုးတိုးကို ချမ်းသာ ကြားမ ကြားမသိ မေမင်းနားသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာ၏။

"ဥစ္စာစောင့်မကလည်း လမ်းဘေးမှာ ဖုန်းရပ်ပြောနေတာပဲ လား"

ထိုသို့ ခပ်ရွှတ်ရွှတ်ပြောလိုက်သည့် ချမ်းသာစကားကြောင့် မေမင်း လုံးဝမမြင်ဖူးသော လူတစ်ယောက်လို ကြည့်လိုက်၏။

"ရှင် လူမှားနေပြီနော် လူကို ဥစ္စာစောင့်လို့မပြောနဲ့"

"ဒီမှာ စောကြည်ဖြူ. . မင်းငါ့ကို ဆက်လိမ့်ဖို့ မကြိုးစားနဲ့တော့ မင်းဥစ္စာစောင့် မဟုတ်ဘူးဆိုတာ ငါသိပြီးသွား"

ကွက်ခနဲပျက်သွားသော မျက်နှာကို ဟန်မပျက်ထိန်းရင်း. .

"ဒီမှာ. . ရှင် လူကိုလာပြီး အကြောင်းမရှိက်နဲ့နော်၊ ကျွန်မ နာမည်က မေမင်း. . ရှင်ပြောတဲ့ စောကြည်ဖြူ မဟုတ်ဘူး"

"သိတယ် ဒါလဲ ငါသိပြီးသား၊ ကဲ. . လာပါ လမ်းမကြီးပေါ်မှာ ရှင်းရတာ မကောင်းဘူး၊ လာ. . အိမ်လိုက်ခဲ့"

မေမင်းလက်ကို အတင်းဆွဲခေါ်ပြီး ကားပေါ်ဇွတ်အတင်းတွန်း သည့်လိုက်သည်။ ပြီးနောက် ကားကို ခပ်ကြမ်းကြမ်းမောင်းထွက်ခဲ့လိုက် ၏။

"အို. . ရှင် လူကို ပြန်ပေးဆွဲ လာတာလား ကျွန်မ အော်လိုက် မှာနော်"

"အော်လေ. . . အော်ပေါ့. . ငါလိုကောင်က ချစ်သူအတွက်



www.burmeseclassic.com

www.burmeseclassic.com



တောင် အသက်စွန့်ပြီးသားမို့ မင်းအော်လို့ ထောင်ထဲရောက်လဲ ကျေ ကျေနပ်နပ်ကြီးကိုဝင်မှာ. . အော်လိုက်. . ခုအော်လိုက်"

ကားမောင်းနေရင်းမှ ချမ်းသာ၏ အသံက ဒေါသသံစွက်နေ၏။

"ရှင်အခု ဘယ်ကိုမောင်းနေတာလဲ"

"ငါ့အိမ်ကိုလေ"

မေမင်း စိတ်ရှုပ်သွားရုံမှလွဲ၍ ဘာမှမတတ်နိုင်တော့ ချမ်းသာကိုသာ မျက်စောင်းလှမ်းထိုးပြီး ခပ်ငြိမ်ငြိမ် လိုက်လာလိုက်သည်။









## (၂၈)

"အမလေး. . ဒိုးဒိုးပြောတာယုံစမ်းပါ အန်တီရယ်၊ အဲဒီ ညှာစောင့်မကို ဒီအိမ်ကသာ နှင်မထုတ်ရင်လေ ချမ်းသာဘဝတော့ သွားရဲစရာပဲ၊ အဟင့်. . ဟင့်. . ဒိုးမှာလေ ချစ်စရာဆိုလို့ ဒီသူငယ်ချင်းလေးတစ်ယောက်ပဲရှိတာ၊ ဟိုနေ့ကလည်း ဒိုးက သူ့ကို စေတနာနဲ့ ပြောတာကို သူ့ဟာကြီးနဲ့ မညှာမတာ ထိုးသွားတာလေ. . ဒိုးမှာ ထမင်းစားဖို့ နေနေသာသာ ထတောင်မထနိုင်ဘူး"

ငိုကြီးချက်မနှင့် တိုင်တည်မြည်တမ်းနေသော ဒိုးဒိုး ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေတိုးရော ဒေါ်ငွေကြွယ်ပါ မျက်လုံးပြူးသွားကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး. . .

"ငွေကြွယ် မင့်သားတော့ လူကြားမကောင်း သူကြားမကောင်းတွေ လုပ်ခဲ့ပြီထင်တယ်. . ဟိုခမျာ ထတောင်မထနိုင်ဘူးတဲ့"

"ဟုတ်တယ် သူများလေ ထတောင်မထနိုင်ဘူး"

ဦးရွှေတိုးစကားကို ဒိုးဒိုး ငိုသံပါကြီးနှင့် ထပ်ပြီးထောက်ခံသည်။

"တော်ကလည်းတော်. . ကျုပ်သား နုနုထွတ်ထွတ် ချောချောဖြောင့်ဖြောင့်လေးက ယောကျ်ားချင်း မတော်တရော် လုပ်ပါ့မလား"

"အို. . လုပ်ခဲ့လို့ ခုထိနာတာ မပျောက်သေးတာပေါ့လို့"

"အေးပါ. . အေးပါကွယ် အန်တီတောင်းပန်ပါတယ်"

"အို. . တောင်းပန်လို့မရဘူး၊ သူ့ကို တာဝန်ယူခိုင်းရမယ်"

"ဟမ်. . ဘယ်လိုတာဝန်ယူခိုင်းရမှာလဲ ဒိုးဒိုးရယ်"

ဒေါ်ငွေကြွယ် အလန့်တကြား မေးလိုက်သည်။

"အို. . ဒိုးဒိုး ဘယ်လိုဆန္ဒရှိတယ်ဆိုတာ သူသိပြီးသားပဲ"

ထိုစဉ် အိမ်ရှေ့သို့ ချမ်းသာ၏ကား ဝူးခနဲ ထိုးရပ်လာသဖြင့် အားလုံးအကြည့်တွေ လမ်းမပေါ်သို့ စုပြုံရောက်သွားသည်။

"ဟင်. . ဥစ္စာ. . ဥစ္စာစောင့်မပါ ပါလာတယ်၊ ဒီ. . ဒီတစ်ခါတော့ နင်မြင်ရပြီလား ချမ်းသာ၊ နေ့ခင်းကြောင်တောင်ကြီး ဥစ္စာစောင့်မလက်ကို ဆွဲလာတယ်၊ အန်တီ တွေ့လား မြင်ရပြီလား၊ အဲဒါ ချမ်းသာကိုသေအောင်လုပ်မယ့် ဥစ္စာစောင့်မ"

ချမ်းသာနှင့်မေမင်း အတူတွဲပြီး အိမ်ပေါ်တက်လာတာမြင်တော့ ဒိုးဒိုး အူနူကျွဲခတ်ဆိုသလို ဆွေ့ဆွေ့ခုန်နေ၏။

"နင် ဘာလာရှုပ်ပြန်ပြီလဲ ဒိုးဒိုး"

"အို. . လာရှုပ်တာမဟုတ်ဘူး၊ နင်လိပ်ပြာ အနုတ်ခံရမှာစိုးလို့





အန်တီတို့ကို လာအသိပေးတာ၊ သိုက်ဆရာကိုခေါ်ပြီး ဒီဥစ္စာစောင့်မတို ...င်ရမယ်"

"ဟာ. . အရေးထဲ နင်ကတစ်မျောင့်၊ ဥစ္စာစောင့်မကို မနှင်ခင် ...ကျ်ချင်း နင်အရင်ထွက်သွားလိုက်နော် ငါ့လက်သီးက နင့်ကို ထိုးရတဲ့ ...ရသာကို သိသွားပြီ"

"ဟဲ့သား နေပါဦး၊ ဘာတွေဒီလောက် ဒေါသဖြစ်လာတာလဲ ...ရော ဘယ်လိုပါလာတာလဲ"

"သူက ဥစ္စာစောင့်မ မဟုတ်ဘူးလေ"

"ဟင်. . ဟုတ်လား၊ အမလေး. . ဒါဆို အမေ့သားလေးကို ...ပြာမနုတ်တော့ဘူးပေါ့"

"ဒါဆိုရင် ဒီကလေးမက လူလား. . သား"

"ဟုတ်တယ် အဖေ"

ဒိုးဒိုးမျက်လုံးလေး ပေကလတ် ပေကလတ်နှင့် မျှော်လင့်ချက် ... ဆိတ်သုဉ်းနေ၏။ ဥစ္စာစောင့်မဆိုလျှင် ချမ်းသာကို မျှော်လင့်လို့ ...းသည်။ လူဆိုလျှင်တော့ ဒီရင်မှာဟတ်တက်ကို ကွဲရပြီမို့ မျက်နှာ ...ာ ဒူးရင်းသီးနှင့် လွှဲအရိုက်ခံရသလို နာကျင်မှုတွေနှင့် ဖရိုဖရဲ ...နေ၏။

"ဒါဆို. . ဒီ. . ဒီငွေထုပ်တွေက"

ထစ်အနေသော ဒိုးဒိုးအမေးကို ချမ်းသာ ဘုကြည့်ပြန်ကြည့် .... . .

"အဲဒါ နုတ်တွေပေးတာလို့ ပြောဦးမလို့လား ဒိုးဒိုး၊ ဒီဇာတ် ...ာ ဘယ်သူ့ပယောဂမှ မပါဘူး. . နင်ဝင်မရှုပ်နဲ့"

ဒိုးဒိုး အူခနဲနေကာ သူ့ပါးစပ်ကို ပိတ်လိုက်၏။ ချမ်းသာ အိမ် ...င်တာ ငွေထုပ်နှင့် လက်ထဲမှာဆုပ်ကိုင်လာသော လက်ဝွင်း အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဂျယ်(လ်)လည်ပတ်ကို မေမင်းလက်ထဲ ထည့်ပေးလိုက်သည်။

"ရော့. . ငါမင်းကိုချစ်တာ ဟောဒီငွေတွေ ရွှေတွေကြော မဟုတ်ဘူး၊ ဒါတွေ ဘာတစ်ခုမှ မရှိလဲ မင်းကိုချစ်တယ်၊ အဲဒါ ငါ့ရင်ထဲ က စစ်မှန်တဲ့အချစ်ပဲ၊ ဒါပေမဲ့ မင်းငါ့ကို ချစ်တယ်ဆိုတာကိုတော့ ငါ မယုံရဲတော့ဘူး"

ငွေထုပ်နှင့် လက်ထဲမှာကိုင်ထားသော ရွှေကိုကြည့်ပြီး မေမင်း ဘာပြောရမှန်းမသိ။

"မင်း ဘာရည်ရွယ်ချက်နဲ့ ငါ့ကို ခုလိုလာလုပ်တာလဲ"

မေမင်း မျက်ရည်ဝဲစ ပြုလာသည်။ ရင်ထဲမှာ တလှိုက်လှိုက်နှင့် ဘယ်လိုစပြီး ဖြေရှင်းရမှန်း မသိတော့။

"ဒီကိစ္စကို ငါအကုန်သိတယ် ချမ်းသာ"

"ဟင်. . ကံနက်"

"သက်ငြိမ်. . နင်. . နင်ဘာလို့ လိုက်လာတာလဲ"

"ငါတို့တင် မဟုတ်ဘူး မေမင်း. . ဟိုမှာကြည့်လိုက်"

အိမ်ပေါက်ဝတွင်ရပ်နေသော သက်ငြိမ်မှာ ခြံဝကို မေးဆတ် ပြသည်။ ဒေါသကြောင့် အိမ်ရှေ့မှာ ကားထိုးရပ်သံတွေကိုပင် မကြား ရလောက်အောင် ထူပူနေကြသည်။

"ဟင် ဒယ်ဒီနဲ့ မာမီ့ကို နင်ပြောလိုက်တာလား သက်ငြိမ်"

"ဟင့်အင်း. . ငါမပြောဘူး နင်ဒီမှာရှိနေတယ်ဆိုတာ အန်တီ မေတို့ သိသွားတာ"

ဒေါ်ခင်ခင်ခန့်နှင့် ဦးသက်လွင် အိမ်ပေါ်တက်လာပြီး အ နောက်မှ ကရိန်းယူး(စ်)လည်းပါလာသည်။

"သမီး. . မိုက်လိုက်တာကွယ်၊ နိုင်ငံခြားမှာ ကျောင်းသွား တက်ချင်တာနဲ့ ခုလို မဟုတ်တရုတ်တွေ လုပ်ရသလား"





"ဒီအိမ်ကမိသားစုနဲ့ သမီးနဲ့ ဘာပတ်သက်လဲ"

ဒယ်ဒီ့အမေးကြောင့် ချမ်းသာကို တစ်ချက်ဝေ့ကြည့်လိုက် ပြီး. .

"အဲ. . အဲဒါ. . မေမင်း ချစ်သူပါ ဒယ်ဒီ"

"ဘုရားရေ"

ဒေါ်ခင်ခင်ခန့် တုန်လှုပ်သွားသည်။

"ဟုတ်တယ်မာမီ မေမင်းမှာအပြစ်ရှိပါတယ်၊ ဒါပေမယ့်. . . မေမင်း အိန်ဂျယ်(လ်)လေးကိုလည်း မစွန့်လွှတ်နိုင်သလို သူ့ကိုလည်း ခွဲနိုင်ဘူး၊ ဒါကြောင့် မေမင်းတို့ချစ်ခြင်းကို မခွဲပါနဲ့နော်. . ."

မေမင်း မျက်ရည်လည်ရွဲ တောင်းပန်၏။ ဒေါ်ခင်ခင်ခန့် သမီး အပြစ်ကို ခွင့်လွှတ်နိုင်ပေမယ့် ချမ်းသာကိုတော့ မနှစ်မြို့နိုင်၊ ဒီလောက် ဆင်းရဲနွံချာတဲ့ အိမ်ဖော်မျိုးရိုးမိသားစုက ပေါက်ဖွားလာတဲ့လူကိုမှ. . ချစ်သူအဖြစ် ရွေးချယ်သော သမီး၏စိတ်ကိုလည်း ဘယ်လိုမှ နားမ လည်နိုင်. . .။

"သမီးကို မာမီတို့က ကရိန်းယူး(စ်)နဲ့ လက်ထပ်ပေးဖို့ စီစဉ်ပြီး သားလေ မိဘကို အရှက်ရအောင် မလုပ်ပါနဲ့ကွယ် မာမီတို့နဲ့ ပြန်လိုက် ခဲ့ပါ"

ဒေါ်ခင်ခင်ခန့် အတင်းဆွဲခေါ်၏။ ဒိုးဒိုး ဦးရွှေတိုး အကွယ်မှာ ရပ်ပြီး ဝမ်းသာ၍ လက်ခုပ်တီးနေ၏။

"ခေါ်သွားပါ. . မြန်မြန်လေး"

အခြေအနေတွေ ရှုန်းရင်းဆန်ခတ်မဖြစ်ခင် သူ့ကိစ္စကို အပြီး ရှင်းရမည့် ကရိန်းယူး(စ်)မှာ ဝင်မပါ၍မဖြစ်တော့။

"ဟိုင်း. . အန်တီ၊ ဒီကိစ္စက ခုလို အဓမ္မဖြေရှင်းလို့ မရနိုင်ပါ ဘူး ဒါကြောင့် မေမင်းကို သဘောပေါက်နားလည်အောင် ပြောပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဘာဆက်လုပ်သင့်တယ်ဆိုတာကို သူကိုယ်တိုင် ဆုံးဖြတ်ပါစေ"

"အမေကြီး ကရိန်းယူး(စ်)ကိစ္စကို အရင်ဆုံး ဖြေရှင်းပါစေဦး

သမီးကိစ္စက အိမ်ရောက်မှ ရှင်းလဲဖြစ်ပါတယ်၊ ကဲ. . မောင်ကရိန်း

ဒီအမျိုးသမီးကြီးက မင်းမာမီရှာနေတဲ့သူ ဟုတ်မဟုတ်မေးကြည့်ပါဦး"

ကရိန်းယူး(စ်)ဓါတ်ပုံကို ထုတ်ပြီး ဒေါ်ငွေကြွယ်ကို လှမ်းပေး၏

ဒေါ်ငွေကြွယ် ဘာကြောင့်ဆိုတာ နားမလည်နိုင်ပဲ ဓါတ်ပုံကို လှမ်းယူ

ကြည့်လိုက်သည်။

"ဟင်. . မမကြီး. . မမကြီး မြနှင်းဆီ"

ဒေါ်ငွေကြွယ်ထံမှ ထိုသို့တအံ့တသြ ခေါ်သံထွက်လာသော

ကြောင့် ကရိန်းယူး(စ်)မျက်နှာမှာ ဝမ်းသာရိပ်တွေ ထင်းကာ. . .

"အိုး. . ရက်(စ်)သေချာပြီ၊ မာမီရှာချင်တာ ဒီကအဒေါ်ကြီး"

ထိုသို့ဝမ်းသာအားရ ပြောနေသော ကရိန်းယူး(စ်)ကို ဒေါ်ငွေ

ကြွယ် မော့ကြည့်လိုက်ပြီး. . .

"ဒီက နိုင်ငံခြားသားနဲ့ မမကြီးမြနှင်းဆီက ဘာပတ်သက်လို့

လို့လဲ"

"အဲဒါ ကျွန်တော့် မာမီပါ"

"ဟင်. . ဟုတ်လား"

"မာမီပြောတာတော့ ဒီကအဒေါ်ကြီးမှာ သားတစ်ယောက်

လိမ့်မယ်တဲ့"

ဒေါ်ငွေကြွယ်နှင့် ကရိန်းယူး(စ်)မှလွဲ၍ အားလုံး၏ မျက်နှာ

ပေါ်မှာ ဘာများလဲဟူသော သိချင်စိတ်တွေ လွှမ်းမိုးကာ အသက်ပင်

ကောင်းကောင်း မရှူရဲကြတော့။ ဒေါ်ငွေကြွယ် မျက်နှာပျက်နေ၏

"အို. . ဒါတွေက ပြီးခဲ့ပြီပဲ၊ အားလုံးက သူ့နေရာနဲ့ သူ့ဘဝ

နေသားကျနေကြပြီပဲ"





ဒေါ်ငွေကြွယ်လေသံမှာ မနှစ်မြို့သော လေသံပေါက်နေ၏၊

"အခု မာမီရဲ့ ကျန်းမာရေးအခြေအနေက အရမ်းကို စိုးရိမ်နေ

ရတဲ့အဆင့် ရောက်နေပါပြီ"

"ဟင်"

ဒီလိုဆိုတော့ ဒေါ်ငွေကြွယ်မနေသာပြန် တစ်ချိန်က ကျေးဇူး

ရှင်ဖြစ်ခဲ့ဖူးသည့် သံယောဇဉ်က ခပ်ရေးရေး ပေါ်လာပြန်ပြီမို့. . .

"ဒါကြောင့်. . . ဒေါ်ငွေကြွယ် မွေးစားထားတဲ့ မာမီရဲ့သားကို

နောက်ဆုံးတွေ့သွားချင်နေတယ်"

"ဘုရား. . ဘုရား. . ဒါ. . ဒါဆို မြန်မာပြည်ကိုလာတဲ့ ရည်

ရွယ်ချက်က ဒေါ်မြနှင်းဆီရဲ့သားကို ရှာဖို့ပေါ့. . ဟုတ်လား"

ဒေါ်ခင်ခင်ခန့် မယုံနိုင်သော တစ်ဆစ်ချိုး ပြောင်းလဲမှုကြောင့်

ဘုရားပင်တမိ၏။ ဒီထက်ပိုဆိုးသူက ချမ်းသာပင် ဖြစ်သည်။

အိပ်မက်မှ ပြန်းခနဲ လန့်နိုးလာသူလို ဝူးဝူးဝါးဝါးဖြင့်. . .

"အမေ. . ဘာတွေလဲ. . ဘာတွေဖြစ်ကုန်တာလဲ သားတော့

နားမလည်တော့ဘူး၊ သားက အမေ့သား မဟုတ်ဘူးလား"

ဒေါ်ငွေကြွယ် တရှုံ့ရှုံ့နှင့် ငိုပါတော့သည်။

"ဟုတ်ပါတယ် သားရယ်၊ တကယ်တော့ အမေဟာ သားကို

မွေးခဲ့တာ မဟုတ်ပါဘူး၊ မမမြနှင်းဆီကသာ သားရဲ့အမေပါ အမေက

မြနှင်းဆီအိမ်က အိမ်ဖော်တစ်ယောက်ပါ သားရယ်"

"ဒါဆိုရင် သူနဲ့သားနဲ့က ညီအစ်ကိုတွေပေါ့"

"ဟုတ်ပါတယ် အစ်ကို အမေတူ အဖေကွဲပါ"

ကရိန်းယူး(စ်) ချမ်းသာ၏ပခုံးကို သိုင်းဖက်ကာ ဝမ်းသာအားရ

ဖြစ်လိုက်သည်။ ထိုအခြေအနေကို အံ့သြမိသည်မှအပ လက်မခံနိုင်စရာ

အကြောင်းမှမရှိတာ။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ သားက မမမြနှင်းဆီရဲ့ ပထမအိမ်ထောင်က မွေးလိုက်တာပါကွယ်၊ မိဘတွေက သဘောမတူတော့ ဆင်းဆင်းရဲရဲနဲ့ နေရရှာတယ်၊ သားရဲ့အဖေအရင်းက သားကိုယ်ဝန်ရှိလာတဲ့အချိန်မှာ ကားတိုက်ခံရပြီး ဆုံးသွားတယ်လေ၊ ဒါနဲ့ မိဘအိမ်မှာ ပြန်နေပြီး သားကိုမွေးတယ်၊ မမမြနှင်းဆီအမေက နိုင်ငံခြားကို မိသားစုလိုက်ပြောင်းမှာဆိုတော့ ဒီကလေးကို ဝန်ထုပ်ဝန်ပိုးအဖြစ် ခေါ်မသွားနိုင်ဘူးလေ၊ ဒါကြောင့် မွေးပြီးပြီးချင်းပဲ မမမြနှင်းဆီမသိအောင် အမေ့ကိုမွေးခိုင်းပြီး တစ်နေရာကို ငွေပေးပြီးတော့ လွှတ်လိုက်တာပါ"

ဇာတ်ရည်လည်လာပြီမို့ ချမ်းသာ ကိုယ့်အဖြစ်မှန် ကိုယ်ပြန်သနားရင် ဘယ်သူက လာသနားတော့မလဲ။

"ဟုတ်ပါတယ် အစ်ကိုရယ်၊ အခု မာမီလဲ အစ်ကိုအသက်ရှင်နေသေးတယ်ဆိုတာ အဖွားဆီကသိရတော့ ကိုယ့်ကို မြန်မာပြည်လွှတ်ပြီး ရှာခိုင်းလိုက်တာ. . . ခုလိုပြန်တွေ့ရတာ ဝမ်းသာတယ်"

အပျော်စိတ်ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး လွင့်မြောက်တက်သွားသလို ခံစားလိုက်ရသည်။

ညီအစ်ကိုနှစ်ယောက် တင်းကျပ်စွာ ဖက်တွယ်လိုက်ကြသည်။

တစ်ဆက်တည်းမှာပင် ကရိန်းယူး(စ်)သည် ဒေါ်ခင်ခင်ခန့်ဘက်ကိုလှည့်ကာ. . .

"အန်တီ ကျွန်တော့်အစ်ကိုနဲ့ မေမင်းကို ကျေးဇူးပြုပြီး သဘောတူပေးပါ၊ ကျွန်တော့် မရီးတစ်ယောက်အဖြစ်နဲ့ တစ်သက်လုံး စောင့်ရှောက်သွားမှာပါ"

စောစောကတော့ သဘောမတူဘူးပြောပြီး ခုကျမှ တူပါတယ်ဟု အပြောင်းအလဲမြန်မြန်နှင့် အဖြေပေး၍ မဖြစ်ပြန်. . . ထို့ကြောင့် ဘာပြန်ပြောရမှန်းမသိအောင် နှုတ်တွေဆွံ့အနေ၏။





မေမင်း ထိုအခြေအနေကို အခွင့်ကောင်းယူကာ. . .

"မာမီ သဘောတူပါတယ်လို့ ပြောလိုက်တော့လေ၊ မေမင်းလည်း မာမီတို့တက်စေချင်တဲ့ ကျောင်းကိုသွားတက်ပါမယ်နော်. . နော်. . ဒယ်ဒီ. . မာမို့ကို ကူပြောပေးလေ ချမ်းသာက အရင်လို ဆင်းရဲတော့မှာမှ မဟုတ်တာ၊ အခု အဆင့်အတန်းမြင့်မြင့်နဲ့ နေနိုင်ပြီဆိုတော့ မာမီစိတ်တိုင်းကျတဲ့သားမက် ဖြစ်မှာပါ"

ဒေါ်ငွေကြွယ်နှင့် ဦးရွှေတိုးမှာ သားအတွက် ဝမ်းနည်းဝမ်းသာကြီးခံစားနေရ၍ ငိုရမလားရယ်ရမလားတောင် မဝေခွဲတတ်တော့ပဲ. . ပျော်ရွှင်နေသော မေမင်းကိုသာ ငေးကြည့်နေကြ၏။ သက်ပြင်းမ် မေမင်း [illegible]နေပုံကြည့်ပြီး မျက်စောင်း ခပ်လက်လက်လေး ထိုးလိုက်၏။

မေမင်းမှာ ကလေးတစ်ယောက်လို ဇွတ်အတင်း ပူဆာနေသ[illegible] ဒေါ်ခင်ခင်ခန့် သဘောတူပါတယ်ဟု ဖြေရမှာ ရှက်နေ၏။

"ကဲ. . တူလိုက်ပါ အမေကြီးရယ်၊ သမီး. . ဒယ်ဒီ သဘောတူတယ်"

"ဟေး. . ကို ကြားလား မေမင်းတို့ချစ်ခြင်းကို မခွဲတော့ဘူးတဲ့"

ခုချိန်ထိ ချမ်းသာ အင်းမလုပ် အဲမလုပ်နှင့် ငူငူကြီး ဖြစ်နေဆဲ[illegible]တ် ချမ်းသာနားကို ကပ်ကာ. . .

"ဟော့ကောင် ကောင်းတဲ့အခွင့်အရေးက မင်းဆီကို နှစ်ခါမလာဘူးနော်၊ စုပ္ပုံကျလာတဲ့ ကံကောင်းခြင်းတွေကို မိမိရရ ဆုပ်ကိုင်[illegible]၊ နောက်မှ. . ချမ်းသာချင်လှချည်ရဲ့ဆိုပြီး. . နတ်စင်တွေရှေ့ ဆု[illegible]ောင်းမနေနဲ့၊ ဒီတစ်ခါ ဥစ္စာစောင့်မလေး လာမှာမဟုတ်ဘူး၊ သရဲမပဲ[illegible]ချိုးဖို့ လာလိမ့်မယ် "

"အဟင့်. . ဟင့်. . ဟင့်. . အဲမလေး. . ခုတော့ နတ်တွေက[illegible]ာက်က လိုက်သွားပြီပေါ့၊ တော်ပြီ အချစ်ကို ဆုပ်ကိုင်တယ်. . အဲ



www.burmeseclassic.com

www.burmeseclassic.com



လေ. . စိတ်ကုန်တယ်၊ လူ့ဝတ်ကြောင်ကိုစွန့်ပြီး ဘုန်းကြီးဖြစ်ဖြစ် သီလ ရှင်ဖြစ်ဖြစ် သွားဝတ်လိုက်တော့မယ်၊ ရင်ဘတ်ကြီးက ကလိုင်ပေါက်ဖြ နေမှတော့ ဘာလုပ်စားလို့ ရတော့မလဲ”

ဒိုးဒိုး ထိုသို့ပြောပြီး အိမ်ပေါ်မှ ဆန့်ငင်ဆန့်ငင် ခြေလှမ်းတွေ ဖြင့် ဆင်းသွား၏။

ခုချိန်မှာ ချမ်းသာ အဖြစ်ချင်ဆုံး ဆန္ဒတွေက ချမ်းသာဆိ လက်ဆောင်အဖြစ် ပေးလိုက်ပြီမို့ တစ်ဆစ်ချိုး ပြောင်းလဲရတော့မည် ဘဝသစ်အတွက် ဘာကိုတွေဝေရဦးမှာလဲ အလိုက်သင့်လေး မျှော လိုက်ရုံပေါ့၊ ဒီဇာတ်လမ်းမှာ ကိုယ့်ကိုယ်ကိုယ် ဘာမှမဟုတ်ဘူး ထင် တာ. . နောက်ဆုံးတော့ ကိုယ်က မင်းသားဖြစ်နေခဲ့တာပဲ၊ ကိုယ်သိ အားကျခဲ့ရတဲ့ ကံနက်က ဇာတ်ပို့ဇာတ်ရံသက်သက်။

တကယ်တော့ လောကဓံဆိုတာ ကိုယ်ခံစားမှုဖြစ်တဲ့ လော ရဲ့ ပညက်ချက်တစ်ခုပဲ။

ရေသောက်မြစ်တွေ ပြန်စိုပြေလာတဲ့ ကိုယ့်ဘဝရဲ့ ရှင်သန်ခြ တွေပေါ်ကို အချစ်တွေ ထပ်မံသွန်းဖြိုးလိုက်လျှင်. . ကောင်းကင်ပြာ ပေါ်မှာကွေးနေတဲ့ သက်တန့်လေးတွေ ပြန်ဆန့်သွားကြမလားပဲ။ ဘ ကြောင့်လဲဆိုတော့ ကောင်မလေးရဲ့ ခပ်မို့မို့ ပါးပြင်နုနုပေါ်ကို အာဘွ ရှလူးခဲ့တဲ့ ညတွေကလည်း ခပ်လတ်လတ်ပဲ ရှိသေးတာလေ။

ရှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR



BURMESE CLASSIC .com

www.burmeseclassic.com